www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# နိဒါန်း



www.burmeseclassic.com

www.burmeseclassic.com



ဇွန်လ၏ ဒုတိယပတ်သည် ပတ်ဝန်းကျင်တစ်ခုလုံး မိုးသားမိုးရိပ်တို့ဖြင့် လွှမ်းမိုးနေ၏။ မကြာခင် မိုး သဲသဲမဲမဲရွာချ တော့မည့်ဟန်။ ထိုစဉ် လေပြင်းတစ်ချက်ဝှေ့တိုက်လာတာကြောင့် ချမ်းစိမ့်စိမ့်ဖြစ်သွား၏။

"ဟင် . . ဒီလိုလေကြမ်းတိုက်ပုံနဲ့ဆို . . ခရေပန်းတွေ တအားကြွေကျတော့မှာပဲ"

သူမက မီးဖိုထဲရောက်နေသော အမေ့ကို တစ်ချက်ကြည့် လိုက်သည်။ အမေသည် ပစ္စည်းတွေကို စံနစ်တကျ ထိန်းသိမ်း ထုပ်ပိုးနေ၏။ သူမ အိမ်ပေါ်မှ ခြေဖွနင်းကာ ပြေးဆင်းခဲ့တော့ သည်။ သူမ ပြေးနေတာက တစ်ဖက်လမ်းထိပ်ရှိ ခရေပင်ကြီး ဆီသို့။

"ဟော့ . . ခရေပန်းတွေ အများကြီး မြေပေါ်မှာ ကြွေလို့ပါ လား. ကြည့်စမ်း. ."

သူမလာကောက်မှာကို မျှော်နေတဲ့ဟန်။





သူမ မြေညီညီပေါ်မှာ ဒူးထောက်ထိုင်ချလိုက်ကာ ခရေ ပွင့်လေးတွေကို တစ်ပွင့်စီကောက်မိသည်။

ခရေပန်းကောက်ရင်းမှလည်း သူမ မျက်ရည်တွေဝဲလာ ရ၏။

ကိုကိုရယ်။

"ဟော့ဒီခရေပင်ကြီးအောက်က ဖြူ စောင့်နေပါဆို. . ခရေပန်းတွေတောင် အကြိမ်ကြိမ် ပွင့်ကုန်ပြီ ကိုကို. . ကိုကို တတော့ ခုထိ ပြန်မရောက်လာသေးဘူးနော်"

ညို့မှိုင်းလာသော မိုးသားတိမ်လိပ်တို့နှင့်အတူ သူမ၏ သူပသော မျက်ဝန်းအိမ်ထဲမှာ မျက်ရည်ကြည်တို့ အပြည့်ရစ်ဝိုင်း လာရသည်။

ဟိုတုန်းကတော့ ကိုကိုနဲ့အတူ ဟောဒီခရေပန်းလေးတွေ ကို သူမ ပျော်ရွှင်စွာ ကောက်ခဲ့တာပဲ။

"ကိုကိုကို အမြဲသတိရနေနော်ဖြူ. . ကိုကိုလဲ ဖြူ့ကို ဘယ် တော့မှ မမေ့ဘူး၊ တစ်နေ့ ဖြူ့ဆီ ကိုကိုအရောက်ပြန်လာခဲ့မယ်. .

"ကိုကိုပြန်အလာကို ဖြူ ဟော့ဒီခရေပင်ကြီးအောက်က စောင့်နေနော်. . ." တဲ့. .။

ကိုကို့စကားကို ယုံကြည်စွာ သူမ ခေါင်းညိတ်ခဲ့ပါ၏။ ကိုကို တစ်နေ့ပြန်လာနိုးနဲ့ ခရေပင်အောက်က စောင့်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . ကိုကိုရယ် . .

သူမ၏ ဖြူနုသော ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်တို့ တစ်စက်ချင်း လိမ့်ကျလာရသည်။

"ဘာလို့ ငိုတာလဲ ဖြူရယ် . . မငိုပါနဲ့ . . ဖြူ ငိုတာမြင်ရင် ကိုကို စိတ်မကောင်းဘူး"

ဟု ပြောကာ သူမ မျက်ရည်တွေကို ယုယစွာ သုတ်ပေးခဲ့သော ကိုကို . . ခုတော့ ဖြူ မျက်ရည်တွေကို သုတ်ပေးမဲ့သူ မရှိပါလား ကိုကို . .

"ဟောဒီ ခရေပန်းကုံးလေးကို ကိုကိုကိုယ်တိုင် ဖြူကို ပန်ပေးမယ်နော်"

သူမ ဆံပင်မှာ တယုတယ ခရေပန်းကုံးပန်ဆင်ပေးခဲ့သော ကိုကို . . ခုတော့ ဖြူကို မေ့ပြီလား ကိုကို . .

တကယ်လို့ မေ့တယ်ဆိုရင်လည်း ကိုကို့ကို ဖြူ အပြစ်မတင်ပါဘူး . . ကိုကိုနဲ့ ဖြူတို့ဘဝဟာ မိုးနဲ့မြေလို ကွာခြားတာပဲ။ ကိုကိုတစ်ယောက် ပတ်ဝန်းကျင်အသစ်မှာ အသိမိတ်ဆွေအသစ်တွေနဲ့ ပျော်နေမှာပေါ့နော် . .

ကြာဖြူဆိုတဲ့ အညတရမိန်းကလေးတစ်ယောက်ကို ဘယ်လွယ်လွယ်နဲ့ သတိရတော့မလဲ။ ကြာဖြူ ဆိုတာ သာမန် ချာတိတ်မလေးတစ်ယောက်ပဲ ကိုကိုရယ်။





ဒါပေမဲ့ ကြာဖြူကတော့ ကိုကို့ကို အမြဲ သတိရနေမှာပါ။ တစ်သက်လုံးပေါ့ ကိုကို။

သူမ ခရေပန်းပွင့်လေးများဖြင့် "ကိုကို" ဆိုသော စာလုံး ဖော်လိုက်၏။

ကိုကို့အမည်လေးကို စိုက်ကြည့်ရင်း သူမ အံ တင်းတင်း ကြိတ်လိုက်မိ၏။

ကိုကိုသာရှိရင် ပန်းစာလုံးလေးတွေနဲ့ "ကိုကို + ကြာဖြူ" လို့ ဖော်မှာပေါ့နော်။

ကိုကို အဲဒီလိုစာလုံးဖော်တိုင်း ကြာဖြူစိတ်ထဲ ကျေနပ်ပီတိ ဖြစ်ရပါတယ် ကိုကိုရယ်။ ခုတော့ ကြာဖြူတစ်ယောက်တည်းရယ်။

ထိုစဉ် လေပြင်းတစ်ချက်တိုက်တာကြောင့် သူမ၏ ပန်းစာ လုံးလေးများ လွင့်ကြကုန်သည်။

"အို"

ကိုကို အမည်လေး ဖျက်ပြယ်သွားတာကြောင့် သူမရင်ထဲ နာကျင်သွားရသည်။

ပန်းလေးတွေကို အမြန်စုစည်းလိုက်ကောက်မိစဉ် မိုးက အည်းထန်စွာ ဝေါခနဲ ရွာချလေ၏။

သူမကတော့ မိုးရွာတာကို မမှုသည့်အလား ပန်းလေးတွေ ကို ငကောက်မြဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူရေ . ကြာဖြူ"

ကိုကို့ခေါ်သံများလားဟု ဖျတ်ခနဲကြည့်မိ၏။ ရင်ထဲ ထိတ်ခနဲ ဝမ်းသာသွားရသည်။

အို . . ကိုကိုလည်း မဟုတ်ပါလား။

အမေသည် ထီးဆောင်းလျက် ကြာဖြူထံ ရောက်လာ၏။

"ကြာဖြူရယ် . . ဒီလောက် မိုးတွေရွာနေတာတောင် အိမ်မပြန်ဘဲ ပန်းဆက်ကောက်နေရတယ်လို့"

သူမ အမေ့ကို မော့ကြည့်လိုက်မိ၏။ မိုးရေတို့နှင့်ရောတာ သူမ မျက်ရည်ကို အမေ မမြင်ရပေ။

အမေ သက်ပြင်းတစ်ချက်ချသည်။

"ကဲ . . သမီး ပြန်ကြရအောင်ကွယ်"

"ဟင့်အင်း . . မေမေ . . ကြာဖြူ ဒီပန်းလေးတွေကုန်အောင် ကောက်ပါရစေဦး"

"အို . . မိုးတွေ ဒီလောက်သည်းနေတာ . . ဆက်နေရင် သမီးဖျားလိမ့်မယ် . . ပြီးတော့ မနက်ဖြန် မေမေတို့ သွားရတော့မယ်မဟုတ်လား . . လာပါကွယ်"

မေမေ သတိပေးမှ သူမတို့ ပြောင်းရတော့မည်ကို သတိရကာ ရင်ထဲနာကျင်သွားရသည်။

ကိုကို့ကို ကြာဖြူ ဒီခရေပင်ကြီးအောက်က မစောင့်နိုင်တော့ဘူးပေါ့နော်။





သူမ အောက်နှုတ်ခမ်းကို သွားချွန်ချွန်လေးများဖြင့် ဖိကိုက်လိုက်၏။

တကယ်တမ်းပြောင်းရမည်ဆိုတော့ ကိုကို့ကို ပို သတိရမိသည်။

ကိုကိုရယ် . . ကြာဖြူ သွားရတော့မယ်။

"ကဲ . . ငိုင်မနေနဲ့ ကြာဖြူ . . သွားကြစို့ . . တော်ကြာ ကိုဝင်းအောင် ဒေါသဖြစ်ဦးမယ်"

ပြောပြောဆိုဆို အမေက သူမလက်ကိုဆွဲကာ မိုးရေထဲ ထွက်ခဲ့သည်။

သူမ မိုးရေကြားမှ ခရေပင်ကြီးကို ပြန်လှည့်ကြည့်မိ၏။

ထိုအခါ . . ခရေပန်းကောက်နေသော ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်ကိုမြင်ရသည်။

အဲဒါ . . ကိုကိုနဲ့ ကြာဖြူပေါ့ . .

❋❋



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . လေတွေ တအားတိုက်တယ်ဟ"

ကျောင်းဆင်းတာနှင့် ကြာဖြူသည် ဂါဝန်စိမ်းစိမ်းလေး လွင့်ခနဲနေအောင် ရှေ့ဆုံးမှပြေးခဲ့ပါ၏။ လေတွေ တအားတိုက်လျှင် ခရေပန်းတွေ တအားကြွေမှာပေါ့။

ကြာဖြူအတွက် ခရေပန်းတွေအများကြီးရဖို့ လိုအပ်ပါသည်။ ဒါမှ ခရေပန်းကုံးလေးတွေ များများသီပြီး ရောင်းရမှာ. .

လမ်းထိပ်က ခရေပင်ကြီးအောက်ရောက်တော့ တကယ်ပဲ မြေညီညီပေါ်မှာ ခရေပန်းတွေ ဖွေးဖွေးလှုပ်လို့။

"ဟယ်. . ခရေပန်းတွေ အများကြီး"

ကြာဖြူ မျက်နှာလေးဝင်းလက်ကာ ခရေပန်းတွေကို တစ်ပွင့်စီ သွက်လက်စွာ လိုက်ကောက်လိုက်၏။

လေတစ်ချက်အတိုက်မှာ ခရေပန်းရနံ့က မွှေးမြူနေသည်





"အား"

ခရေနံ့သင်းသော လေအေးအေးကို သူမ အားပါးတရ ရှူလိုက်၏။

"ကောင်းလိုက်တာ. . စိတ်ထဲကို လန်းသွားတာပဲ"

သူမတစ်ယောက်တည်း တီးတိုးရွတ်ဆိုရင်း ပန်းတွေ ဆက်ကောက်လေ၏။ ပန်းတွေကြွေကျတာများလွန်းသည်မို့ သူမ အတွက် ကောက်လို့မအားပေ။ ထို့ကြောင့် ပတ်ဝန်းကျင်မှာ မိုးသားတိမ်လိပ်တို့ အုံ့မှိုင်းညို့ဆိုင်းတက်လာတာကိုလည်း သူမ သတိမပြုမိ။

ဘယ်လောက်များ ပန်းကောက်ရာတွင် စိတ်ဝင်စားနေတယ်မသိ၊ သူမရှေ့သို့ ခြေယောက်တစ်စုံလာရပ်တာပင် သတိမပြုမိ။

"အဟမ်း"

"အမယ်လေး"

ရုတ်တရက် ချောင်းသံကြားမှ သူမ ထိတ်လန့်စွာမော့ကြည့်မိ၏။ အို. . သူမလန့်သွားတာကို ပြုံးကြည့်နေတဲ့ ကောင်လေးတစ်ယောက်. .

ရှပ်အင်္ကျီဖြူလက်တို. . ကျောင်းစိမ်းလုံချည်လေးနှင့် အသားဖြူဖြူ ဆံပင်နက်နက်ဖြင့် ချောမောသော ထိုကျောင်းသားကို သူမ ခပ်ငေးငေး ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း လန့်သွားလားဟင်"

သူ့အသံက ကြည်လင်စွာ နားထောင်ကောင်းလှ၏။ သူမ ယောင်ယမ်းကာ ခေါင်းညိတ်လိုက်သည်။

"ဆောရီးနော်. . ချာတိတ်. . ကိုကိုက မင်း ပန်းကောက်တာကြည့်ကောင်းတာနဲ့ ရပ်ကြည့်နေတာပါ. . မင်း ဒီလိုပဲ နေ့တိုင်း ပန်းကောက်လားဟင်"

"ဟုတ်ကဲ့"

"ဩော်. . ကိုကို့နာမည်က စောမင်းခိုင်တဲ့. . မင်းနာမည်ကရော"

"ကြာဖြူ"

သူမ တိုပြတ်ပြတ်လေးဖြေရင်း သူမဘဝမှာ ဒီလို တစ်ခါမှ ဂရုစိုက်ခဲ့ကာ မေးဖူးတာမျိုး မရှိတာကြောင့် အံ့ဩနေ၏။

"ဟာ. . နာမည်လေးက ကြာဖြူတဲ့လား. . ချာတိတ်နဲ့ လိုက်တာပဲ. . ချာတိတ်ကလဲ ဖြူဖြူစင်စင်လေးနဲ့"

သူမဘေးမှာ ဝင်ထိုင်ပြီး သူ ပန်းတွေကောက်ပေးလေ၏။ သူမက သူလုပ်သမျှကို အံ့ဩစွာကြည့်နေသည်။

"ဘာကြည့်တာလဲကွ"

သူ ပြုံး၍ မေးတော့ သူမခေါင်းခါယမ်းလိုက်၏။

"ဟို. . ကို. . ကိုက. . "





"အဟား. . ဟုတ်တယ် ကိုကိုလို့ခေါ်. . ဟုတ်လား. . ကြာဖြူက လှိုင့်အရွယ်ပဲ"

"လှိုင်. . လှိုင်ဆိုတာက"

"လှိုင်ဆိုတာ ကိုကို့ညီမလေးလေ. . ဒီနေ့သူ ကျောင်းမတက်ဘူး. . ဖျားလို့"

"ဩော်"

"ဒါနဲ့ ချာတိတ်က ဘယ်နှစ်တန်းလဲ"

"ငါးတန်း"

"ဟင်. . ဒါဆို လှိုင်နဲ့ အတူတူပေါ့. . လှိုင့်ကိုသိလားကွ"

"လှိုင်"

သူမမျက်လုံးလေး ဝိုင်း၍ စဉ်းစား၏။

"လှိုင်. . စောမင်းလှိုင်"

"ဩော်. . သိပြီ သိပြီ. . အေအခန်းက ဆရာဝန်ကြီးသမီး စောမင်းလှိုင်ဆိုတာလား"

"အင်း ဟုတ်တယ်. . မင်းက လှိုင်နဲ့သိတယ်ပေါ့"

"ဟင့်အင်း. . ကြာဖြူက ဘီအခန်းကပါ. . ဒါပေမဲ့ စောမင်းလှိုင်နာမည်တော့ ကြားဖူးတယ်. . မြင်လဲ မြင်ဖူးတယ်. . စောမင်းလှိုင်က ဂါဝန်လှလှလေးတွေဝတ်တာမဟုတ်လား"

ဆရာဝန်ကြီးသမီး စောမင်းလှိုင်က ကျောင်းမှာ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကြီး၏။ ကျောင်းသွားကျောင်းပြန် ကားနှင့်ဖြစ်သလို ဝါဝန်လှလှလေးတွေ မထပ်စေရ။

ကြာဖြူ စကားကြောင့် စောမင်းနိုင် သူမကိုငေးကြည့်ဖြစ်၏။ နွမ်းပါးသော ဂါဝန်လေးဝတ်ထားပေမဲ့ ကြာဖြူ ရုပ်သွင်လေးက ဖြူဖြူစင်စင်နှင့် ခင်မင်စရာကောင်းလှ၏။

"အင်း. . စောမင်းလှိုင်ကို ဒါကြောင့်သိတာလား"

"ဟုတ်ကဲ့"

သူပြုံး၍. .

"ကိုကိုကိုကော သိလား"

"ဟင့်အင်း. . ခုနက ကိုကိုပြောတော့ လှိုင့်အစ်ကိုဆို"

"အေးလေ. . ကိုကိုက ရှစ်တန်းကွ. . ကြာဖြူတို့ကျောင်းမှာပဲ တက်တယ်"

"ဟင်. . ဒါဆို လှိုင်က ကားနဲ့ပြန်တယ်. . ကိုကို ကားနဲ့ မပြန်ဘူးလား"

သူ ခေါင်းခါယမ်းသည်။

"တစ်ခါတလေ. . ဒီလိုလမ်းလျှောက်ပြန်တာ ကောင်းတယ်ကွ. . ကဲ. . ထ. ."

"ဘာလုပ်ဖို့လဲဟင်"

"ဟာ. . ပြန်ကြရအောင်လေ. . ဟိုမှာ မိုးတွေမည်းနေ





တာတွေ့လား. . ဒါဆို မကြာခင်ရွာတော့မှာ"

တကယ်ပဲ ပတ်ဝန်းကျင်က ညှို့မှိုင်းအုပ်ဆိုင်းနေပါ၏။ သို့သော် သူမ မပြန်ချင်သေးပါ။

"ကြာဖြူ. . မပြန်သေးဘူး"

"ဟာ. . မပြန်လို့ဖြစ်မလား၊ မိုးရွာရင် မင်း မိုးမိလိမ့်မယ်"

"မိပါစေ. . ကြာဖြူ ဒီလိုပဲ မိုးရေထဲဆော့နေကျ"

ဖြူဖြူသွယ်သွယ်လေးနှင့် ခေါင်းမာမည့်ဟန်ရှိသော [illegible]တောင်မလေးကို သူ စိတ်မရှည်သလိုကြည့်လိုက်၏။

"မိုးမိရင် ဖျားလိမ့်မယ်ကွ"

"ဟင့်အင်း. . မဖျားပါဘူး. . ဖျားမှာကြောက်ရင် ကိုကို [illegible]နေ့လေ"

သူ မျက်မှောင်ကြုတ်သွားသည်။

"မင်းပြောလို့ မရဘူးလား"

သူမ ဘာမှမဖြေဘဲ ပန်းတွေဆက်ကောက်နေ၏။ သူက [illegible]သာဘဲ ဝင်ကောက်ပေးဖြန်သည်။

"အို. . ကြာဖြူဘာသာ ကောက်ပါ့မယ်"

"ကဲ. . တုန်ပြီ. . မင်းပြန်တော့"

ထိုစဉ်မှာပင် မိုးတွေ ဝေါခနဲရွာချလေ၏။ သူတို့နှစ်[illegible]တ်လုံး စိုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ငါမပြောဘူးလား . . မိုးမိမယ်ဆိုတာ"

အစ်ကိုကြီးတစ်ယောက်လို ဆူနေသော သူ့ကို ကြာဖြူ ခပ်ငေးငေးကြည့်၏။

"ကြာဖြူ . . ဒီလိုပဲ ပြန်နေကျပါ"

"ဟာ . . ဟေ့"

ပြောပြီးတာနှင့် ကြာဖြူ လှစ်ခနဲမိုးရေထဲ ပြေးထွက်တော့၏။ သူခေါ်ပေမဲ့ လှည့်မကြည့်တော့။ သူ နောက်မှအမိလိုက်သည်။

"ကြာဖြူ . . ကိုကို စောင့်ဦးလေ"

ခဏနေတော့ သူ မိလာ၏။

"ဘာလို့ပြေးထွက်သွားတာလဲ"

"အိမ်ပြန်တာလေ"

"ဪ . . ကောင်းရော . . တို့ကိုတော့ မစောင့်ဘူးပေါ့"

"ဟင် . . ကိုကိုနဲ့ကြာဖြူက လမ်းတူလို့လား"

သူမ မေးမှ သတိရသွား၏။ ဟုတ်သားပဲ။

"ကြာဖြူက ဘယ်မှာနေတာလဲ"

"ဟိုဘက်ရပ်ကွက်လေးထဲမှာ . . ကိုကိုကကော"

"ဒီဘက်မှာ"

ကိုကိုပြသောဘက်ကိုကြာဖြူသိပါ၏၊ သူဌေးတွေနေ



ရပ်ကွက်၊ တိုက်လှလှကြီးတွေ ခြံဝန်းကျယ်ကျယ်တွေနှင့် . .

ကြာဖြူတို့ကတော့ ကိုကိုနှင့်တစ်လမ်းကျော်ခြားသော ဆင်းရဲသားရပ်ကွက်လေးမှာပါ။

"ဒါဆို . . ကြာဖြူသွားမယ်"

ထို့နောက် ကြာဖြူလမ်းခွဲကာ လှစ်ခနဲပြေးထွက်ခဲ့သည်။ သည်အချိန်ဆို အမေ သူမကျောင်းက အပြန်ကိုစောင့်နေမှာပဲ။

ထင်သည့်အတိုင်း အိမ်ရောက်တော့ အမေက သူမကို မျှော်နေ၏။

"ကြာဖြူ မိုးမိလာပြီလား . . အင်း ဒီတစ်လတော့ သမီးကို ထီးဝယ်ပေးနိုင်အောင်လုပ်မှပဲ"

"နေပါစေ အမေရယ် . . ပိုက်ဆံအပိုကုန်ပါတယ်၊ မိုးစိုတာ ကြာဖြူ့အတွက် မဆန်းပါဘူး"

"ဘယ်ဟုတ်မလဲကွယ် . . တော်ကြာ မိုးမိလို့ အအေးပတ်မယ်"

ပြောနေစဉ်မှာပင် ကြာဖြူနှာချေလိုက်တာကြောင့် အမေ စိတ်နှာပျက်သွား၏။

"ဟတ်ချိုး"

"တဲ ကြည့် . . ခုပဲပြောရင်းဖြစ်ပြီမဟုတ်လား . . ကဲ ရေမြန်မြန်သုတ် . . အဝတ်အစားလဲလဲ . . အမေ သမီးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ထမင်း ပြင်ထားပေးမယ်"

"ဘာဟင်းလဲ အမေ"

"ငါးလေးအိုးကပ်ချက်နဲ့ ချဉ်ရေပဲ့ငါးပိရည်ကို စပ်စ

ဖျော်ထားတယ်"

"ဟာ. . ပွတာပဲ၊ ထမင်းစားကောင်းတော့မှာပဲ"

ကြာဖြူမှာ အဖေမရှိတော့။ မုဆိုးမဘဝနှင့် အမေ

ကြာဖြူကို ရှန်းကန်ကျွေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ကြာဖြူ

တစ်ဖတ်တစ်လမ်းမှ ငွေရအောင် ခရေပန်းလေးများ ကောက်

သီကုံးရောင်း၏။ ထိုရောင်းရငွေက ကြာဖြူအတွက် ကျောင်း

လိုအပ်တာတွေသုံးလို့ရတာပေါ့။

ကြာဖြူ အဝတ်အစားမြန်မြန်လဲလိုက်သည်။ ခေါင်း

ရေခြောက်အောင်သုတ်ရင်း မီးဖိုထဲဝင်ခဲ့၏။

"အမေကော စားပြီးပြီလားဟင်"

"ဘယ်စားရသေးမလဲ သမီးရယ်၊ သမီးကိုစောင့်နေတာ

"အမေကလဲ. . ဆာရင်စားနှင့်ပေါ့၊ အမေ ဆာနေမှာပေ

"ရပါတယ်ကွယ်. . အမေတို့မှာ ဒီသားအမိနှစ်ယော

တည်းရှိတာ. . တစ်ယောက်စီစားရင် ဘယ်မှာ ထမင်းမြိန်တေ

မလဲ. . ကဲ စား စား. ."

အမေ့ပန်းကန်ထဲ သူမ ဟင်းခပ်ထည့်ပေးလိုက်၏





တကယ်တော့ ဒီလိုဟင်းမျိုးစားဖို့ကိုပင် ကြာဖြူတို့ဘဝတ အနိုင်နိုင်

ပါ။

အမေက ကြာဖြူ့အကြိုက်ကို အတတ်နိုင်ဆုံး ချက်ထား

ခြင်းဆိုတာ သိပါ၏။ အမေ့စေတနာကို သိလေ ကြာဖြူလိမ္မာရ

လေပါ။

❋

"ဟတ်ချိုး"

အနွေးထည်ထူထူဝတ်ထားသည့်ကြားမှ သူ ဖျားချင်သလို

ဖြစ်လာ၏။

"ကြည့်စမ်း. . သား အအေးမိပြီမဟုတ်လား. . ကား

သွတ်လိုက်တာကို ဘာလို့ မစောင့်လဲကွယ်"

"ရပါတယ် မာမိရဲ့. . တစ်ခါတလေ လမ်းလျှောက်ပြန်ရ

တာကောင်းပါတယ်. .

"ဒါမှ အညောင်းပြေ ကျန်းမာရေးကောင်းမယ်မဟုတ်

လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ဖအေတူသားကတော့ ပြောလိုက်ရင် ကျန်းမာရေးနဲ့ချည်း ကိုင်ပေါက်တာပဲ. . ကဲ ကဲ. . မာမီ ဒက်ဒီဆီက ဆေးတောင်းလာတယ်. . သောက်လိုက်သား"

"ဟုတ်ကဲ့ မာမီ"

မာမီယူပေးသော ဆေးကို သူ သောက်လိုက်၏။ ဆေးသောက်ရင်းမှ ကြာဖြူကို သတိရ၏။

ကြာဖြူကော မိုးမိကာ ဖျားနေပြီလား။ ကောင်မလေးပုံစံက နုနုနယ်နယ်နှင့်။ သူ့ကိုမော့ကြည့်သော မျက်လုံးနက်နက် ဝိုင်းဝိုင်းလေးများကို သတိရ၏။

"လှိုင်ကော နေကောင်းပြီလား မာမီ"

"သက်သာပါတယ်. . ခုတော့ မှေးနေတယ်"

"ဗျော်"

သူ လှိုင်အခန်းကို ခဏဝင်ကြည့်၏။ အိပ်နေသော လှိုင့်ကိုကြည့်ကာ ကြာဖြူကို သတိရသည်။

အင်း. . လှိုင်က နေရာတကာ နုနယ်လွန်း၏။ ကြည်ဖြူလည်း လှိုင့်အရွယ်ပဲ။ သို့သော် ဘဝဒဏ်ကြောင့် ရင့်ကျက်နေပုံပင်။

"ရော့ သား. . ကော်ဖီပူပူလေး သောက်လိုက်"

"ဟုတ်ကဲ့ မာမီ"





သူ ကော်ဖီယူသောက်လိုက်၏။

"သား. . ဗိုက်ဆာပြီလား"

"ဒက်ဒီကော"

"ဆေးခန်းမှာလေ. . သားဆာရင် စားနှင့်လေ. . မာမီပြင်ပေးမယ်. သားအကြိုက် ပုစွန်တုပ်ချက်ထားတယ်"

"နေပါစေမာမီ. . ဒက်ဒီနဲ့ စားမယ်"

"အေးလေ. . သား ဒက်ဒီလဲ မကြာခင် ဆေးခန်းသိမ်းတော့မှာပါ. . မာမီတော့ ဟင်းရည်ပူပူလေးဖြစ်အောင် ပြန်နွှေးလိုက်ဦးမယ်"

ဒက်ဒီဆေးခန်းဖွင့်တာ ဝါသနာအရ။ မရှိဆင်းရဲသောသူများတွေအတွက် အဓိကထားဖွင့်၏။ ဆေးဖိုးမတတ်နိုင်သော ဆင်းရဲသားတွေအတွက် ဒက်ဒီဆေးခန်းက စေတနာဆေးခန်းဖြစ်သည်။

"ကိုကို"

"ဗျော်. . လှိုင်"

အိပ်ရာမှထလာသော လှိုင်က ခေါင်းစွပ်ဆွယ်တာအပြာရောင်နှင့် ဘောင်းဘီရှည်အပြာလေးဖြင့် သူ့အနားရောက်လာ၏။ လှိုင်က ဒက်ဒီနှင့်တူကာ အသားနည်းနည်းညိုသည်။ သူကတော့ မာမီနှင့်တူကာ အသားဖြူသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းရဲ့လား လှိုင်"

"ဟုတ်ကဲ့ ကိုကို. . ဒါနဲ့ လှိုင့်အတွက် ခွင့်တိုင်ခဲ့ရဲ့လား ကိုကို"

"တိုင်တာပေါ့ကွ၊ ဩော်. . ဒါနဲ့ ကြာဖြူကို လှိုင်သိလား"

"ကြာဖြူ"

လှိုင်က မျက်လုံးလေး ပုတ်ခတ်ကာ စဉ်းစားသည်၊ ထို့နောက် ခေါင်းခါယမ်းကာ. .

"ဟင့်အင်း. . မသိဘူး ကိုကို၊ ကြာဖြူဆိုတာ ဘယ်သူလဲ"

"ကြာဖြူဆိုတာ လှိုင်နဲ့ရွယ်တူ ချာတိတ်မလေးကွ၊ လှိုင်နဲ့ အတန်းလဲ အတူတူပဲ. . သူကတော့ လှိုင့်ကို သိတယ်"

"ဟုတ်လား. . လှိုင်တို့အတန်းထဲကလား"

"မဟုတ်ဘူး. . သူက ဘီခန်းကတဲ့"

"ဩော်. . ကိုကိုက သူနဲ့သိလား"

"အင်း. . သိတယ်၊ သူ့ကို ခရေပန်းတွေတောင် ကောက်ပေးခဲ့သေးတယ်"

"ကြည့်စမ်း. . ကိုကို ဒါကြောင့်မိုးရေတွေစိုလာတာ မဟုတ်လား"

"သူလဲ စိုတာပါပဲကွာ. . သူက လှိုင့်ကို လှလို့သိတာတဲ့"

"ဟုတ်လား"





အမြှောက်ကြိုက်သော လှိုင်က သဘောကျသွားလေ၏။

"သူကော လှလားကိုကို"

"ဟင့်အင်း. . လှိုင်လောက် ဘယ်လှမလဲ"

"တကယ်. . ဒါပေမဲ့ နာမည်လေးကတော့ ကြာဖြူဆိုတော့ ချစ်စရာပဲ"

"ဟုတ်တယ် ချစ်စရာပဲ"

တကယ်တော့ လူလည်း ချစ်စရာကောင်းတာ သူသိ၏။ လှိုင်က သူ့ထက်ချစ်စရာကောင်းတယ်ဆိုလျှင် ကြိုက်မှာမဟုတ်။ သည်တော့ သူ့အလိုက်သင့်ပြောရ၏။

"ဟော. . သားနဲ့သမီး. . ကြည့်စမ်း သမီးက အပြင်ထွက်ထိုင်လို့ပါလား. . လေစိမ်းတိုက်ပါ့မယ်ကွယ်"

"ဒက်ဒီ"

ဒက်ဒီပြန်ရောက်လာတာမို့ သူတို့မိသားစု ဆုံညီသွား၏။ ဒက်ဒီဆေးအိတ်ကို ဒက်ဒီ့ကားဒရိုင်ဘာ သယ်လာသည်။

"သားလဲ မိုးမိမခံနဲ့နော်. . ဒီရာသီက တုပ်ကွေးဖြစ်တတ်တယ်ကွ"

"ဟုတ်ကဲ့ပါ. . ဒက်ဒီ"

ဒက်ဒီ သတိပေးတာနောက်ကျကာ သူ မိုးမိလာခဲ့ပြီ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"တဲ. . ဒတ်ဒီကြီး ခဏနား. . ပြီးရင် မိသားစုလက်ဆုံထမင်းစားရအောင်"

"ကောင်းပါပြီဗျာ၊ ညြော် သမီးအတွက် ဘာလုပ်ထားလဲ"

"ကြက်သားစွပ်ပြုတ်"

"အိုကေ. . ဒါပဲကောင်းတယ်"

ဒက်ဒီက လက်ကိုစင်ကြယ်စွာ ဆေး၏။

ခဏနေတော့ ဟင်းစုံလင်စွာဖြင့် မိသားစုထမင်းဝိုင်းက စိုပြည်လှသည်။ သူတို့အတွက် ဒီမိသားစုဘဝက ပျော်ရွှင်စရာ။

❋❋





"ဟော့ ဒီမှာ ခရေပန်း. . ဇွန်ပန်း. . စံပယ်ပန်း"

ညနေဆည်းဆာချိန်အောက်မှာ အသံစူးစူးလေးက တစ်သမ်းဝင် တစ်လမ်းထွက်အော်နေ၏။

"ဟင်. . ကြာဖြူ"

"ကိုကို"

ကိုကို့ကို မထင်မှတ်ဘဲ တွေ့လိုက်ရ၍ ကြာဖြူအံ့ဩသွားသည်။ ကိုကိုကလည်း ပန်းလိုက်ရောင်းနေသော သူမကိုကြည့်ကာ အံ့ဩနေ၏။

"ဒါ. . ဒါ ကိုကိုတို့ တိုက်လား"

ကျယ်ဝန်းသောခြံကြီးထဲမှာ လှပခံ့ညားသော တိုက်ကြီးကိုကြည့်ကာ ကြာဖြူမေးလိုက်၏။ သူ ဖြည်းလေးစွာ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် ကြာဖြူ ဒီပန်းတွေက"

"ကြာဖြူ ရောင်းတာလေ"

ဘယ်တုန်းကမှ ဒီပန်းရောင်းတဲ့အလုပ်ကို သိမ်ငယ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဟု မထင်ခဲ့ဘူးသော ကြာဖြူသည် ယခုတော့ ကိုကို့ရှေ့မှောက်မှာ ရှက်အားငယ်သလိုလိုပါပဲ။

"ဪ"

သူကတော့ ကြာဖြူကို သနားနေ၏။

ကြည့်စမ်းပါဦး.. လှိုင်နှင့်သက်တူရွယ်တူ အတန်းတူလေးက ခုတော့ ဘဝအတွက် ရုန်းကန်နေတာပါလားကွယ်။

"ကိုကို.. ပန်းဝယ်နေတာလားဟင်"

လှိုင်အနားရောက်လာကာ မေးသည်။

"ဪ.. အင်း"

"ဟင် ကိုကိုကလဲ.. ဘာခေါင်းညိတ်နေတာလဲ.. ပန်းဝယ်တယ်ဆို ဘယ်မှာလဲ"

သည်တော့မှ သူ သတိရကာ အိတ်ကပ်ထဲမှ ငါးဆယ်တန်တစ်ရွက်ထုတ်ပေးလိုက်၏။

"ကြာဖြူ.. ကိုကို့ကို ခရေပန်း ငါးဆယ်ဖိုးပေးခဲ့နော်"

"ဟင်"

သူမထံမှ ခရေပန်းတွေဝယ်နေသော ကိုကို့ကို အံ့သြစွာ ကြည့်မိ၏။ သည် ခရေပန်းတွေ ကိုကိုကိုယ်တိုင်ပဲ ကူကောက်ပေးခဲ့တာမဟုတ်လား။

"ပေးလေ ကြာဖြူ"





"ကိုကိုက ဘာလုပ်.."

"ဪ.. ဘုရားတင်မလို့ပေါ့ကွယ်"

ကြာဖြူ ခရေကုံးငါးကုံးပေးလိုက်၏။ လှိုင်က ကြာဖြူကို ခပ်စူးစူးကြည့်သည်။

"ကိုကို.. ကြာဖြူဆိုတာ သူလား"

"ဪ.. အင်း.. လှိုင့်လိုပဲ ငါးတန်းလေ"

လှိုင် မျက်ဝန်းထဲမှာတော့ ပန်းရောင်းသော ဂါဝန်နွမ်းနွမ်းလေးနှင့် ကြာဖြူကို အထင်ကြီးပုံ မရပါ။

"ကိုကို ကြာဖြူ သွားမယ်နော်"

လှိုင်အကြည့်တွေကို ရှောင်ရှားကာ သူမထွက်ဖို့ပြင်၏။

"ဪ.. ကြာဖြူ.. ဒါ ကိုကို့ညီမ လှိုင်လေ"

လှိုင် နှုတ်ခမ်းလေး တင်းတင်းစေ့သွားပြီးမှ..

"ကိုကိုကလဲ.. လှိုင် ဒီလိုပန်းသည်တွေနဲ့ မသိချင်ပါဘူး"

ဟုဆိုလျက် ချာခနဲလှည့်ထွက်သွား၏။

လှိုင့်အပြုအမူကြောင့် ကိုကို ကြာဖြူကို အားနာသွားရသည်။

"ကြာဖြူ"

"ကိုကို ဘာမှမပြောနဲ့နော်.. ကြာဖြူ နားလည်ပါတယ်၊ ကြာဖြူ သွားမယ်နော် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းမညိတ်မီ ကြာဖြူထွက်သွားလေ၏။ ကြာဖြူ ကျောပြင်ကို ကြည့်ကာ သူ စိတ်မကောင်းဖြစ်မိသည်။

လှိုင်ဟာ အစစ အရာရာပြည့်စုံသော လိုတရဘဝမှာ အားလုံးက အလိုလိုက်ခံထားရတာကြောင့် နေရာတကာ ဗိုလ်ကျဆိုးချင်၏။

သူ တိုက်ထဲဝင်ခဲ့သည်။

"လှိုင်. . ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာလဲ ကိုကို၊ ကိုကိုသာ ကိုယ်နဲ့အဆင့်အတန်းမတူတဲ့ အဲ့ဒီလိုပန်းသည်မကို မိတ်ဆွေလုပ်. . လှိုင်တော့ မလုပ်နိုင်ဘူးသိလား"

သူ သက်ပြင်းချလိုက်၏။

"ကြာဖြူကို ပန်းသည်မလို့ မပြောပါနဲ့ လှိုင်၊ သူဟာ လှိုင်နဲ့ရွယ်တူပါ၊ ဘဝပေးမကောင်းလို့ သူ့ခမျာဆင်းရဲရှာတာ၊ ကြာဖြူ ရုပ်ရည်လေးဟာ ဖြူဖြူစင်စင်နဲ့ ဘယ်လောက်ခင်စရာကောင်းလဲ"

"အို. . လှိုင်မသိဘူး၊ လှိုင်ကတော့ ကိုယ်နဲ့အဆင့်အတန်းမတူတဲ့ လူမျိုးကို မပေါင်းနိုင်ဘူး"

ပြောပြီး လှိုင်အပေါ်ထပ်သို့ ခြေဆောင့်တက်သွား၏။ လှိုင်ကိုယ်စား ကြာဖြူကို သူ နောက်နေ့မှာ တောင်းပန်ဖို့ဆုံးဖြတ်လိုက်၏။

❋❋





"အဟွတ်. . ဟွတ်"

အမေ့ချောင်းဆိုးသံကြောင့် သူမ မျက်လုံးဆတ်ခနဲ ပွင့်လာ၏။ ပတ်ဝန်းကျင်ကြည့်လိုက်တော့ အလင်းရောင်ကို မြင်နေရပြီ၊ မိုးတောင် လင်းပြီပဲ။

ကြာဖြူက မနက်တိုင်းအိပ်ရာမှ စောစောထကာ ခရေပန်းကောက်တတ်သည်၊ သို့သော် ဒီနေ့တော့ သူမ မကောက်ဖြစ်။

လှိုင်၏ 'ပန်းသည်မ' ဆိုသော စကားက သူမနားထဲက မထွက်။

ကိုကိုကတော့ မနက်စောစော လမ်းလျှောက်ရာမှ ပြန်လာတိုင်း သူမကို ပန်းကူကောက်ပေး၏။ ကိုကိုနှင့်လှိုင်ဟာ မောင်နှမချင်းဆိုပေမဲ့ စိတ်ဓာတ်ကတော့ ကွာခြားလှပါသည်။

သည်နေ့လည်း သူမ အလာကို ခရေပင်အောက်က ကိုကို စောင့်နေမလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် . . အမေ့အသံပေါ်လာ၏။

"ကြာဖြူ . . ကြာဖြူ"

သူမ မျက်စိတင်းတင်းမှိတ်ကာ အိပ်ချင်ယောင်ဆောင်နေသည်။

"သမီး . . ကြာဖြူ ထတော့လေ၊ တယ် . . ဒီကလေးမ ဒီနေ့ အိပ်လှချည်လား . . အရင်ကဆို ခရေပန်းတွေ သူများ ကောက်မှာစိုးရိမ်ရတာနဲ့ . . "

သူမ နှုတ်ခမ်း ဖိကိုက်လိုက်စဉ် မျက်ရည်များ ထောင့်စွန်းမှ ကျလာ၏။ အမေ ဘာမှမသိဘူးနော် . .

လှိုင်က သူမကို ပန်းသည်မတဲ့။ ရွယ်တူချင်းက သူမကို အထင်သေးစွာကြည့်၍ ပြောတာမျိုး တစ်ခါမှ မခံရဘူးတာကြောင့် သူမရှက်သလိုပါပဲ။

"ကြာဖြူ . . ကြာဖြူ"

အမေ့ဖွတ်နှိုးနေပြီမို့ သူမ အိပ်ချင်ယောင်ဆောင်၍ မရတော့ပါ။

"အမေ"

"သမီး ပန်းမကောက်ဘူးလား"

သူမ မျက်ရည်များသုတ်ကာ ခေါင်းခါယမ်းလိုက်၏။

"ဒီ . . ဒီနေ့မကောက်တော့ဘူး အမေ"





"ဟယ်၊ ဒီကလေးမ ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား"

အမေက သူမနဖူးကို လာစမ်း၏။

"ဟင် . . ကိုယ်လဲ မပူပါလား"

"ဟုတ်တယ် အမေ . . သမီးခေါင်း ခေါင်း . . နည်းနည်းမူးလို့ပါ"

တစ်သက်လုံး အမေ့ကို မညာဖူးဘဲနဲ့ ဒါ ပထမဆုံး အကြိမ်ညာလိုက်တာပါပဲ။

"ဪ . . ဒါဆို ပြန်အိပ်လိုက်သမီး . . အမေ ထမင်း ကြော်ထားတယ် . . သမီးနိုးမှ စားလိုက်"

"ဟုတ်ကဲ့"

အမေဈေးရောင်းထွက်သွားမှ သူမ သက်ပြင်းချနိုင်တော့၏။

ကိုကို သူမကို စောင့်နေမလားကွယ်။

သူမ အိပ်ရာမှထကာ အိမ်ကိုရှင်းလိုက်သည်။ ထို့နောက် ရေချိုးပြီး ထမင်းစားလိုက်၏။ ကျောင်းသို့ ထွက်လာပေမဲ့ စိတ်က မပါလှပေ။

"ကြာဖြူ . . ကြာဖြူ"

ခေါင်းငိုက်စိုက်ဖြင့် လျှောက်လာသော သူမက ခေါ်သံကြောင့် ကြည့်လိုက်တော့ . .

"ဟင် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကြာဖြူ. . ကြာဖြူ မနက်က ဘာလို့ ပန်းလာမကောက်တာလဲ"

သူမ မျက်လွှာချကာ တိတ်နေလိုက်၏။ ကိုကို သက်ပြင်းချသံကြားရသည်။

"မနေ့က လှိုင်ပြောတာအတွက် ကိုကို တောင်းပန်ပါတယ်ကွာ"

"ရ. . ရပါတယ် ကိုကို. . လှိုင်ပြောတာ အမှန်ပဲ"

"ဩော်. . ကြာဖြူရယ်"

အရွယ်လေးငယ်ပေမဲ့ ကြာဖြူဟာ သဘောထားကြီးလှပါလား။

"ရော့. . ကြာဖြူ"

"ဟင်. . ခရေပန်းတွေ"

သူ ပြုံး၍ ခေါင်းညိတ်၏။

"ဟုတ်တယ် ကြာဖြူ. . ကြာဖြူမလာတော့ ဒီပန်းတွေ ကြာဖြူကိုယ်စား ကိုကိုကောက်ထားတာလေ"

"ကိုကိုရယ်"

သူမရင်ထဲ ကိုကို့စကားကြောင့် ကျေနပ်သလိုလို ဝမ်းနည်းသလိုလိုပါပဲ။

"ကိုကို့ကို ကတိပေးပါလား ကြာဖြူ. . နောက်နေ့တွေလဲ ကြာဖြူ ပန်းအမြဲလာကောက်မယ်လို့"





သူမ ကိုကို့မျက်နှာကို ခပ်ငေးငေးကြည့်ဖြစ်၏။ ကိုကို့မျက်နှာက အေးချမ်းစွာ ကြည်လင်နေသည်။

"ဟင်. . ကြာဖြူ"

သူမ ညင်သာစွာ ခေါင်းညိတ်လိုက်၏။

"ဟုတ်. . ဟုတ်ကဲ့ ကိုကို"

ကိုကို့မျက်နှာ ပြုံးသွားသည်။

"ဒီလိုမှပေါ့ ကြာဖြူရယ်၊ ဘယ်သူတွေ ဘာပြောပြော ကြာဖြူ့ဘက်မှာ ကိုကိုရှိတယ်. . ဟုတ်လား"

"တကယ်လား ကိုကို"

"တကယ်ပေါ့ ကြာဖြူ။ ကိုကိုလဲ ကြာဖြူ့ကို ပန်းကူကောက်ပေးဖို့ အဲ့ဒီခရေပင်ကြီးအောက်က အမြဲစောင့်နေမယ်. . ဟုတ်လား"

"အို ကိုကိုရယ်"

သည်လောက်သဘောကောင်းတဲ့ ကိုကိုဟာ သူမအစ်ကိုအရင်းသာ ဖြစ်လိုက်ပါတော့လားကွယ်။

ထမင်းစားချိန်မှာ ကိုကိုရောက်လာသည်။ သူမတို့ကျောင်းက တစ်နေ့ကုန်မှ ထမင်းထုပ်ရပါ၏။ ဆင်းရဲသော သူမအတွက် ဆန်ကြမ်းနှင့် ပဲပြုတ်သာထည့်နိုင်၏။

"ကြာဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကိုကို"

ကိုကိုက ပြုံး၍ သူမဘေး ဝင်ထိုင်သည်။

"ကိုကို ကြာဖြူနဲ့ ထမင်းလာစားတာ"

"အို. . ကြာဖြူက ဟင်းမကောင်းဘူး ကိုကို"

သူမ မျက်နှာငယ်စွာပြော၏။ သူ ပြုံးကာ. .

"ဟင်း မကောင်းတာဘာဖြစ်လဲ. . ကိုကို့ဟင်းနဲ့စားပေါ့"

ကိုကို ထမင်းဘူးဖွင့်လိုက်တော့ ဟင်းနံ့က မွှေးနေသည်။ ပုသိမ်ပေါ် ဆန်းမွှေးဆန်က မွှေးပျံ့ကောနေ၏။ ပုစွန်တုပ်ဟင်း ကြက်သည်းကြက်မြစ်၊ အရွက်ကြော်တို့ဖြင့် စားချင်စဖွယ်ပင်။

ကိုကိုက သူမ ထမင်းဘူးထဲ ဟင်းတွေထည့်ပေး၏။

"အို. . ကိုကိုရယ်၊ ကိုကို့ဘာသာစားပါ၊ ကြာဖြူ စားနိုင်ပါတယ်"

"မရဘူး ကြာဖြူ၊ ကိုကို့ကိုခင်ရင် ကိုကိုကျွေးတာစားရမယ်"

ကိုကိုဇွတ်ကျွေးတာကြောင့် သူမ စားလိုက်ရ၏။ ထိုစဉ် မမျှော်လင့်ဘဲ လှိုင်ရောက်လာသည်။

"ကိုကို"

"ဟင်. . လှိုင်"

လှိုင်က သူမတို့ကို ခပ်စူးစူးကြည့်၏။





"ကြည့်စမ်း၊ ကိုကိုက လှိုင်နဲ့တော့ ထမင်းအတူမစားဘူး"

"ဩော်. . လှိုင်က လှိုင့်သူငယ်ချင်းတွေနဲ့ စားနေတာ ဟုတ်လား"

"အို. . မဆိုင်ပါဘူး၊ သူတို့ကတောင် ကိုကို့ကို ထမင်းလာစားစေချင့်တာ၊ ဟင်း. . ခုတော့ ကိုကိုက"

ပြောရင်း လှိုင်က သူမကို မျက်စောင်းထိုး၏။ သူမ ထမင်းဘူးကိုကြည့်ကာ နှာခေါင်းရှုံ့သည်။

"ကိုကို့ကို မာမိနဲ့တိုင်ပြောမယ်. . အိမ်ကဟင်းတွေ သူများကျွေးနေတယ်လို့"

"လှိုင် တိတ်စမ်း. . ကိုကို့ဝေစု ကိုကိုကျွေးတာ. . လှိုင်နဲ့ မဆိုင်ဘူး"

သူမဝမ်းနည်းစွာဖြင့် ခေါင်းခါယမ်းလိုက်၏။

"ကိုကို. . ပြန်ပါ၊ ကြာဖြူ ဒါ ဒါတွေမစားပါဘူး"

"မဟုတ်တာ. . ကြာဖြူရယ်"

သနားစရာ ကြာဖြူ့မျက်နှာလေးကို သူ စိတ်မကောင်းစွာ ကြည့်မိ၏။ လှိုင်ခြေဆောင့်ကာ ထွက်သွားသည်။

"ကိုကိုရယ်. . နောက်ဆို ကြာဖြူ့ဆီ မလာနဲ့နော်"

သူမ မျက်ရည်တွေကျရင်း ပြောသည်။

"ကြာဖြူ မငိုပါနဲ့ ကလေးရယ်. . လှိုင့်ကိုယ်စား ကိုကို တောင်းပန်ပါတယ်ကွယ်"

www.burmeseclassic.com



သူ့လက်ကိုင်ပဝါထုတ်ကာ ကြာဖြူမျက်ရည်တွေကို သုတ်ပေးလိုက်၏။

"ကြာဖြူ"

"ရှင်"

"ကိုကို့ကို မုန်းသွားပြီလားဟင်"

ကြာဖြူ မျက်ရည်ဝဲစွာဖြင့် ခေါင်းခါယမ်းသည်။

"ဒါဆို ကြာဖြူ့ဆီ ကိုကို မလာနဲ့လို့ မပြောနဲ့နော်"

သည်လိုဆိုတော့လည်း ကိုကို့ကို စိတ်မကောင်းစွာကြည့်မိ၏။

"ကြာဖြူ ပြောတာ ကိုကို့အတွက်ပါ"

"အိုကွာ. . ကိုကိုကတော့ လျှိုင်ဘာပြောပြော ကြာဖြူ့ကိုဘယ်တော့မှ အခင်အမင် မပျက်ဘူး"

ကြာဖြူကရော

"ကြာ. . ကြာဖြူလဲ ဒီလိုပါပဲ ကိုကိုရယ်"

"ဒါမှပေါ့"

ကိုကို့မျက်နှာပြုံးသွားတော့ ကြာဖြူ ကျေနပ်မိပါ၏။ ထို့ကြောင့် လျှိုင် ဘာပြောပြော သည်းခံဖို့ ဆုံးဖြတ်လိုက်ပါသည်။

သြော်. . အဲ့ဒီကတည်းက ကြာဖြူ သံယောဇဉ်တွယ်ခဲ့တာပါလား ကိုကိုရယ်။

❋❋





မနက်ကျတော့ ကြာဖြူတစ်ယောက် ခရေပင်အောက် ရောက်ခဲ့ပါသည်။ ကိုကိုစောင့်နေတာ အသင့်တွေ့ရသည်။

"ကြာဖြူ"

"ဟင် ကိုကိုစောင့်နေတယ်"

ကိုကိုပြုံး၍ ခေါင်းညိတ်သည်။

"ကြာဖြူ တကယ်လာတယ်နော်"

"လာရတာပေါ့ ကိုကို. . ကြာဖြူမလာရင် ကိုကိုစောင့်နေမှာတော့တ်လား"

သူ့ကို အလေးထားတဲ့စကားကြောင့် ကျေနပ်သွား၏။

"ဒါပေါ့. . ကြာဖြူရယ်၊ ကိုကိုက ကြာဖြူမလာမချင်းစောင့်နေမှာ"

ကြာဖြူက သူ့ကိုမော့မော့လေးကြည့်သည်။

"ကိုကို. . ကြာဖြူ့ကို သိပ်ခင်တာပဲလားဟင်"

"ခင်တာပေါ့ ကြာဖြူရယ်. . ကြာဖြူက သိပ်ခင်စရာကောင်းတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်နွမ်းနွမ်းလေးဝတ်ထားပေမဲ့ ဖြူဖြူစင်စင် ကြာဖြူ ပုံစံလေးက ချစ်စရာကောင်းလွန်းပါ၏။

"ကိုကိုက ကြာဖြူ အစ်ကိုအရင်းဖြစ်ရင် တောင်းမှာနော်"

"သြော်. . ခုလဲ ကြာဖြူက ကိုကို့ညီမလေးပဲ မဟုတ်လား"

"တကယ်"

"တကယ်ပေါ့ ကြာဖြူရယ်၊ ကြာဖြူဟာ အမြဲတမ်း ကိုကို့ ညီမလေး ဟုတ်လား"

"ကိုကိုရယ်"

မောင်နှမ မရှိသော ကြာဖြူက ကျေနပ်ဟန် ပြုံးလေ၏။ သူမ ပန်းကောက်တော့ ကိုကို ကူကောက်ပေးသည်။

"ကြာဖြူ. . ဒီမှာကြည့်စမ်း"

"ဟင်"

ပန်းစာလုံးတွေဖြင့် ဖော်ထားသော ကိုကို+ကြာဖြူ တဲ့၊ သူမ. . ကိုကို့ကိုကြည့်၏။

"ကြာဖြူတို့ ဒီလိုပဲ အမြဲအတူရှိမှာလား ကိုကို"

"ဒါပေါ့ကွ. . ကြာဖြူနဲ့ကိုကို ဘယ်တော့မှ မခွဲဘူး၊ ဟုတ်လား"

"ကြာဖြူ. . ဝမ်းသာလိုက်တာ ကိုကိုရယ်"

ကိုကိုရှိနေတာ သူမဘဝအတွက်တော့ အားအင်တစ်ရ





ပါပဲ။ သူမ ပန်းတွေသီတော့ ကိုကို လိုက်သီပေး၏။

"လာ. . ကြာဖြူ. . ကြာဖြူကို ကိုကို ပန်ပေးမယ်"

ဟုဆိုကာ သူမ ခေါင်းမှာ ခရေပန်းကုံးလေး ဝိုက်ပန်ပေး၏။

"တဲ. . ဒီပန်းကုံးလေးနဲ့ ကြာဖြူ ဘယ်လောက်ချစ်စရာ တောင်းလဲ"

"အဟင်း. . ကိုကို မမြှောက်နဲ့နော်"

"မမြှောက်ပါဘူးကွ. . ကြာဖြူသာ လှိုင်တို့လို ဂါဝန်လှလှ လေးဝတ်လိုက်ရင် သိပ်လှမှာ"

သည်လိုကျတော့လည်း ကြာဖြူ မျက်နှာညှိုးသွား၏။ ကြာဖြူလည်း ဂါဝန်လှလှလေးတစ်ထည်လိုချင်တာပါပဲ။ ဒါပေမဲ့ စားဖို့တောင် တစ်နေ့တာအတွက် ရုန်းကန်လှုပ်ရှားနေရသော ဘဝမို့ မစဉ်းစားရဲပါ။

"ကြာဖြူတို့ဘဝက စားဖို့သောက်ဖို့တောင် အနိုင်နိုင်ပါ ကိုကိုရယ်"

"သြော်. . ကြာဖြူရယ်"

သူ စိတ်မကောင်းပါ။ လှိုင့်အရွယ် ကလေးမတစ်ယောက် ဟာ ဘဝကို ပင်ပန်းကြီးစွာ ရုန်းကန်ကျော်ဖြတ်နေတာပါလား။ သူမ ဝတ်ထားသော ဂါဝန်က လှိုင်အိမ်နေရင်းဝတ်သည့်အရောင် လွှာတ်ပင် မတောက်ပြောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူ"

"ရှင်. . ကိုကို"

"ကြာဖြူ. . ဘာမှ အားမငယ်နဲ့နော်. . ကြာဖြူ့မွေးနေ့ ကိုကို့ကိုပြောပြစမ်း"

"ဘာလုပ်မလို့လဲ ကိုကို"

"ဩော်. . ကိုကိုသိချင်လို့ပေါ့ကွယ်"

သည်တော့မှ ကြာဖြူ သူ့မမွေးနေ့ကိုပြောပြ၏။ သူ သေချာမှတ်ထားလိုက်သည်။

"ဟင်. . ဒီလိုဆို ကြာဖြူ့မွေးနေ့က ရှေ့လထဲမှာပဲ. ."

"ဟုတ်တယ် ကိုကို"

"အင်း. . အင်း အဲ့ဒီနေ့ကျရင် ကြာဖြူ ကိုကို့ကို မုန့်ကျွေး ရမယ်နော်"

"ကျွေးပါတယ် ကိုကိုရယ်. . ကိုကိုသာ ကြာဖြူကျွေးတဲ့ မုန့်ကို မစားနိုင်မှာပါရှင်"

"ဩော်. . ကလေးရယ်. . ကိုကိုက ကြာဖြူ ဘာကျွေး ကျွေး စားမှာပါဗျာ"

ထို့နောက် သူတို့နှစ်ဦး ရယ်မောလိုက်ကြ၏။

❀





"ရော့. . ကြာဖြူ"

"ဟင် ချော့ကလက်တွေ. ."

"ဟုတ်တယ်. . ကိုကို ကြာဖြူစားရအောင် ယူလာတာကွ"

"အို ကိုကိုရယ်. . လျှိုင်ပြောနေပါဦးမယ်"

"စားစမ်းပါကွာ. . ဒါတွေက ကိုကိုစားမဲ့ထဲက ကျွေးတာ ။"

ကြာဖြူသည် သူ ပန်ပေးသော ခရေကုံးလေးကို ခုထိ ...ထားဆဲ။

"ကြာဖြူ. . ဒီချော့ကလက်တွေ တစ်ခါမှ မစားဖူးဘူး ...ကို"

"ဒါကြောင့် ကိုကိုယူလာတာပေါ့. . ရော့ စား"

ကိုကိုက ချော့ကလက်ပြားတစ်ခုကို ခွာကာ ကြာဖြူအား ...ကျွေး၏။ ကြာဖြူစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်အရသာရှိတာပဲနော်. . ကိုကို"

"အင်း. . ကြာဖြူ ကြိုက်လား"

"ဒီလောက်ကောင်းတာပဲ ကိုကိုရယ်. . ကြိုက်တာပေါ့"

"ဒါဆို. . ကိုကို နေ့တိုင်း ယူလာမယ်. . ဟုတ်လား"

ကိုကို့စေတနာကတော့ သူမအပေါ်မှာ တောင်းလွန်းလှပါ၏။

"ဟင် ကိုကို. . ချော့ကလက်ပြားတွေ အိမ်ကယူလာပြီး သူ့ကိုကျွေးတယ်ပေါ့"

"အို"

ရုတ်တရက် လှိုင်ရောက်လာတာကြောင့် ကြာဖြူ အံ့သြသွား၏။ ကိုကိုကတော့ ခပ်တည်တည်ပင်။

"ဟုတ်တယ် လှိုင်. . ဒါ ကိုကို့ဝေစုထဲက ကျွေးတာ"

"အို. . ကိုကိုဟာ အဆင့်အတန်းမတူတဲ့ သူနဲ့မှ လာပေါင်းတယ်. . ကြာဖြူ နင်ကလဲ ငါ့အစ်ကိုကိုကပ်ပြီး စားကောင်းနေတယ်ပေါ့လေ. . ဟုတ်လား"

"အို"

ကြာဖြူ မျက်ရည်ဝဲသွား၏။ သူ့မျက်နှာနီရဲသွားကာ. .

"လှိုင် နင်. . နင် ဘာတွေလျှောက်ပြောနေတာလဲဟင်"

"အိုး. . ညီမလေးက အမှန်ကိုပြောတာ. . ကြာဖြူနဲ့ ကိုကို





အဆင့်အတန်း တူလို့လား"

"လှိုင်. . တော်တော့ဆို. . တကယ်ဆို ကြာဖြူဟာ လှိုင်နဲ့ရွယ်တူ. . အတန်းတူ. . ဒီလိုမပြောသင့်ဘူး"

"ရွယ်တူ တန်းတူပေမဲ့ မိဘချင်းကတော့ မတူဘူးကိုကို လှိုင့်ကို ကြာဖြူနဲ့ လာမနှိုင်းနဲ့. . "

လှိုင်က သူမတို့နှစ်ယောက်ကို အံကြိတ်ကြည့်ပြီး ထွက်သွား၏။

ကြာဖြူ ရှိုက်ငိုလိုက်သည်။

"မငိုပါနဲ့ ကြာဖြူရယ်. . လှိုင်ဟာ အိမ်မှာအငယ်ဆုံးမို့ အားလုံးက အလိုလိုက်ထားလို့ ဆိုးနေတာပါ. . တိတ်ပါကွယ်"

သူက ကြင်နာစွာ မျက်ရည်များ သုတ်ပေးလိုက်၏။ ကြာဖြူက မျက်ရည်ကြားမှ သူ့ကိုငေးကြည့်လေ၏။

❀❀



www.burmeseclassic.com

www.burmeseclassic.com



"လာပါဆို ကြာဖြူရယ်. . အိမ်မှာ မာမီနဲ့ လိုင်မရှိပါဘူး"

သည်မနက်တော့ ခရေပန်းကောက်ပြီးတာနှင့် သူက သူမကို အိမ်ကြီးထဲ ဖွတ်ခေါ်လေ၏။

"အို. . ဟင့်အင်း. . ကြာဖြူ မလိုက်ရဲဘူး ကိုကို"

ခံ့ညားလှပသော အဖြူရောင်နှစ်ထပ်တိုက်ကြီးကိုကြည့်ကာ ကြာဖြူ ခေါင်းခါငြင်းသည်။

"ဘာလို့ မလိုက်ရဲရမှာလဲ. . ကိုကိုတစ်ယောက်လုံးရှိတာပဲ. . အိမ်မှာ မုန့်လုပ်ထားတယ်ကွ. . ဒါကြောင့် ကြာဖြူ စားရအောင် ကိုကိုခေါ်တာ"

"ကြာဖြူ မစားချင်ဘူး ကိုကို"

"ကြာဖြူ"

ဖွတ်အတင်းငြင်းနေသော ကြာဖြူကို စိုက်ကြည့်ကာ သူခေါ်လိုက်၏။





သူ့မျက်နှာတည်တော့လည်း ကြာဖြူ ကြောက်သလိုပါပဲ။

"ကြာဖြူ. . ကိုကို့ကို မခင်ဘူးလား"

"ခင်. . ခင်ပါတယ် ကိုကို"

"ဒါဆို ကိုကိုနဲ့ လိုက်ခဲ့"

သူမ လက်ကိုဆွဲခေါ်တာကြောင့် ဆက်မငြင်းနိုင်တော့ပါ။ ကိုကိုတို့ခြံကြီးက ပန်းတွေစုံလင်လှသလို. . မြက်ခင်းစိမ်းစိမ်းပေါ်မှ ဒန်းဖြူဖြူလေးဆီ အကြည့်ရောက်သွား၏။

"ဟယ်. . ဒန်းလေး"

"ကြာဖြူ. . စီးချင်လား"

"ဟုတ်ကဲ့"

"အဟွန်း. . ဒါဆို မုန့်စားပြီးမှ စီးနော်. . လာ ခုတော့ အိမ်ထဲသွားရအောင်"

ကြီးကျယ်ခမ်းနားလှပသော တိုက်ကြီးထဲရောက်တော့ သူမ ကိုယ့်ကိုယ်ကို သိမ်ငယ်မိသွားရသည်။

"ကိုကိုတို့ သိပ်ကို ချမ်းသာတာပါလား"

"ဟော သား. . ဟင်. . သူလေးက"

ထမင်းစားခန်းကျယ်ကြီးထဲက စားပွဲထိပ်မှာ ခန့်ညားသော မောသော လူကြီးတစ်ယောက်က သူမကို နူးညံ့သောမျက်လုံးဖြင့် ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ. . ဒါ သားပြောပြတဲ့ ကြာဖြူလေ"

"ဩော် ဟုတ်လား၊ လှိုင်နဲ့အတန်း အတူတူပဲဆိုတာလား"

"ဟုတ်တယ် ဒက်ဒီ. . အခု မုန့်စားရအောင် သူ့ကိုခေါ်လာတာ"

"အင်း. . ချစ်စရာလေးပဲ"

ကြာဖြူသည် ဆင်းရဲပေမဲ့ မနက်ရောက်တာနှင့် သနပ်ခါးလိမ်းပြီးသားဖြစ်၏။

"ကြာဖြူက စာလဲတော်တယ် ဒက်ဒီရဲ့"

"ဟုတ်လား. . သမီးလေးက ဒါဆိုတော်တာပဲ. . ကဲကဲ. . သားတို့ မုန့်စားကြ. . ဒက်ဒီသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဒက်ဒီ"

ထိုလူကြီးထွက်သွားမှ ကြာဖြူအသက်ရှူချောင်တော့၏။

"အဲ့ဒါ ကိုကို့ဒက်ဒီပေါ့"

"ကိုကို့ ဒက်ဒီက ကိုကို့လိုပဲသဘောကောင်းတယ်နော်"

"ဒါပေါ့ကွ. . ကဲ ကြီးကြီး. . ကျွန်တော်တို့အတွက် မုန့်ပြင်ပေးပါ"

"အေးပါကွယ်"

ကိုကို တို့ ထမင်းချက်အဒေါ်ကြီးက စကားနည်း အေးဆေးပုံရ၏။ ကြာဖြူလိုက်လာတာ ဘာမှမပြော။





"ကြာဖြူ စား"

မုန့်ပန်းကန်များရောက်လာတော့ ကိုကိုက ကြာဖြူကို ကျွေး၏။

"ကိုကိုလဲ စားလေ"

"ကိုကိုက ဒါတွေ နေ့တိုင်းစားနေကျကွ. . ကြာဖြူသာ အောင်စား"

ကြာဖြူဟာန်မဆောင်နိုင်ပါ။ စားကောင်းတာကြောင့် နှစ်ပန်းကန်ကုန်သွား၏။

"ဝပြီလား. . ကြာဖြူ"

"ဟုတ်ကဲ့ ကိုကို"

"လာ. . ဒါဆို ခြံထဲသွားမယ်"

ကိုကိုက ချော့ကလက်တောင့်တွေ ကြာဖြူ့လက်ထဲထည့်ပေး၏။ ထို့နောက် နှစ်ယောက်သား ခြံထဲဆင်းခဲ့သည်။

"ကြာဖြူ ဒန်းစီး. . ကိုကိုလွှဲပေးမယ်"

"ဟုတ်ကဲ့ ကိုကို"

သူမ ဒန်းဖြူဖြူလေးပေါ်တက်ထိုင်လိုက်သည်။ ကိုကိုလွှဲပေးသော ဒန်းကိုစီးရတာ သူမဘဝတစ်သက်တာ မမေ့နိုင်စရာပါ။

"ပျော်လား ကြာဖြူ"

ဒန်းလွှဲပေးရင်း ကိုကိုမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူ. . သိပ်ပျော်တာပဲ ကိုကို"

မှန်တာပြောရလျှင် ဒီလိုမျိုး သူမဘဝမှာ ဘယ်တော့မ မကုန်ဆုံးစေချင်ပါ။ သို့သော် သူမ၏ ပျော်ရွှင်မှုက ကြာကြာ မခံလိုက်ပါ။

လှိုင်တို့ပြန်ရောက်လာ၏။

"ဟင်. . ကြည့်စမ်း မာမီ. . ကိုကို ဟိုကောင်မကို ခြံထဲ ခေါ်ထားတယ်"

ရယ်မောပျော်ရွှင်နေသော ကြာဖြူကိုကြည့်ကာ လှိုင်မနေလိုဖြစ်သွား၏။

ကိုကိုဟာ လှိုင့်အပေါ်မှာ ဘယ်တုန်းကမှ ဒီလိုမဆက်ဆံခဲ့။ အမြဲတမ်း မျက်နှာတည်တတ်သည်။

"ဟိတ်. . ကြာဖြူ. . နင် ဘာကိစ္စ ငါတို့ခြံထဲဝင်ပြီး ဒန်းလာစီးရတာလဲ"

"ဟင်. . လှိုင်"

လှိုင့်အသံကြောင့် ကြာဖြူ၏ ပျော်ရွှင်မှုများ ပျက်စီးသွားပြီ။ ကိုကိုလည်း ဒန်းလွှဲရပ်သွားသည်။

"လှိုင်. . ကြာဖြူကို ကိုကိုခေါ်လာတာပါ"

"ကိုကို ဘာလို့ခေါ်လာတာလဲ. . ကြာဖြူ နင် ကိုကို့မျက်နှာသာပေးတိုင်း ကမ်းမတက်နဲ့"





ကြာဖြူမျက်နှာငယ်သွားရ၏။

"လှိုင်. . ကိုကိုပြောနေတယ်လေ"

"မာမီ ဟော့ ဒီမှာ ကိုကိုလေ"

လှိုင့်အော်သံကြောင့် မာမီရောက်လာ၏။

"ဘာဖြစ်နေတာလဲ. . သား. ."

လှိုင်က ဦးအောင်တိုင်သည်။

"ဟောဒီမှာ မာမီ. . ပန်းသည်မကို ကိုကို ခြံထဲခေါ်လာတယ်"

"ဟင်. . လှိုင်. . နင် ရိုင်းလှချည်လား"

ကိုကိုမျက်နှာနီရဲသွား၏။ ကြာဖြူကတော့ လှိုင်၏ 'ပန်းသည်မ' ဆိုသော စကားကြောင့် ရင်နာသွားရသည်။ မျက်ရည်တွေ ချက်ချင်းဝဲလာ၏။

ကိုကို့မာမီက ကြာဖြူကို မျက်နှာတည်ဖြင့် ကြည့်သည်။

"ကြာဖြူဆိုတာ သူလားသား"

"ဟုတ်တယ် မာမီ. . ကြာဖြူက ခရေပန်းလေးတွေ ကောက်ပြီး တစ်ဖက်တစ်လမ်းက သူ့မုန့်ဖိုးရှာတာ"

"အင်း. . သား သနားရင် မုန့်ဖိုးလေးဘာလေးပေးလိုက်ပေါ့ကွယ်. . ခြံထဲတော့ ရှုပ်ရှုပ်ယှက်ယှက်တွေ ခေါ်မလာပါနဲ့"

"ကဲ. . လာ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကိုကို့မာမိက လျှို့လက်ကိုဆွဲကာ ထွက်သွား၏။

သူမမျက်ရည်များ တပေါက်ပေါက်ကျဆင်းလာသည်။

"ကိုကို. . ကြာဖြူ. . သွား. . သွားတော့မယ် နော်"

"နေ. . နေပါဦး ကြာဖြူ"

သူမ ခေါင်းတစ်ချက်ခါယမ်းလျက် နေရာမှ လှစ်ခနဲပြေ ထွက်ခဲ့တော့၏။

ကိုကိုနောက်မှ လှမ်းခေါ်ပေမဲ့ ကြာဖြူ လှည့်မကြည့် တော့။

❋

"ဟင်. . သမီး ဘာဖြစ်လာတာလဲ"

"အမေ"

အိမ်ရောက်တော့ အမေ့ရင်ခွင်ထဲဝင်ကာ ငိုရှိုက်မိ၏

အမေစိုးရိမ်စွာမေးတော့ သူမ မျက်ရည်များဖြင့် မေ ကြည့်လိုက်သည်။





"အမေ. . သမီးတို့ ဘာကြောင့် ဒီလောက်ဆင်းရဲနေရ တာလဲဟင်"

"အို သမီးရယ်"

အမေ ဝမ်းနည်းစွာငိုလေ၏။ အမေငိုတော့ သူမ စိတ်မ ကောင်းဖြစ်ရသည်။

"အမေ. . မငိုပါနဲ့နော်"

"သမီးရယ်. . သမီးလေးမျက်နှာငယ်နေပြီလား. . သမီး ကို ဘယ်သူတွေ ဘာပြောတာလဲကွယ်"

သူမ ငိုင်ခနဲဖြစ်သွားသည်။ ကြင်နာတတ်သော ကိုကို့ မျက်ဝန်းများကို မြင်ယောင်ကာ သူမ ခေါင်းခါယမ်းလိုက်၏။

"ဘယ်သူမှ ဘာမှမပြောပါဘူး အမေ"

"ဒါဆို သမီး ဘာလို့ငိုလာရတာလဲကွယ်"

"ဟင့်အင်း. . သမီး အခု မငိုတော့ဘူး အမေ"

သူမ မျက်ရည်တွေကို လက်ဖြင့် ခပ်ကြမ်းကြမ်းသုတ်လိုက် ၏။ ရင်ထဲမှာ သူမ ကျိတ်ငိုနေတာ အမေ မသိပါ။

❋❋



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကြာဖြူတို့အိမ်လား ခင်ဗျ"

အိမ်ရှေ့မှ ကိုကို့အသံကြောင့် အိပ်ရာထဲမှာ မှိန်းနေသော ကြာဖြူ မျက်လုံးတို့ ဆတ်ခနဲပွင့်လာသည်။

"ဟုတ်ပါတယ်ကွယ်. . ဒါနဲ့ သားက"

"ကျွန်တော် စောမင်းခိုင်ပါ အန်တီ. . ဒီနေ့ ကြာဖြူ ကျောင်းတက်တာမတွေ့လို့ လာမေးတာပါ"

"ဪ. . သမီးပြောနေတဲ့ ဆရာဝန်ကြီးသားကိုး. . လာပါကွယ်. . လာပါ. . သမီးလေး ကျောင်းမတက်တာ ဖျားနေလို့ပါ"

"ဟင်. . ဟုတ်လား အန်တီ"

သူ စိတ်ပူသွား၏။ အိမ်ရှေ့ခန်းဖျာပေါ်မှာလှဲနေသော ကြာဖြူကိုတွေ့တော့ စိတ်မကောင်းဖြစ်သွားရသည်။ ဖလန်ထည် အနွေးထည်နွမ်းနွမ်းလေးဖြင့် ကြာဖြူပုံစံက သနားစရာ။





"ကိုကို"

သူ ပြုံးပြလိုက်၏။

"ကြာဖြူ ကျောင်းမတက်လို့ ကိုကို စိတ်ပူပြီးလိုက်လာတာ"

သူမ နွမ်းနွမ်းလေးပြုံးပြ၏။

"ဟုတ်တယ် ကိုကို. . ကြာဖြူ နေမကောင်းလို့ပါ"

လှိုင်ပြောတဲ့စကားကြောင့် ကြာဖြူ စိတ်ထိခိုက်သွားတာလား. . သူ. . ကြာဖြူနဖူးလေးကို ဖွဖွစမ်းလိုက်သည်။

"ကြာဖြူ ကိုယ်တွေပူနေတာပါလား. . ဆေးခန်းသွားရဲ့လားဟင်"

"ဟင့်အင်းကိုကို. . အမေတိုက်တဲ့ဆေးဝဲသောက်ထားတယ်"

"ဆေးခန်းသွားမှပေါ့ ကြာဖြူရယ်. . ဘာလဲဟင် ကြာဖြူက ဆေးထိုးခံရမှာ ကြောက်လို့လား"

ကြာဖြူပြုံးနေလိုက်၏။ ကိုကို့မျက်နှာမြင်ရတာပဲ ကြာဖြူ စိတ်က ဝမ်းသာလှပြီ။

"ရော့. . ကြာဖြူ"

"ဟင်. . ခရေပန်းလေးတွေ"

"ဟုတ်တယ် ကြာဖြူ. . ကြာဖြူမလာတော့ ကိုကိုကောက်လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရယ်. . ကိုကို ကြာဖြူကို ခရေပင်ကြီးအောက်က စောင့်နေမှာပေ့ါနော်"

"ဒါပေ့ါကွယ်. . ကြာဖြူလာလာ. . မလာလာ ကိုကိုတတော့ အမြဲတမ်း စောင့်နေတယ်လေ"

"ကိုကိုရယ်"

ကိုကို့လက်ကို စိတ်ထိခိုက်စွာဖြင့် ကြာဖြူ တင်းတင်းဆုပ်ကိုင်ထား၏။

"ကြာဖြူ"

"ရှင်"

"ကြာဖြူ ဆေးခန်းသွားရအောင်. . ကိုကိုဆိုက်ကားသွားငှားလိုက်ဦးမယ်နော်"

"ဟင့်အင်း ကိုကို. . ကြာဖြူ မသွားချင်ဘူး"

ကိုကို့အပေါ်မှာ ကြာဖြူဆိုးနွဲ့မိ၏။

ကိုကိုက ကြာဖြူကို နှုတ်ခမ်းတင်းတင်းစေ့ကာ ကြည့်သည်။

"ဟင်းနော်. . ကြာဖြူ ကိုကိုက ကိုကို့စကားနားမထောင်ရင် စိတ်ဆိုးမှာ"

"ဟင့်အင်း. . ကိုကိုစိတ်မဆိုးရဘူး"

"ဒါဆို ကိုကို့စကားနားထောင် ဟုတ်လား"





ကြာဖြူ ခေါင်းညိတ်လိုက်ရ၏။ ကိုကိုဆိုက်ကားသွားငှားလာသည်။

"ကဲ. . အန်တီ. . ကြာဖြူကို ဆေးခန်းပြရအောင်နော်"

"အေးကွယ်"

ကိုကိုက ကြာဖြူကိုတွဲပေးသည်။ ကိုကိုက နောက်မှစက်ဘီးဖြင့် လိုက်လာ၏။

ဆေးခန်းမှာ ဆရာဝန်ကြီးက . .

"စိုးရိမ်စရာမရှိပါဘူး. . အားနည်းပြီး ဖျားတာပါ. . အနားယူလိုက်ရင် ပျောက်မှာပါ"

ကြာဖြူအတွက် ကျသင့်ငွေကို ကိုကိုရှင်းပေးသည်။

"ကြာဖြူနဲ့အန်တီ အိမ်ပြန်နှင့်နော်. . ကျွန်တော် တိစ္စလေးရှိလို့ သွားလိုက်ဦးမယ်"

ဟုဆိုကာ ကိုကိုထွက်သွားသည်။

"ကောင်လေးက သဘောကောင်းတယ်နော်. . သမီး"

သူမ သက်ပြင်းချလိုက်၏ လှိုင်သာသိလျှင် သူမ အပြောခံရမှာ၊ ခဏနေတော့ ကိုကို အထုပ်အပိုးတွေနှင့် ရောက်လာသည်၊

ဟော့လစ်. . အိုဗာတင်းနှင့် ပန်းသီးများအပြင် မုန့်မျိုးစုံပါဝင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ကြာဖြူဖို့. ."

"အများကြီးပဲ. . ကိုကို့ပိုက်ဆံတွေ ကုန်မှာပေါ့နော်"

"မကုန်ပါဘူးကွာ. . ဒါ ကိုကို့မုန့်ဖိုးထဲက စုထားတဲ့ ပိုက်ဆံနဲ့ ဝယ်တာပါ. ."

"အခုက ကြာဖြူ မြန်မြန်နေကောင်းဖို့ပဲ. . ဒါမှ ကိုကိုနဲ့ ကြာဖြူ ခရေပန်းတွေ အတူတူကောက်ရမှာ"

ကိုကို့အပြောကြောင့် ကြာဖြူ ချက်ချင်း နေကောင်းချင် သွားရသည်။

"ကြာဖြူလဲ ကိုကိုနဲ့အတူ ပန်းကောက်ချင်ပါတယ်"

သူမ ပြုံး၍ ပြောလိုက်၏။

"ဒါဆို နေကောင်းအောင်ကြိုးစား. . ဟုတ်လား"

"ဟုတ်ကဲ့ပါ ကိုကို"

ကိုကိုပြန်သွားတော့ သူမရင်မှာ ဟာကျန်ခဲ့သည်။ အမေက ကိုကို့ကို ဆုတွေပေးနေ၏။

"သူတော်ကောင်းလေး. . ကျန်းမာပါစေ. . ချမ်းသာပါ စေကွယ်"

❀❀





သူမ ကျောင်းပြန်တက်ချိန်မှာ ဝမ်းသာသောသူက ကိုကို ပင်။

"ကြာဖြူ နေကောင်းသွားပြီနော်"

"ဟုတ်ကဲ့ ကိုကို"

"ကြာဖြူနေကောင်းတာ ကိုကိုတော့ သိပ်ဝမ်းသာတာပဲ"

"ကိုကို့ကျေးဇူးကြောင့်ပါ"

"ဒီလိုမပြောပါနဲ့ကွာ. . ကဲ လာ. . ကြာဖြူ့ အတန်း ကိုကို လိုက်ပို့မယ်"

ကိုကိုက သူမကို အတန်းရှေ့လိုက်ပို့၏။ ဒါကို လှိုင်မြင် တော့ မျက်နှာစူပုပ်သွားသည်။ ထို့ကြောင့် ကြာဖြူ မျက်လွှာချကာ သိချင်ယောင်ဆောင်လိုက်၏။

ကိုကိုထွက်သွားတာနှင့် လှိုင်ရောက်လာသည်။

"ဟိတ် ကြာဖြူ. . ဟိုတစ်နေ့က ကိုကို နင်တို့အိမ်လာတာ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ လှိုင်. . ကိုကို ကြာဖြူနေမကောင်းလို့ လာမေးတာပါ"

"ဒီမှာ. . နင် ငါ့အစ်ကိုကို ကိုကိုလို့မခေါ်နဲ့. . နင် အဲ့ဒီလိုခေါ်ရအောင် နင်နဲ့ အဆင့်တူလို့လား"

ထိုစကားကြောင့် ကြာဖြူ ငိုချင်သွားရ၏။

"ဘာလဲ. . နင်က ငိုပြီး ကိုကို့သွားတိုင်ဦးမလို့လား"

"မဟုတ်ရပါဘူး လှိုင်ရယ်. . နင် မကြိုက်ရင် ငါ ကို. . အယ်. . သူ့ကိုမခေါ်တော့ပါဘူး"

မျက်ရည်လေးဝဲကာ သူမပြောလိုက်၏။

"အေး. . ကောင်းတယ်၊ နင် ကတိတည်ပါစေ"

လှိုင် အနိုင်နှင့်ပိုင်းပြီး ထွက်သွား၏။ ကြာဖြူမှာကျလာသော မျက်ရည်တွေကို ကျိတ်ကာ သုတ်လိုက်သည်။

ကျောင်းဆင်းချိန်ရောက်တော့ ကြာဖြူ အခန်းထဲမှ ပြေးထွက်ခဲ့၏။

"ကြာဖြူ. . ကြာဖြူ"

ကိုကိုခေါ်ပေမဲ့ လှည့်မကြည့်တော့။ ကိုကိုနောက်မှ ပြေးလိုက်လာ၏။

"ကြာဖြူ"

ဖျတ်ခနဲ သူမ လက်မောင်းကိုဆွဲဆုပ်ကိုင်ကာ ကိုကိုခေါ်





သည်။ သူမ နေရာမှာ ရပ်တန့်ငြိမ်သက်သွား၏။

"ကြာဖြူ. . ကိုကိုခေါ်တာကြားရက်နဲ့ ဘာ့ကြောင့် ထွက်ပြေးတာလဲ"

သူမ ခေါင်းငုံ့နေရာမှ နှုတ်ခမ်းလေးဖိကိုက်ကာ မျက်ရည်ဝဲစွာဖြင့် ကိုကို့ကိုကြည့်သည်။

"ကြာဖြူ. . ကိုကိုမေးတာဖြေလေ"

မတုန်မလှုပ် ကြာဖြူ့ပုံစံကြောင့် ကိုကို အသည်းယားသွား၏၊

"ကိုကို ကြာဖြူ့ကို နောက် ဘယ်တော့မှ မခေါ်ပါနဲ့နော်"

"ဘာ"

ရုတ်တရက် ကိုကို သူမမျက်နှာကို စူးစူးစိုက်စိုက်ကြည့်၏။ ထို့နောက် သက်ပြင်းချကာ. .

"ပြောစမ်းကြာဖြူ. . လှိုင်က ကြာဖြူကို ဘာပြောလိုက်ပြန်ပြီလဲဟင်"

"ဟင့်အင်း. . ဟင့်အင်း. . သူ ဘာမှမပြောဘူး ကိုကို"

"ကြာဖြူ. . ကိုကို့ကို ညာနေတာလား. . ကြာဖြူ မညာတတ်တာ ကိုကိုသိပါတယ်ကွယ်. .

"ဒီမှာကြာဖြူ. . လှိုင်ဘာပြောပြော ကိုကိုနဲ့ကြာဖြူ့ရဲ့ ခင်မင်မှုကို ဖျက်လို့မရပါဘူးကွာ. .



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်ဟာ ကိုကို့ညီမဆိုပေမဲ့ စိတ်ဓာတ်ချင်းမတူဘူး၊ ဒါကြောင့် ကိုကိုနဲ့ စိတ်ဓာတ်ချင်းတူနဲ့ ကြာဖြူကို ကိုကိုပိုခင်တာ"

"တိုက်ကိုရယ်"

ကြာဖြူ့ရင်ထဲမှာလည်း ကိုကို့အပေါ် ဘယ်လောက်ထိ လေးနက်စွာ တွယ်တာနေတယ်ဆိုတာ ပြောမပြတတ်ပါ။

"လာ ကြာဖြူ . . ကိုကိုတို့ အတူပြန်ကြမယ်"

"ဟင် . . လှိုင်နဲ့အတူတူမပြန်ဘူးလား"

ကိုကိုနှင့်လှိုင်ကို သူတို့အိမ်မ ကားဖြင့် ကြိုပို့လုပ်၏။

"ဒီနေ့တော့ ကြာဖြူနဲ့ပြန်မယ်"

"ကိုကို လမ်းလျှောက်ရင် ညောင်းနေမှာပေါ့"

"အဟား၊ ကြာဖြူတောင် လျှောက်နိုင်သေးတာ၊တဲ့ လာ"

ကြာဖြူ့လက်လေးကို ဆုပ်ကိုင်ကာ လမ်းလျှောက်ပြန်ခဲ့ကြ၏။

ခရေပင်ကြီးအောက်ရောက်တော့ မြေပေါ်တွင် ကျဲပြန့်နေသော ခရေပန်းတွေကို နှစ်ယောက်သားကောက်ကြ၏။

"မွှေးလိုက်တာနော်"

"ဟုတ်တယ် ကိုကို . . ကြာဖြူတော့ ဒီခရေပန်းလေးတွေကို သိပ်ကြိုက်တယ်"

"ကိုကိုလဲ ကြိုက်ပါတယ်ကွာ"

"တကယ်လား ကိုကို"





"တကယ်ပေါ့"

ထိုစဉ် လေအဝှေ့မှာ ခရေပန်းလေးတွေ ကြွေဝဲသာကြောင့် ပျော်ရွှင်စွာ လုယက်ကောက်ကြ၏။

ကိုကိုက ခရေပန်းများကုံးကာ သူမခေါင်းမှာ ပန်ပေး၏။

"ကြာဖြူ သိပ်လှသွားပြီ"

"အဟင်း . . ကိုကိုပန်ပေးတဲ့ ပန်းကြောင့်လားဟင်"

"အင်းပေါ့ကွ . . နေဦး ကြာဖြူကို ကိုကိုပုံဆွဲပေးမယ်"

ကိုကိုက စာအုပ်နှင့် ခဲတံထုတ်ကာ သူမပုံကို ရေးဆွဲပေးသည်။

"ဟင် . . ဒါ ကြာဖြူပုံလား"

"ဒါပေါ့ကွ"

"လှလဲ မလှဘူး"

ကြာဖြူ နှာခေါင်းလေးရှုံ့ပြောတော့ ကိုကိုရယ်၏။

"ကိုကိုကြီးလာရင် ကြာဖြူ့ပုံကိုတူအောင်ဆွဲပေးမယ်နော်၊ ခုတော့ ဒီပုံလေးသိမ်းထား . . ဟုတ်လား"

"ဟုတ်ကဲ့ ကိုကို"

ဘာပဲဖြစ်ဖြစ် ကိုကိုဆွဲပေးသောပုံလေးမို့ သူမ အမှတ်တရ သိမ်းထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မဲမျှော်လင့်သောချိန်မှာ ကိုကိုနှင့်ကြာဖြူတို့ ခွဲခွာရလေသည်။ ကိုကိုတို့စာမေးပွဲပြီးချိန်မှာ ဖြစ်၏။

"ကိုကိုတို့ နိုင်ငံခြားသွားရတော့မယ်"

"ဟင်"

ကိုကိုနှင့်ခွဲရတော့မည်ဆိုတာကြောင့် ကြာဖြူ ဝမ်းနည်းသွားရ၏။

"ကိုကို. . ဒီကို ဘယ်တော့မှ ပြန်မလာဘူးပေါ့နော်"

"ပြန်လာမှာပေါ့ကွာ. . ကိုကို တစ်နေ့ကျရင် ကြာဖြူ့ဆီ ပြန်လာမှာပေါ့ကွယ်"

"တကယ်လား ကိုကို. . အဲ့ဒီအချိန်ထိ ကြာဖြူ ကိုကို့ကို စောင့်နေပါ့မယ်"

သူမ မျက်ရည်တွေကျရင်း ပြောတော့ ကိုကို ကြင်နာစွာ မျက်ရည်သုတ်ပေးသည်။





"မငိုပါနဲ့ ကြာဖြူရယ်"

လှိုင်ကတော့ သူတို့ပြောင်းရမည့်အတွက် ဝမ်းသာနေ၏။ လှိုင် ဘာကြောင့် ဝမ်းသာတယ်ဆိုတာ သူမ သိပါသည်။ ကိုကိုနှင့်ကြာဖြူ ဝေးရတော့မည်မဟုတ်လား။

"ကြာဖြူ"

"ကိုကို"

"ကိုကို. . တစ်နေ့ကျရင် ကြာဖြူ့ဆီပြန်လာမယ်ဆိုတာ မြဲမြဲ မှတ်ထားနော်"

"ဟုတ်ကဲ့"

မသွားခင် ကိုကိုနှင့်အတူ ခရေပန်းလေးတွေကောက်ကြသည်။ ကိုကိုက ပန်းစာလုံးလေးတွေဖြင့်. .

ကိုကို + ကြာဖြူ . . တဲ့။

ထိုစာလုံးလေးကို သူမ စိုက်ကြည့်မိချိန်မှာ လေကြမ်းတစ်ချက်တိုက်ခိုက်မှုကြောင့် ပန်းတွေလွင့်ပြန့်ကုန်သည်။

အို. . ကိုကိုရယ်။

ကွဲပြန့်သွားသော ပန်းလေးတွေကိုကြည့်ကာ သူမ ဝမ်းနည်းစွာ မျက်ရည်များကျလာ၏။

ယခုတော့ မငိုပါနဲ့ ကြာဖြူရယ်လို့ ပြောမယ့်ကိုကို အနားမှာ မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပြောင်းသွားပြီးနောက် ထိုခရေပင်ကြီးအောက် သူမ မကြာခဏရောက်ခဲ့သည်။ ကိုကို ဘယ်အချိန်များ ရောက်လာမလဲ လို့ပေါ့။

ဒါပေမဲ့ ကိုကိုရယ်. .

အချိန်တွေသာ ကြာခဲ့ပါတယ်. .

ကိုကိုကတော့ ရောက်မလာခဲ့ဘူးနော်.

ခုတော့ ကြာဖြူ ဒီခရေပင်ကြီးအောက်က ကိုကို့ကို မစောင့်နိုင်တော့ဘူးကွယ်။

ဒါပေမဲ့. . ကြာဖြူရင်ထဲမှာ ကိုကိုအမြဲရှိနေမှာပါ ရှင်။





သည်တစ်ကြိမ်နဲ့ပါဆို သူ ဒီအိမ်လေးသို့ရောက်တာ သုံးခေါက်ရှိပြီ။ သို့သော် ပိုင်ရှင်မဲ့သော အိမ်လေးက ပိတ်ထားမြဲ။

"ဟော့ အစ်ကိုလာပြန်ပြီနော်"

သူ့ကိုမှတ်မိနေသော ကောင်လေးက နှုတ်ဆက်၏။ သူ ဖုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"သူတို့ပြန်ရောက်နေပြီလားလို့. . ကိုယ် လာကြည့်တာပါ ညီ"

"သူတို့ ဒီကပြောင်းသွားတာကြာပြီအစ်ကို. . ဘယ်ကို ပြောင်းသွားမှန်းလဲ ကျွန်တော်တို့မသိဘူး"

"ဪ"

သူက လူသူကင်းမဲ့နေသော အိမ်လေးကို အတန်ကြာ ငိုတ်ကြည့်မိ၏။ ထိုအခါ ဂါဝန်လေးနှင့် ကလေးမတစ်ယောက်ပုံ ရိပ် မြင်ယောင်လာသည်။

၆



www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူ"

သူ့ရင်ထဲက နင့်သည်းစွာ သတိရရင်း နှုတ်ဖျားမှ တိုးဖွ ဖွခေါ်မိ၏။

"အစ်ကိုက သူတို့ကို သိလို့လား"

ကောင်လေးအမေးကို သူ ခပ်ဖြည်းဖြည်းခေါင်းညိတ်ပြ လိုက်၏။ ကောင်လေးမျက်နှာက အံ့သြနေဟန်။

"အစ်ကိုက ကြာဖြူတို့နဲ့ သိတယ်ဟုတ်လား"

"အင်း ဟုတ်တယ်"

"အံ့သြစရာပါလား. . အစ်ကိုလို သူဌေးက ကြာဖြူတို့လို ဆင်းရဲတဲ့လူနဲ့သိတာ. ."

တကယ်တော့ ကောင်လေးအံ့သြတာ မဆန်းပါ။ ကောင် လေးအမြင်မှာ ကားအကောင်းစားကြီးစီးလာသော သူနှင့် မြေစိုက် တဲအိမ်သာသာတွင်သာ နေခဲ့သော ကြာဖြူတို့သိတာ မိုးနဲ့မြေကွာ ခြားသလိုမဟုတ်လား။

"ခင်မင်တာမှာ. . ဆင်းရဲတာ ချမ်းသာတာမရှိပါဘူး ညီရယ်"

"ဒါနဲ့ ကြာဖြူတို့ပြောင်းသွားတော့ သားအမိနှစ်ယောက် တည်းလား"

"မဟုတ်ဘူး အစ်ကို. . သူ့အမေက နောက်အိမ်ထောင်





ပြုလိုက်တယ်. . အခု ပြောင်းသွားတာကလဲ ဦးဝင်းအောင် အလုပ် ပြောင်းရလို့ပဲ"

"သြော်. . ကြာဖြူအမေက နောက်အိမ်ထောင်ပြုလိုက် တာကိုး"

အင်း. . ပထွေးနဲ့နေရတဲ့ ကြာဖြူဘဝလေး စိတ်ချမ်းသာ ရဲ့လား. . သူ ကြာဖြူအတွက် စိုးရိမ်သွားမိ၏။ ကြာဖြူ၏ လှပ်ရှား ဟန်လေးများကိုကြည့်ကာ သူ သက်ပြင်းကျိတ်ချမိသည်။

ကိုကိုအရောက်လာပေမဲ့ ကြာဖြူ မရှိတော့ပါလားကွယ်။

"ကဲ ညီ. . ကိုယ်ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အစ်ကို"

သူ ကားပေါ်တက်၍ မောင်းခဲ့သည်။ ထို့နောက် လမ်း ထိပ်ခရေပင်ကြီးအောက်ရောက်တော့ ကားကိုရပ်မိ၏။ မြေပေါ် မှာ ခရေပန်းတွေကျဲနေပေမဲ့ ကောက်မယ့်သူ မရှိတော့ပါလား။

သူ ကားပေါ်မှ တစ်လှမ်းချင်း ဆင်းခဲ့၏။ ထို့နောက် ခရေ ပန်းလေးတွေ တစ်ပွင့်စီကောက်မိသည်။ ရင်ထဲမှာ ကြာဖြူကို သတိရစိတ်က ပြင်းပြင်းထန်ထန်ပင်။

"ကိုကို"

ဟူသော ခေါ်သံလေးကြားရမလားဟု စိတ်ကူးနှင့် မျှော် ၏။ သို့သော် ခရေပင်အောက်မှာ သူတစ်ယောက်တည်း တိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်နေသည်။ လေအဝှေ့မှာ ခရေပန်းရနံ့ကို သူအားပါးတရရှူ ရှိုက်လိုက်သည်။

ဟင်း. . ကြာဖြူရယ်။

လူတွေကတော့ ခရေပန်းကောက်နေတဲ့ သူ့ကို ထူးဆန်း နေမှာ သေချာသည်။

ဘယ်သူတွေ ဘယ်လိုထင်ထင် သူ ဂရုမစိုက်ပါ။ သူ့စိတ် တို့က အတိတ်ကိုသာ သတိရနေ၏။

ကြာဖြူနဲ့အတူ ပျော်ရွှင်စွာ ပန်းကောက်ခဲ့တာတွေလေ. . ကြာဖြူ ခေါင်းမှာ ပန်းပန်ပေးခဲ့တာတွေ. . ကြာဖြူရယ်ဟန်တွေ. . အို အားလုံးဟာ ကိုကို့အတွက် အမှတ်ရစရာပါလား ကြာဖြူရယ်

ယခုနေ ကြာဖြူကိုတွေ့လျှင် သူ မှတ်မိပါ့မလား။ ကြာ ကတော့ နှစ်တွေက ကြာခဲ့ပြီမဟုတ်လား။

သူ ခေါင်းတစ်ချက်ခါယမ်းကာ ကားဆီပြန်လာခဲ့သည်

ကိုကိုရှာနေတယ် ကြာဖြူရယ်. .

မင်းဘယ်မှာလဲ. .

တကယ်တော့ သူ ဒီကိုပြန်လာတာ ကြာဖြူကိုတွေ့ဖို့ သူပေးခဲ့သည့် ကတိအတိုင်း ကြာဖြူ့ဆီရောက်အောင်ပြန်လာခဲ့သည် ပါ၏။ သို့သော်. . ကြာဖြူ မရှိ။

အိမ်ပြန်ရောက်တော့ မမျှော်လင့်သူတစ်ဦးက ကြို သည်။





"ဟင် ပပ"

"ဟုတ်တယ် ဒေါက်တာ. . ဒေါက်တာရောက်နေတယ်ဆို လို့ ပပလာတာ"

"ဪ"

ခေတ်ဆန်ချောမောသော ပပကို သူ ပြုံးကြည့်လိုက် သည်။ ပပနှင့်က နိုင်ငံခြားမှာသိခဲ့တာ. . လူကြီးချင်းလည်း ခင်မင်ရင်းနှီးကြ၏။ မှန်တာပြောရလျှင်တော့ လူကြီးတွေက သူနှင့် ပပကို သဘောတူနေသည်။

ယခုလည်း ပပက ဒီမှာ ကုမ္ပဏီဖွင့်ထား၏။ တကယ် တော့ ပပကသွက်လက်ထက်မြက်သော မိန်းကလေးဖြစ်သည်။ လူကြီးတွေသဘောကို လိုက်လျောစွာ သူ ပပကို ခင်မင်စွာ ဆက် ဆံပေမဲ့ စိတ်ဝင်စားခြင်း မရှိပါ။

အမှန်ဆို သွက်လက်ချောမောသော ပပကို သူ စိတ်ဝင် စားသင့်ပါ၏။ ယောကျ်ားတစ်ယောက်အတွက် ပပဟာငြင်းပယ် စရာမရှိပါ။

သူ အခန်းသော့ကိုဖွင့်လိုက်၏။ ပပက လိုက်ဝင်လာ သည်။

"ဒေါက်တာက ဒီမှာပဲ နေမလို့လား. . ဒေါက်တာတို့အိမ် မှာ နေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖလောလောဆယ်တော့ ဒီမှာပဲနေမယ် ပပ. . မာမီတို့ ပြန်လာမှ အိမ်မှာနေမယ်. .

"အိမ်ကိုလဲ ရှင်းရဦးမှာလေ"

"ဟုတ်တာပေ့ါ. . အိမ်ရှင်းတဲ့နေကျရင် ဖပကို ပြောနော် ဝိုင်းကူရှင်းပေးမယ်"

"ကျေးဇူးပါပဲဗျာ"

ပပထံမှ လတ်ဆတ်သင်းမွှေးသော ရနံ့ကိုရ၏။

"ကျေးဇူးတင်စရာမလိုပါဘူး ဒေါက်တာရယ်၊ ဒေါက်တာ တို့ ပပတို့ဟာ သူစိမ်းတွေမှ မဟုတ်တာပဲ. .

"ဒေါက်တာက ဒီပြန်ရောက်တာ ပပကိုတောင် ဖု မဆက်ဘူး"

ပပက မကျေမနပ်အပြစ်တင်၏။

"အားနာလို့ပါဗျာ. . ပပတို့လေယာဉ်ကွင်းလာကြို အလုပ်ရှုပ်မှာ စိုးလို့ပါ"

"ဟင်း. . ဒါကတော့ ဒေါက်တာစိမ်းတာပါရှင်. . ဘ လောက်ပဲ အလုပ်ရှုပ်ပါစေ. . ပပက ဒေါက်တာအတွက်ဆို အ ဖို့ကြိုးစားမှာပါ. . ဒါနဲ့ ဒေါက်တာ မနက်အစောကြီး ဘယ်သွ တာလဲ"

ပပအမေးကြောင့် သူ တစ်ချက်ငိုင်သွား၏။ ထို့နော သက်ပြင်းမွှဖွဖချကာ. .





"လူသွားရှာတာ"

"ဟင်. . လူသွားရှာတာ ဘယ်သူ့ကိုလဲ ဒေါက်တာ"

သူ ဖျော့ဖျော့ပြုံးကာ ဖြေသည်။

"ကျွန်တော့်ညီမဝမ်းကွဲတစ်ယောက်ကိုပါ"

"ဩော်"

ယခုမှ ပပမျက်နှာက စိုးရိမ်ဟန်မှ ပျောက်သွား၏။

"ဒါနဲ့ တွေ့ခဲ့လား ဒေါက်တာ"

"ဟင့်အင်း. . သူတို့ဘယ်ပြောင်းသွားမှန်း မသိဘူး"

"ကျွန်မ ကူရှာပေးမယ်လေ"

"နေပါစေဗျာ"

"ဘာဖြစ်လို့လဲ. . အားနာလို့လား"

"အဟွန်း. . မဟုတ်ပါဘူး. . သူနဲ့ကျွန်တော်က ကွဲသွား တာကြာတော့ ပြန်တွေ့ရရင်တောင် မှတ်မိဖို့ခဲယဉ်းတယ်လေ"

"ဩော်. . ဒီလိုလား"

ပပက သူ့အခန်းကိုလျှောက်ကြည့်၏။

"ဒေါက်တာတစ်ယောက်တည်းနေတာဆိုတော့ စားရေး သောက်ရေး အဆင်ပြေပါ့မလား"

"ပြေပါတယ်. . ကျွန်တော် အပြင်ထွက်စားလိုက်တာ များ ပါတယ်. . တစ်ခါတလေတော့လဲ ပေါင်မုန့်နဲ့ကော်ဖီသောက်လိုက် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို. . ဒေါက်တာကလဲ. . ကျွန်မတို့ရှိနေရက်နဲ့ ဒီလို ဒုက္ခခံတာ ဘယ်ကောင်းမလဲ. . ဒေါက်တာ စားသောက်ရေး အတွက် ကျွန်မ တာဝန်ယူပါရစေ. ."

"နေပါစေဗျာ. . ကျွန်တော်ကလဲ ဂျူတီဝင်နေရတာဆို တော့ စားသောက်တာ အချိန်မမှန်ဘူးလေ. . ခုလိုပြောတာ ကျေး ဇူးတင်ပါတယ်"

"ဟင်း. . ဒေါက်တာက သိပ်စိမ်းတာပဲ. . ခုလာတာ ဒက်ဒီနဲ့ မာမီက ဒေါက်တာကို မနက်ဖြန်ညစာ ကျွေးဖို့ ဖိတ်ခိုင်း လိုက်လို့ ဘယ်လိုလဲ. . ဒေါက်တာ လာမယ်မဟုတ်လား"

"အင်း. . လာရမှာပေါ့ဗျာ. . ပပကော အလုပ်တွေ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ်. . မှန်တာပြောရရင် အလုပ်တ ခပ်ရှုပ်ရှုပ်ပဲ"

"ပပကိုတော့ ချီးကျူးပါတယ်ဗျာ. . ငယ်ငယ်ရွယ်ရွယ်နဲ့ လုပ်ငန်းတစ်ခုကိုဦးဆောင်နိုင်တာ"

"အဟင်း. . ဒေါက်တာလဲ တော်တာပါပဲနော်. . နိုင်ငံခြား က ဒေါက်တာဘွဲ့ယူပြီး ဒီမှာ လာလုပ်တာလေ"

"ဩော်. . ဒါကတော့ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးအတွက် ပဲဗျာ"





နောက်တစ်ချက်ကတော့ ကြာဖြူကိုတွေ့ရန်ဆိုတာ ပပ အား မပြောတော့ပါ။

"ကဲ ပပပြန်မယ် ဒေါက်တာ"

"ကောင်းပါပြီဗျာ"

ပပကို သူ ကားနားထိလိုက်ပို့ပေးသည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ချောမောခန့်ညားသော ဒေါက်တာစောမင်းခိုင် ကို ပပ စိတ်ဝင်စားတာ မလွန်ပါ။

တကယ်ဆို ပပအနားမှာ စိတ်ဝင်စားတဲ့ ယောကျ်ားတွေ ရှိ၏။ ဒါပေမဲ့ သူမက ဒေါက်တာစောမင်းခိုင်ကလွဲ၍ ဘယ် သူ့ကိုမှ စိတ်မဝင်စား။ ဒါကို ဒေါက်တာသိပါရဲ့လားကွယ်။

❋❋



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့တော်သည် နေရောင်ခြည်အောက်မှာ စည်ကားရှုပ်ထွေးနေပါ၏။ ဘယ်ကိုကြည့်ကြည့် များပန်းခပ်မျှလူတွေ လှုပ်ရှားနေသည်။ ထိုလူတွေထဲမှာ သူမလည်း အပါအဝင်ဖြစ်၏။

အမေ့အတွက် မြို့ထဲလာပြီး ခတ်စားဝယ်ခြင်းဖြစ်သည်။ ဘတ်စ်ကားစီးရန်အတွက် တစ်ဖက်လမ်းသို့ သူမ အကူးတွင်. .

"ကျွို"

"ဗိုး. . အမေ့"

တစ်ဖက်မှလာသော ခဲရောင်ရင့်ရင့် လင့်ခ္ဓရုဇာကားကြီးမှာ အချိန်မီ ဘရိတ်အုပ်သွားလို့သာ သူမမှာ လန့်၍ နေရာတွင် လဲသွားသည်။

ကားပေါ်မှ လူတစ်ယောက် ခပ်သွက်သွက်ဆင်းလာ၏။ ထိုလူ့ပုံစံမှာ ဂျင်းဘောင်းဘီပြာ တီရှပ်အနက်နှင့် မျက်မှန်မည်း တပ်ထားသည်။





"မင်းဘာဖြစ်သွားသေးလဲ မိန်းတလေး"

"ဗိုး. . ဟင့်အင်း။ ကျွန်မ ဘာမှမဖြစ်ဘူး. . ရုတ်တရက်လန့်ပြီး လဲသွားတာ"

ဖြူဖွေးသော မျက်နှာလေးမှာ အနည်းငယ်နီကာ သူမ ဖြေရင်းမတ်တတ်ရပ်ဖို့ ကြိုးစား၏။

"ဆောရီးကွာ. . မင်းက ကိုယ်ဟွန်းတီးနေရက်နဲ့ လမ်းဖြတ်ကူးတာကိုး"

အရေးထဲ သူမကို လာအပြစ်တင်နေတာကြောင့် စိတ်တိုသွားရ၏။

"ဗိုး. . ကျွန်မမှ မကြားဘဲ. . ရှင့်ကြောင့် ကျွန်မစီးမယ့် ဘတ်စ်လွတ်သွားပြီ"

သူမပြောရင်း ကျဲပြန့်သွားသော ပန်းသီးတွေ လိုက်ကောက်၏။ အမေစားချင်လှပါကာယ်ဆို၍ ဈေးကြီးပေးကာ ထိုပန်းသီးများကို သူမ ဝယ်လာခြင်းဖြစ်သည်။

သူလိုက်ကောက်ပေးရင်း. .

"ဒါဆို ခင်ဗျားပြန်မယ့်နေရာ ကျွန်တော်လိုက်ပို့မယ်"

"ဘာရှင့်"

ယခုမှတွေ့သော သူစိမ်းယောက်ျားတစ်ယောက်က သူမကို လိုက်ပို့မည်ဆိုတာ ဘာသဘောလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . တစ်မျိုးမတွေးနဲ့တော်. . ကိုယ်က စေတနာနဲ့ ပြောတာ"

"အို ရပါတယ်. . ကျွန်မဘာသာပြန်မယ်"

သူမ ပစ္စည်းတွေကောက်ပြီးတာနှင့် နေရာမှထွက်ခဲ့သည်။

သူ ပခုံးတစ်ချက်တွန့်ရင်း ကားပေါ်တက်ခဲ့၏။

အင်း. . ကောင်မလေးက အတော်လှတာပဲ။

အရပ်မနိမ့်မမြင့်မှာ အသားလေးတွေ ဝင်းအိနေကာ . . လှပသော ခန္ဓာကိုယ် အချိုးအစားနှင့် မျက်ခုံးနက်နက်. . မျက်တောင်ကော့ထူထူရှည်ရှည်များအောက်မှ ပြာလဲ့ကြည်စင်သော မျက်ဝန်းအစုံမှာ လှပကာ နက်မှောင်ရှည်လျားသော ဆံပင်များက အဖျားတွင် အနည်းငယ်ကော့လျက်ထူထဲလှ၏။ နှာတံစင်းချွန်ချွန်၊ နီထွေးသော နှုတ်ခမ်းအစုံဖြင့် ချယ်သခြင်းကင်းသော မိန်းကလေး၏ သဘာဝအလှကို ရုတ်တရက် သူ သတိပြုမိတာ လွန်မည်မထင်။

မှန်တာပြောလျှင် သူက မိန်းကလေးလှလှလေးတွေကို စိတ်ဝင်စားသည်။ ဒါပေမဲ့ သူ တွေ့ဖူးသမျှ မိန်းကလေးတွေကတော့အားလုံး ခေတ်မီအပြင်အဆင်များနှင့် ဝတ်နိုင်စားနိုင်သော သူတွေပင်။

သူမလေးကတော့ ရိုးရိုးချည်သားပွင့်နက် ဝမ်းဆက်လေး





ဖြင့် နားမှာ တစ်လုံးတည်းသော ပုလဲနားကပ်လေးမှလွဲ၍ တခြား တန်ဆာပစ္စည်း ဘာမှမရှိပါ။ သို့တိုင်အောင် သူမအလှက ငြိမ်းငြိမ်း ချမ်းချမ်းနှင့် ရင်ထဲ အေးမြလှ၏။

သူမလေးက မာနတော့ရှိသည်၊ သူ လိုက်ပို့မယ်ဆိုတာကို လက်မခံ။ အင်း. . သူကလည်း ဒါမျိုးမှ စိတ်ဝင်စားတာ. . သို့သော် သူငယ်ချင်းတစ်ယောက်နှင့် ချိန်းထားတာရှိသေးသည်၊ သူမကိုကြည့်လိုက်တော့ ဘတ်စ်ပေါ်တက်သွားပြီ။ သူလည်း ထိုနေရာမှ ထွက်ခဲ့၏။

"ဘယ်လိုလဲကွ ရဲတိုက်. . နောက်ကျလှချည်လားကွ"

သူ ပခုံးတစ်ချက်တွန့်ကာ ပြုံးသည်။

"လမ်းမှာ ကောင်မလေးတစ်ယောက်ကို ဝင်တိုက်မလိုဖြစ်လို့ကွ"

"အင်း. . မင်းကတော့ အရာရာ ပြဿနာပဲလားရဲတိုက်ရာ. . ဒါနဲ့ ဘယ်လိုဖြေရှင်းခဲ့လဲ"

"အဟွန်း. . တကယ်သာတိုက်မိရင် ခုချိန်ဆို ငါ ရဲစခန်းရောက်နေပြီ မင်းခိုင်ရ. .

"တော်သေးတယ်. . ကားကို အချိန်မီ ဘရိတ်အုပ်နိုင်လို့"

"ဟုး တော်သေးတာပေါ့"

စောမင်းခိုင်က သူ့ကိုယ်စား သက်ပြင်းချ၏၊ သူနှင့်ငဲ



www.burmeseclassic.com

www.burmeseclassic.com



တိုက်စိုးက နိုင်ငံခြားမှာ ခင်မင်လာသူတွေ. . ရဲတိုက်စိုးဖခင်က အလွန်ချမ်းသာသော လူတစ်ယောက်။ မကြာခင်ကမှ ရဲတိုက်စိုးကို နိုင်ငံခြားမှပြန်ခေါ်ကာ ကုန်တိုက်ကြီးတစ်ခုကို အုပ်ချုပ်စေ၏။

ရဲတိုက်စိုးဖခင်က လုပ်ငန်းပေါင်းများစွာ ပိုင်ဆိုင်သူ. . နိုင်ငံခြားမှာလည်း အစုရှယ်ယာတွေ ထည့်ထည့်ထား၏။

ရဲတိုက်စိုးက တစ်ဦးတည်းသောသားဖြစ်၏။ ငွေကြေးချမ်းသာကြွယ်ဝသလောက် ရဲတိုက်စိုးတို့မိသားစုက မပြေလည်။ ရဲတိုက်စိုးမိဘတွေက ကွဲနေသည်။

သည်တော့ ရဲတိုက်စိုးကလည်း သူ ပျော်သလိုနေ၏။ ဘွဲ့တစ်ခုရအောင်ယူထားပေမဲ့ ဘာအလုပ်မှ စိတ်မဝင်စားသူ ဝါသနာပါသော ဂေါ့ဖ်ရိုက်မည်။ မိန်းမလှလေးတွေနှင့်တွဲမည်။ ငွေဆိုတာက သူ့အတွက် မလိုချင်အဆုံး။

သို့သော် မကြာခင်ကမှ ရဲတိုက်စိုးဖခင်က စည်းတမ်းသတ်မှတ်လိုက်၏။

သူဖွင့်ထားသော ကုန်တိုက်ကြီးကို မအုပ်ချုပ်လျှင် ရဲတိုက်စိုးကို သားအဖြစ်မှ စွန့်လွှတ်မည်ဟု. .

တစ်ခါတစ်ရံမှာ သူ့ဖခင်ပြတ်သားမှုန်းသိသော ရဲတိုက်စိုးက ထိုအလုပ်ကို လက်ခံလိုက်ရ၏။

"ဘယ်လိုလဲ. . မင်းခိုင်၊ မင်း ငါ့ကို ခေါ်တဲ့ကိစ္စက"





"အေးကွာ. . ဒီမှာတိုင်ပင်စရာရှိလို့ မင်းပဲရှိတာ. . တစ်နေ့က ပပမိဘတွေက ငါ့ကိုခေါ်ပြီး ညစာဖိတ်ကျွေးတယ်. .

"အဲဒီမှာ သူတို့သမီးနဲ့ ငါ့ကို စေ့စပ်ဖို့ပြောတယ်. . ဒက်ဒီတို့က ဖုန်းဆက်ပြီး သူတို့မေးပြီးပြီတဲ့. . ငါ သဘောတူဖို့ပဲတဲ့"

သူပြောသမျှ ရဲတိုက်စိုးက ခေါင်းတညိတ်ညိတ် လက်ခံနားထောင်၏။ တကယ်တော့ ရဲတိုက်စိုးနှင့် စောမင်းခိုင်ဆိုတာ အချစ်ဆုံးသူငယ်ချင်းတွေ တက္ကသိုလ်တက်တော့ လိုင်းချင်းကွဲသွားကြ၏။

ပပကိုလည်း ရဲတိုက်စိုးသိတာပါပဲ။ ခေတ်မီချောမောလှပသော မိန်းကလေးဖြစ်၏။ မိဘတွေကလည်း အဆင့်အတန်းရှိသူတွေ။

"ပပနဲ့ဆို မဆိုးပါဘူး. . ပပက ချောတာပဲ. . မင်းနဲ့လဲ သိုက်တယ် မင်းခိုင်"

မှန်တာပြောရလျှင် စောမင်းခိုင်က မိန်းကလေးတွေနှင့် တော်သက်လျှင် ကင်းရှင်းသူ။ သူ့ဘာသာစာကြိုးစားကာ ရိုးရိုးအေးအေးနေသူ။ဒါကိုပဲ ပပ သဘောကျခြင်းဖြစ်မည်။

"ဟင်း. . ဒါပေမဲ့ ငါ ပပကို စိတ်ဝင်စားမရဘူးကွာ"

"ဘာဖြစ်လို့လဲ. . မင်းမှာ ချစ်သူရှိနေလို့လား"

စောမင်းခိုင်ကိုအကဲခတ်ရင်း သူမေး၏။ စောမင်းခိုင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ငြိမ်သွားပြီးမှ ခပ်တိုးတိုးဖြေ၏။

"ဟင့်အင်း. . မရှိပါဘူး"

"ဒါဆို မင်းက ဘာလို့ ပပကို ငြင်းမလဲ. . အမှန်ပြောရရင် ပပကိုကြိုက်တဲ့လူတွေများသားပဲ"

"အဲ့ဒီမှာ မင်း မပါဘူးလား ရဲတိုက်စိုး"

စောမင်းခိုင် အမေးကို ရဲတိုက်စိုး တဟားဟားရယ်ကာ ခေါင်းခါရမ်း၏။

"ငါက အဲဒီလို ထက်မြက်တဲ့ မိန်းကလေးတွေ သဘော မကျဘူးကွ. . မိန်းမဆိုတာ ယောက်ျားနောက်ကပဲရှိရမယ်. . ဥပမာ ရိုးရိုးအေးအေးပေါ့"

ရဲတိုက်စိုးပြောရင်း လမ်းမှာတွေ့ခဲ့သော မိန်းကလေး ဖျတ်ခနဲ သတိရမိ၏။

တကယ့်ကို ရိုးရိုးအေးအေးလေးနဲ့ လှတာပဲ။

"ဒါဆို ငါကျတော့ ဘာလို့ သဘောတူလဲ"

"အဲ့ဒါလား. . တစ်အချက် ပပက မင်းကို စိတ်ဝင်စား တယ်. . နှစ်အချက် လူကြီးမိဘတွေကလဲ မင်းတို့ချင်း သဘော တူထားတယ်. . သုံးအချက်ကတော့ မင်းက ရိုးအေးတည်ကြည် တော့ ပပလို ထက်မြက်သွက်လက်တဲ့ မိန်းကလေးနဲ့ပဲ လက် သင့်တယ်ကွ. .





"ငါက ဘာလို့သဘောမကျတာလဲဆိုတော့ ငါကိုယ်တိုင် က တအားသွက်နေလို့လေ. . ဟား ဟား"

ရဲတိုက်စိုးစကားကြောင့် စောမင်းခိုင်ပြုံးမိ၏။ မိန်းကလေး တွေအလယ်မှာ ရဲတိုက်စိုး ဘယ်လောက်မျက်နှာပွင့်တယ်ဆိုတာ သူသိပါသည်။

"ဒါနဲ့ မင်းနဲ့တွဲနေတဲ့ မိန်းကလေးတွေထဲက တစ်ယောက် ယောက်ကိုများ မင်း အတည်တကျချစ်ဖို့ စိတ်ကူးမရှိဘူးလား ရဲတိုက်"

"နိုးနိုး. . သူတို့ကို ချစ်မိရင် ငါ အသည်းကွဲမှာပေါ့"

"ဒါဖြင့် မင်း ဘာလို့တွဲလဲ"

"ဒါကတော့ မလွန်ဆန်နိုင်တဲ့ သဘောတရားတွေပေါ့ကွ၊ တကယ်တော့ ငါက အချစ်ကို မယုံဘူးကွ. . မင်းကြည့်ပါလား. .

"ငါ့ဒက်ဒီနဲ့ မာမီလဲ ချစ်လို့ယူပြီး ခုတော့ ကွဲသွားတာ တုတ်လား"

"ဩော်. . ဒါကတော့ အယူအဆချင်း မတူလို့နေမှာပေါ့ "

"တော်စမ်းပါ မင်းခိုင်ရာ. . တကယ်ချစ်ရင် သည်းခံနိုင် ပေါ့. . ခုဆို ငါ့အဖေယူထားတဲ့ နောက်မိန်းမကတော့ ဘာ လဲ. . ဒက်ဒီကို တကယ်ချစ်လို့မဟုတ်ဘူးကွ. . ဒက်ဒီ့ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ကိုမက်လို့. . ငါတော့ မိန်းမတွေကို အထင်မကြီးဘူးပေါ့ကွာ"

"ဟိတ်ကောင်. . အားလုံးကို ကျုံ့မပြောပါနဲ့ကွာ. . မိန်း တိုင်း မဟုတ်နိုင်ပါဘူး. .

"ကောင်းတဲ့ မိန်းမတွေလဲ ရှိဦးမှာပါ ရဲတိုက်ရာ"

ထိုအခါ ဖြူနုလှပသော မိန်းမချောလေးကို သတိရမိ

"အေး ဟုတ်မလားပဲ. . ခုတောင် သူများနဲ့မတူတဲ့ မိန်း လေးတစ်ယောက်ကို ငါတွေ့ခဲ့သေးတယ်"

"ဘယ်သူလဲ"

"အခု. . မင်းဆီလာတော့ ငါကားနဲ့တိုက်မိသလိုဖြစ် မိန်းကလေးကွ. . လှတယ်ကွာ. . အတော်လှတယ်. . ရိုးရိုး အေးလေးနဲ့ မာနလဲ ရှိပုံပဲ. . ငါ လိုက်ပို့မယ်ဆိုတာကို သူ လက် ဘူးကွ"

ရဲတိုက်စိုးပြောသမျှ သူ ငြိမ်သက်စွာ နားထောင်နေမိ အမှန်ဆို ရဲတိုက်စိုးက သူဌေးသားမို့ မိန်းကလေးတွေ ကိုယ်တိုင် မဆွတ်ခင်က ညွတ်ချင်နေကြသည်။

ရဲတိုက်စိုးပြောတဲ့ မိန်းကလေးကတော့ အားလုံး ထူးဆန်းနေသည်။

"ဘာလဲ. . မင်းက မင်းတွဲနေတဲ့ မိန်းကလေးတွေ လို့ သဘောထားပြီး သွားရောတာလား"





"မဟုတ်ပါဘူးကွာ. . သူက ဘတ်စ်မမီတော့ဘူးဆိုတော့ ငါ့ရင်ထဲ ကရုဏာဖြစ်ပြီး လိုက်ပို့ချင်မိတာပါကွာ"

"အဟွန်း. . တော်တော်ဆန်းတာပဲ. . မင်း ကရုဏာဖြစ် တဲ့ မိန်းကလေးဆိုလို့ အဲ့ဒီတစ်ယောက်ပဲရှိတယ်"

"အေး. . အဲ့ဒါတစ်ခုတော့ ငါ ဝန်ခံတယ်ကွ. . တောက် နာမည်လေးတောင် မသိလိုက်ရဘူး"

"လုပ်မနေနဲ့ ရဲတိုက်. . ဟိုမိန်းကလေး သူ့ဘာသာ ရိုးရိုး အေးအေးနေပါစေ"

ထို့နောက် သူငယ်ချင်းနှစ်ယောက်ရယ်လိုက်ကြ၏။

"ဒါနဲ့ မင်းအလုပ်ဝင်နေပြီလား ရဲတိုက်"

"ဟင့်အင်း. . ကုန်တိုက်ကို တစ်ခါမှတောင် မရောက် သေးဘူး"

"ကောင်းကွာ. . မင်းကတော့ ဒါဆိုဘာလုပ်နေလဲ"

"ဂေါ့ဖ်ရိုက်တယ်လေ"

"ကောင်မလေးတွေနဲ့ လည်တာကော မပါတော့ဘူးလား ရဲတိုက်"

အကြောင်းသိနေသော စောမင်းခိုင်အမေးကို ရဲတိုက်က လည်း မကွယ်ဝှက်ပါ။

"အင်း. . နည်းနည်းပါးပါးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဒီလိုလုပ်မနေနဲ့လေ ရဲတိုက်. . ကိုယ်လဲ ဘွဲ့ယူ
တာ ကြာပြီပဲ. . လုပ်ငန်းထဲ ဝင်သင့်ပြီကွာ"

"အေးပါကွာ. . ဒါပေမဲ့ ဒီလုပ်ငန်းကိုတော့ ငါ သိပ်စိတ်
မပါဘူးကွ. . မင်းသိတယ်မ ဟုတ်လား. . ငါက ပန်းချီဆွဲချင်တာ"

"ငါလဲ. . ပန်းချီကို ဝါသနာပါတာပါပဲ. . ဒါပေမဲ့ ဘ
အတွက်တော့ တခြားအလုပ်လုပ်ရမယ်လေ"

"အင်း. . ငါက မင်းလိုတည်တည်ငြိမ်ငြိမ်မရှိသေးတာ
ခက်တယ်. . ဒါနဲ့ မင်း ပပမိဘတွေကို ဘယ်လိုအကြောင်းပြန်မ
မင်း ခိုင်"

စောမင်းခိုင်က နှုတ်ခမ်းကိုက်ကာ အဟန်ကြာငြိမ်သ
စွာ စဉ်းစားပြီးမှ. .

"ငါ ပပနဲ့ ဆွေးနွေးကြည့်ဦးမယ်ကွာ"

"အေး. . အဲ့ဒါ အကောင်းဆုံးပဲ. . ကဲ ကိုယ်ပြန်မယ်"

"အိုကေ"

ရဲတိုက်စီးပြန်သွားတော့ သူတစ်ယောက်တည်းကျန်ခဲ့၏။
ထိုအခါ ယခုချိန်ထိမတွေ့သေးသော ကြာဖြူကို လွမ်းဆွတ်
သတိရမိ၏။

မင်း ဘယ်မှာလဲ ကြာဖြူ။

❋❋





ညနေဆည်းဆာချိန်အောက်မှာ ဒေါက်တာစောမင်းခိုင်
ပတို့နှစ်ယောက် အေးဆေးစွာလမ်းလျှောက်နေကြ၏။ လိမ္မော်
င်နေလုံးကြီးက လောကတစ်ခုလုံးကို လှပစွာဖြာချထား၏။

သူတို့နှစ်ယောက် အတန်ကြာတိတ်ဆိတ်စွာ လမ်း
ျှောက်နေပြီးမှ သူ ပပကို အနည်းငယ်စောင်းငဲ့ကြည့်ရင်း. .

"ကိုယ်နဲ့ပပကို လူကြီးတွေ သဘောတူထားတယ်ဆိုတာ
ယ်နော်"

ပပက အသံမထွက်ဘဲ ခေါင်းညိတ်၏။

"အင်း. . တစ်နေ့က ပပ မိဘတွေက အဲ့ဒီအကြောင်း
ကိုပြောတယ်. . အဲ့ဒါ ပပ သဘောကတော့"

ပပက သူ့ကို ရုတ်ပြုံးဖြင့်ကြည့်လာ၏။

"ကျွန်မ အမှန်အတိုင်း ဝန်ခံမယ်နော်. . ဒေါက်တာလို
င်ယောက်ကို ကျွန်မ ငြင်းစရာမရှိပါဘူး"

www.burmeseclassic.com



သူ ခပ်ဖျော့ဖျော့ပြုံးမိ၏။ ပပ သူ့ကို စိတ်ဝင်စားနေမှန်း သိပါသည်။ ယခုတော့ ပွင့်လင်းစွာ ပြောလာပြီ။

"ကျွန်တော်က ပပမှာ တခြားချစ်သူများ . ."

"ဟင့်အင်း . . မရှိပါဘူး ဒေါက်တာ . . မှန်တာပြောရရင် လောကမှာ ကျွန်မစိတ်ဝင်စားလို့ရတဲ့ ယောကျ်ားဆိုလို့ ခပ်နည်းနည်းပဲရှိပါတယ်"

"ကျွန်တော်သိသလောက်တော့ ပပဟာ ထက်မြက်ချော မောတဲ့ မိန်းကလေးမို့ ပပအနားမှာ ပပမေတ္တာကိုလိုချင်တဲ့ ယောကျ်ားတွေရှိနေတယ်မဟုတ်လား"

"အဟင်း . . ဟုတ်ပါတယ်ဒေါက်တာ . . အဲဒီလူတွေက ကျွန်မဆီက မေတ္တာထက် . . ကျွန်မအလှနဲ့ ကျွန်မဂုဏ်မနကို စိတ်ဝင်စားကြတာပါ . . တကယ်တော့ မေတ္တာစစ်ဆိုတာမပါပါဘူး ဒေါက်တာရယ် . ."

ထိုစကားကို ပပက တည်ငြိမ်သော မျက်နှာလေးဖြင့် ပြော၏။

"ဒါဆို ကျွန်တော့်ကိုရော"

ပပက သူ့ကိုကြည့်ပြီး ခေါင်းခါယမ်းသည်။

"ဒေါက်တာက အဲဒီလိုလူတစ်ယောက်မဟုတ်ဘူးဆိုတာ ကျွန်မသိတယ်လေ"





"ဘာ့ကြောင့်"

"ဩော် . . ဒေါက်တာရယ်၊ ဒေါက်တာလဲ ရိုပ်မိမှာပါ . . ကျွန်မ ဒေါက်တာ့ကို အခွင့်အရေးတွေ အမျိုးမျိုးပေးတယ်ဆိုတာ ပါပေမဲ့ ဒေါက်တာ ဘယ်မှာအခွင့်အရေးယူလို့လဲ . . ပြီးတော့ ဒေါက်တာဟာ တည်ငြိမ်ကြိုးစားတဲ့လူတစ်ယောက် ကျွန်မ အဲ့ဒါ တွေကို သဘောကျတယ်"

ပပအပြောကြောင့် သူ့မှာ နေရပင်ခက်သွားသည်။ ပပလို မိန်းကလေးတစ်ယောက်က သူ့လိုလူကို အထင်ကြီးလေးစားတယ် ဆိုတာ တော်ရုံစိတ်မာတ်ဖြင့်မဟုတ်ဆိုတာ သိ၏။

"ကျွန်တော်ကတော့ အိမ်ထောင်တစ်ခုထူထောင်ရမှာ အဲဒီအချက်အလက်တွေထက်ပိုပြီး အရေးကြီးတာရှိတယ်လို့ ထင် တယ်"

"ဘာလဲ ဒေါက်တာ . . အချစ်ကို ပြောတာလားဟင်"

"အား . . ပပက သိပ်ပွင့်လင်းတာပဲနော်"

"ဟုတ်တယ် ဒေါက်တာ . . ကျွန်မက ဘာမဆို ပွင့်ပွင့် လင်းလင်းပဲ . . ဒေါက်တာ့ကို သဘောကျတဲ့နေရာမှာ ကျွန်မပြော တဲ့ အချက်အလက်တွေထက် ဒီအကြောင်းလဲ တစ်စိတ်တစ် ဒေသပါဝင်မယ်လို့ ကျွန်မထင်တယ်၊ ဒေါက်တာ့သဘောကရော"

သူ့အလှည့်မှာတော့ အတန်ကြာ တိတ်ဆိတ်သွား၏ နောက်မှ ဖြည်းဖြည်းချင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဘဝမှာ ဒီအချိန်ထိ 'အချစ်' အကြောင်း တစ်ခါမှ မစဉ်းစားခဲ့မိဘူး ပပ"

"ကျွန်မ သိပါတယ် . . ဒေါက်တာက စာကိုပဲစိတ်ဝင်စား ခဲ့တယ်ဆိုတာ"

"အင်း . . ဟုတ်တယ်လို့ပြောရမယ် . . ပပ ကျွန်တော့်ဘဝ ဟာ စာထဲမှာပဲ မြုပ်နှံခဲ့တယ်"

"ခုတော့ကော"

ပပက သူ့ကိုစိတ်ဝင်စားစွာ ကြည့်ကာ မေးသည်။

"ကျွန်တော်အချစ်အကြောင်းကို ပိုပြီး သိချင်မိတယ် ပပ"

"အချစ်ဆိုတာ လေ့လာလို့ရတဲ့အရာလား ဒေါက်တာ"

"ကျွန်တော် မသိဘူးဗျာ"

ထိုစဉ် သူတို့နှစ်ယောက် ခရေပင်ကြီးအောက် မထင်မှတ် ဘဲ ရောက်လာ၏။

"ဟယ် . . ခရေပန်းလေးတွေ"

ပပက သွက်လက်စွာပင် ယခုမှ ကြွေကျလာသော ခရေ ပန်းလေးများကို တစ်ပွင့်စီလိုက်ကောက်လေသည်။

ပပ ခရေပန်းကောက်နေတာကို သူ ငေးစိုက်ကြည့်မိ၏။ မျက်ဝန်းထဲမှာ ကြာဖြူပုံပေါ်လာသည်။

ဟင်း . . ။

သူ သက်ပြင်းတစ်ချက်ချစဉ် ပပအနားရောက်လာ၏။





"ဒေါက်တာ"

"ပြော ပပ"

"ခရေပန်းလေးတွေ မွှေးနေတာပဲ ဒေါက်တာ"

သူ . . ပပကိုငေးစိုက်ကြည့်ရင်း . .

"ပပ ခရေပန်းကို ကြိုက်လားဟင်"

"ကြိုက်တာပေါ့ ဒေါက်တာ . . ခရေပန်းရနံ့က မွှေးနေတာ ဟုတ်လား"

ထိုစကားတစ်ခွန်းနှင့်ပင် သူ့စိတ်ထဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

"ပပ"

"ရှင်"

"ဒီကပြန်ရင် ပပမိဘတွေကိုပြောလိုက်ပါ . . ပပနဲ့ စေ့စပ် ဖို့ ကိုယ် သဘောတူတယ်လို့"

"အို . . ဒေါက်တာရယ်"

ရုတ်တရက် ချက်ချင်းပြောင်းလဲသွားသော သူ့အမူအရာ ကို ပပနားလည်မည်မဟုတ်ပါ။

ဘာပဲဖြစ်ဖြစ် ဒေါက်တာလိုလူတစ်ယောက်ကို ပိုင်ဆိုင်ရ သဖြင့် ပပကျေနပ်စွာ ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ပုလဲ' ကုန်တိုက်ကြီးအတွင်းသို့ ခဲရောင်လင့်ခရုဇာကား တစ်စီး ထိုးဆိုက်လာပြီး ကားကို တခြားကားများလို ပါကင်ထိုးလိုက်သည်။

ထို့နောက် ကားပေါ်မှ ဂျင်းဘောင်းဘီအနက် တီရှပ်အဖြူနှင့် မျက်မှန်နက်တပ်ထားသော လူတစ်ယောက်ဆင်းလာ၏။

ငါးထပ်ခန့်ရှိသော ပုလဲကုန်တိုက်ကြီးမှာ လိုအပ်သော လူသုံးကုန်ပစ္စည်းအမျိုးမျိုး တစ်စုတစ်ဝေးတည်းရရှိနိုင်ရာ ဝယ်ယူသူလာရောက်ကြည့်ရှုသူများကို တွေ့ရ၏။ စက်လှေကားတပ်ဆင်ထားခြင်း၊ ဓာတ်လှေကားရှိခြင်းတို့ကြောင့် ပို၍ အဆင့်မြင့်လှသည်။

သူက ကုန်တိုက်ထဲသို့ဝင်ခဲ့ပြီး အောက်ထပ်မှစ၍ တစ်ခုချင်းလိုက်ကြည့်၏။ အဖြူနှင့်နက်ပြာဝတ်ထားသော ကောင်တာစာရေးမလေးများက လာရောက်ဝယ်ယူသူများကို ချိုသာစွာ ဆက်ဆံလေ၏။ ထို့နောက် သူ ဒုတိယထပ်သို့ တက်ခဲ့သည်။





သူ့ကို ဒီကုန်တိုက်ပိုင်ရှင်ကြီး၏သားမှန်း မန်နေဂျာကြီးလွဲ၍ ဘယ်သူမှမသိ။ သူကလည်း ရိုးရိုးကုန်တိုက်ကိုလာသူအဖြစ် ရောက်လာခြင်းပင်။

ဒုတိယထပ်ပြီးတော့ တတိယထပ်မှာတော့ မမျှော်လင့်သော သူတစ်ဦးကိုတွေ့လိုက်ရတာကြောင့် သူ အံ့အားသင့်သွားသည်။

ရေမွှေးကောင်တာများနောက်မှ အဖြူရောင်ကုတ်အကျီလေးနှင့် နက်ပြာရောင်လုံချည်လေးဝတ်ထားသော သူမ. .

ဖြူနုလှပသော မျက်နှာလေးမှာ ရိုးစင်းစွာရှိလျက် အာအခြယ်အသမှုမရှိ ဆံဂင်ရှည်ကြီးများကိုလည်း အရင်းမှ သိုးမွှေးသုံးဖြူဖြူလေးဖြင့် ခပ်လျော့လျော့လေး စုစည်းထားတာကြောင့် တပိုကရိုအသွင်ဖြင့် တစ်မျိုးလှနေသည်။

သူ အံ့ဩစွာဖြင့် သူမနား ချဉ်းကပ်သွား၏။

"အတမ်း"

သူ့ခေါ်သံကြောင့် စာရင်းမှတ်နေသော သူမ အလန့်တကြားမော့ကြည့်၏။

မျက်တောင်ကော့ကော့နှင့် မျက်လုံးနက်နက်ဝိုင်းဝိုင်းလေးများကိုကြည့်ကာ သူ့ရင်ထဲလှုပ်ရှားသွားရ၏။

"ဟင်. . ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း . . မင်းက ကိုယ့်ကို မှတ်မိသားပဲ"

သူမမျက်နှာလေး တည်သွားလျက် သူ့ကို . .

"ရှင် . . ဘာလိုချင်ပါသလဲ"

"မင်းကို"

"ဘာရှင့်"

သူမ မျက်နှာလေးရဲရဲနီလျက် သူ့ကိုကြည့်၏။

"သြော် . . ဟို ကိုယ်က မင်းကို ပြခိုင်းမလို့ပါ . . ဟိုမှာ *True Love*"

သူမ ဘာမှမပြောဘဲ *True Love* ရေမွှေးပုလင်းကို ထုတ်ပေး၏။ သူက ပုလင်းလေးကိုလှည့်ပတ်ကြည့်သည်။

"ဒါ . . အချစ်စစ် ဆိုတာပေါ့နော်"

"အို . . ရှင် စာဖတ်တတ်သားပဲ"

"အဟွန်း . . ကိုယ်က သေချာအောင်မေးတာပဲဗျာ"

သူမ၏ မျက်စောင်းလှလှကြောင့် သူ အသည်းယားသွားသည်။

"ကဲ ဒီပုလင်း ရှင်ယူမှာလား"

"နေပါဦးဗျာ . . ဒါယူပြီး ဘယ်သူ့ပေးရမလဲလို့ . . ကိုယ်စဉ်းစားနေတာ"

"ဟင်း . . ရှင့်ရည်းစားပေးလိုက်ပေါ့"





"အဟား . . ကိုယ့်မှာ ရည်းစားမရှိဘူးကွ . . ခုမှစထားမလို့"

"ရှင်နော်"

သူမ မျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်လျက် အပြောကြောင့် မျက်နှာလေး ရဲပတောင်းခတ်သွားပုံက ချစ်စရာ။

"အို ဘာကြည့်နေတာလဲ"

"လှလို့"

"ဟင် . . ရှင် ခုထွက်သွားပါ"

ထိုစဉ် သူမတို့၏ လက်ထောက်မန်နေဂျာမ ရောက်လာပြီး . .

"ဖြူဖြူ . . ဈေးဝယ်သူကို ဘယ်လိုပြောလိုက်တာလဲ . . မင်း . . ဒီနေ့ အလုပ်ပြန်ဝင်တာ ခွင့်ရက်ကျော်နေပြီ"

"ရှင် . . ကျွန်မ မနေ့က ဖုန်းနဲ့ဆက်ပြီး ခွင့်တိုင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် မင်းခွင့်ရက်ကျော်မှ အလုပ်ဝင်တာရယ် . . ဆက်ဆံရေးမပြေပြစ်တာရယ်ကြောင့် အပြစ်ယူမယ်"

"အို"

သူမ မျက်နှာလေးငယ်သွား၏။ သူ သနားသွားကာ . .

"ဟာ . . ဒီလိုမလုပ်ပါနဲ့ဗျာ . . သူ ကျွန်တော့်ကို ပြေပြေလည်လည် ဆက်ဆံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရှင် ဝင်မပြောပါနဲ့. . ဒါ ကျွန်မတို့စည်းကမ်းပဲ. . ပြီးတော့ ဒီကောင်မလေး ခွင့်လဲ ခဏခဏယူတယ်"

"ကျွန်မအမေ နေမကောင်းလို့ပါရှင်"

"မင်း ဒီလိုအကြောင်းပြချက်တွေ ပေးမနေနဲ့. . မင်းကြောင့် ကျန်တဲ့လူတွေ စည်းကမ်းပျက်လိမ့်မယ်"

သူ ဘယ်လိုမှမနေသာတော့။ ဘယ့်နှယ်. . ဖြူဆိုတဲ့ ကလေးမမျက်ရည်တွေ ရစ်ဝဲလာပြီမဟုတ်လား။

"ခင်ဗျား ဒီလိုမတရားမပြောနဲ့ဗျာ. . သူပြောနေသားပဲ သူ့အမေနေမကောင်းလို့ဆိုတာ"

မန်နေဂျာမက သူ့ဘက် ဆတ်ခနဲ လှည့်လာ၏။

"ဒီမှာ ရှင်က ရှင်နဲ့ဘာဆိုင်လို့ ဝင်ပြောနေရတာလဲ"

"ဘာမှမဆိုင်လဲ ကျွန်တော်က မတရားရင် ကြည့်မနေတတ်ဘူးဗျ"

"ဟင်း. . မိဖြူတို့က ဒီလိုမျိုးတော့ အဆွယ်ကောင်းတယ်"

"ဒီမှာ မမဦး. . ကျွန်မကို ဒီလိုမပြောပါနဲ့. . ကျွန်မ ဘယ်သူမှ မဆွယ်ဘူး. .

"ဒီမှာ. . ရှင်လဲ မဆိုင်တာ ဝင်မပါ ပါနဲ့. . ကျွန်မအပြစ်ရှိရင် ကျွန်မဘာသာခံလိမ့်မယ်"

"ကဲ. . မင်း ရုံးခန်းထဲလိုက်ခဲ့ပါ"





သူမ သူ့ကိုတစ်ချက်မကြည့်ဘဲ လိုက်သွား၏။ သူမအပြစ်ပေးခံရမည်ဆိုတာကြောင့် သူ စိုးရိမ်သွားသည်။

ဒီမန်နေဂျာမ တော်တော်မတရားတာပဲ။

လူတစ်ဖက်သားကို ညှာတာမှုမရှိ။ ဖြူ့ကြည့်ရတာ တကယ့်အခက်အခဲကြောင့် ခွင့်ယူတာဟု သူ ယူဆ၏။

ဖြူ့ပုံစံက လိမ်ညာတတ်မယ့်ပုံမျိုးမဟုတ်။

သူ ခေါင်းတစ်ချက်ခါယမ်းကာ ထိုနေရာမှ ထွက်ခဲ့၏။

သူ ဗိုပြင်အထပ်တွေ လိုက်ကြည့်ပေမယ့် စိတ်ထဲက မပါတော့။

သူ အောက်သို့ရောက်ချိန် သူမကို ခြင်းတောင်းလေးဆွဲကာတွေ့ရ၏။

"ဟင်. . မင်း"

သူမက သူ့ကို မျက်နှာလေးတည်တည်ဖြင့် ကြည့်သည်။

"ဟုတ်တယ်. . ကျွန်မ အလုပ်ထွက်လိုက်ရပြီ"

"ဟာ"

ထိုစဉ်မှာပင် သူမက သူ့အနားမှလှည့်ထွက်သွားလေ၏။ သူ ငေးစိုက်စွာဖြင့် သူမကို မျက်စိတစ်ဆုံးကြည့်ကာ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်လို့တော့ မသင့်တော်ဘူးထင်တယ် မောင်ရဲ တိုက်. . တကယ်တော့ ခင်မေဦးဟာ သူ့တာဝန်သူ ထမ်းဆောင် တာပဲ"

ကုန်တိုက်၏ရုံးခန်းကျယ်ကြီးထဲ၌ သူနှင့် ဦးအောင်တို့ နှစ်ယောက်သား အခန်းပိတ် ဆွေးနွေးနေခြင်းဖြစ်၏။ ဦးအောင် ဆိုတာက လက်ရှိကုန်တိုက်ကို အုပ်ချုပ်နေသူ။

သူတို့မဆွေးနွေးနေတဲ့အကြောင်းက တစ်နေ့က ဖြူဆို သည့် မိန်းကလေးကို အလုပ်ထုတ်လိုက်ခြင်းနှင့် ပတ်သက်နေ၏။

ထိုကိစ္စနှင့်ပတ်သက်ကာ ခင်မေဦးကို သူ မကြိုက်နှ သက်တာကြောင့် အလုပ်မှ ထုတ်ပယ်ခိုင်းခြင်းဖြစ်သည်။ ဒါ ဦးအောင်က ကန့်ကွက်သလိုပြောနေတော့ သူ မျက်ခုံးထူများ တွန့် သွားသည်။





"မဟုတ်သေးဘူးဦးအောင်. . ခင်မေဦးက သူ့တာဝန် ဆောင်ရွက်တယ်ဆိုပေမဲ့ တစ်ဖက်မိန်းကလေးက ဘာဖြစ်လို့ ဖျက်ကွက်ရတဲ့အကြောင်း ရှင်းပြသားပဲ. . ဒါကို အထက်လူကြီး တစ်ယောက်အနေနဲ့ သူ နားလည်ပေးရမှာပေါ့. .

"ခုလို အလုပ်ထုတ်ပစ်လိုက်တယ်ဆိုတော့ တစ်ဖက်သား ကို နှိမ်ရာမကျဘူးလား. . ဒီအလုပ်ထုတ်ပစ်လိုက်တဲ့အတွက် အဲ့ဒီ မိန်းကလေးအနေနဲ့ ဘယ်လောက်အခက်အခဲတွေ့နိုင်မလဲ. .

"ဒီတော့ ကျွန်တော်ပြောသလိုသာလုပ်ပါ. . ဖြူဖြူ့ကို အလုပ်ပြန်ခန့်ပြီး ခင်မေဦးကို အလုပ်ထုတ်ပစ်လိုက်ပါ"

ကုမ္ပဏီဒါရိုက်တာတစ်ဦးဖြစ်သော သူ့ညွှန်ကြားချက်ကို တကယ် တမ်းမှာ ဦးအောင်လွန်ဆန်နိုင်ခြင်း မရှိပါ။

"ဒါဆို ဒီလိုလုပ်ပါ မောင်ရဲတိုက်. . ခင်မေဦးကို အလုပ် က မထုတ်ဘဲ တခြားနေရာပြောင်းလိုက်မယ်လေ. . ဟိုကလေးမ ကိုလဲ အလုပ်ပြန်ခန့်လိုက်ပါ့မယ်"

"ကောင်းပြီဗျာ. . အဲ့ဒီ ခင်မေဦးကို ဟိုကောင်မလေး တွေ့နိုင်တဲ့နေရာသာ ပို့လိုက်"

"စိတ်ချပါ မောင်ရဲတိုက်. . ခင်ဇမေဦးကို အပေါ်ထပ်က ကလေးကစားကွင်း ပို့လိုက်ပါ့မယ်"

"ကဲ ဒါဆို ကျွန်တော်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ"

သူ ရုံးခန်းထဲမှထွက်ခဲ့၏။ သူက ဒီကုန်တိုက်ရဲ့ မန်နေဂျင်း ဒါရိုက်တာတစ်ယောက်ဆိုတာ ဒီက ဝန်ထမ်းတွေ ဘယ်သူမှ မသိ သေးပါ။

ဖြူဖြူကို အလုပ်ပြန်ခန့်ဖို့ ပြောပြီးတာမို့ သူ့ရင်ထဲပေါ့ပါး သွား၏။ အမှန်ဆို သူကိုယ်တိုင် အလုပ်ပြန်ခန့်ချင်တာပါ။

ထိုနေ့က မျက်လွှာလေးချလျက် ပြန်သွားသော သူမပုံ လေးကို မမေ့။

တကယ့်ကို သနားစရာ ချစ်စရာလေးပဲ။ ရိုးသားသန့်စင် သော အလှနှင့်သူမကို သူ ရုတ်တရက် မမေ့နိုင်။ ဒါဟာ သူ့ရဲ့ ထူးခြားတဲ့ခံစားချက်ပါ။

"တီ"

ဆဲလ်ဖုန်းအသံကြောင့် သူကိုင်လိုက်၏။

"ဟဲလို"

"ရဲတိုက်. . ကိုယ်ပါ"

"ဩော်. . မင်းခိုင်. . ဆို ဘာကိစ္စ"

"အဟွန်း. . ကိစ္စကတော့ ဒီည မင်းကို ညစာကျွေးမ

"ဘာအတွက်လဲ"

စောမင်းခိုင် ရုတ်တရက်ငြိမ်သွားပြီးမှ. .





"ကိုယ်နဲ့ ပပကို နှစ်ဖက်လူကြီးတွေ သဘောတူညီမှုနဲ့ စေ့စပ်ပွဲလုပ်တဲ့သဘောပဲ. .

"ဒါကြောင့် ခင်မင်တဲ့မိတ်ဆွေတချို့ကို ဖိတ်ကျွေးတာ လေ"

"ဩော်. . အိုကေ. . ကိုယ်လာခဲ့မယ် ဘယ်မှာလဲ"

စောမင်းခိုင် ရွှတ်ပြသောနေရာကို သူ မှတ်လိုက်သည်။ နှုတ်ခမ်းကလည်း ခပ်လွန့်လွန့်ပြုံးကာ. .

"အင်း. . မင်းခိုင်နဲ့ ပပတောင် အဆင်ပြေသွားပြီကိုး" ဟု ခပ်တိုးတိုးရေရွတ်လိုက်၏။ သူ့မျက်စိထဲမှာ ဖြူမျက် ာလေးကို မြင်ယောင်မိတာ ဘာကြောင့်ပါလိမ့်။

ညနေရောက်တော့ မင်းခိုင်တို့ဆီ သူရောက်သည်။

"ဟော. . တိုရဲတိုက်. . ဟင်း ခုမှပဲ တွေ့ရတော့တယ်"

အဖြူရောင်ပိုးသားဖျော့ မတ်ဆီဂါဝန်ရှည်လက်ပြတ်လေး င်း မြူကြွသွက်လက်နေသော ပပက သူ့ကိုတွေ့တာနှင့် အပြစ် ာင်၏။

သူ ပခုံးတစ်ချက်တွန့်ကာ

"ပပကတော့ တို့ဆီအလည်လာဖို့ထက် မင်းခိုင်ဆီ စိတ် ရောက်နေတာ မဟုတ်လား"

"အဟင်း. . ဒါကတော့"



www.burmeseclassic.com

www.burmeseclassic.com



စံနစ်တကျ မိတ်ကပ်ခြယ်ထားသော ပပမျက်နှာလေး မီးရောင်အောက်မှာ ရှက်သွေးဖြင့်ရဲသွားသည်။

ထိုစဉ် အနောက်တိုင်းဝတ်စုံဖြူနှင့် မင်းခိုင်ရောက်လာ၏။

"ဩော်. . ရဲတိုက်"

"ကွန်ကယက်ကျူလေးရှင်းပါ. . မင်းခိုင်"

"အဟွန်း. . ကျေးဇူးပဲ"

သူတို့နှစ်ယောက် အပြန်အလှန်လက်ဆွဲနှုတ်ဆက်လိုက်ကြ၏။

"လာကွာ. . ရဲတိုက်. . ကိုယ်တို့တစ်စားပွဲသတ်သတ်ထိုင်ရအောင်"

ဆွေမျိုးသားချင်းလောက်သာ ဖိတ်ကျွေးသော ညစာ လူများများစားစားမရှိပါ။ အစားအသောက်တွေကတော့ ပြည့်စုံနေသည်။

"မင်းနဲ့ ပပကတော့ တကယ်လိုက်ဖက်ပါတယ်ကွာ"

"ကိုရဲတိုက်. . အဲ့ဒါဆို များများစားနော်"

ပပက အရွှန်းဖောက်၏။

"ဟော့. . ကိုယ်က မြှောက်တာမဟုတ်ဘူး. . ဘယ်လို ပပ. . မင်းကြည့်ရတာ ဒီည အတော်ပျော်တဲ့ပုံပါလား"

"ကိုရဲတိုက်နော်"





ပပရှက်မျက်စောင်းထိုးလိုက်ပေမဲ့ အမှန်လည်း ရင်ထဲမှာ ပျော်နေပါ၏။ ဒေါက်တာစောမင်းခိုင်ဆိုတာ သူမချစ်ရတဲ့သူ မဟုတ်လား။

"ဒါနဲ့ မင်းကော ဘယ်လိုလဲ ရဲတိုက်"

"ကိုယ်လား. . အင်း မင်းတို့စုံတွဲကြည့်ပြီး အားကျလာလို့ပဲ မင်းခိုင်"

"ဘာလဲ. . ကိုရဲတိုက်တွေ့ထားပြီလားဟင်"

ပပစိတ်ဝင်စားသလိုမေးသည်။

"အေးကွ. . ဒီတစ်ခါ ကိုယ်တွေ့တဲ့ မိန်းကလေးက ခမတန် ဖြူစင်သန့်ရှင်းတဲ့ စံပယ်ပန်းလေးတစ်ပွင့်လိုပဲ. . "

"ဘာလဲ. . မင်း ဟိုတစ်ခါက ကားတိုက်မလိုဖြစ်တဲ့ မိန်းကလေးလား"

"အေး. . အဲဒီမိန်းကလေးပဲ. . ဖြူ တဲ့. . "

"ဩော်"

စောမင်းခိုင်မှာ 'ဖြူ' ဆိုသော အမည်ကြောင့် ကြာဖြူကို သတိရလိုက်မိ၏။ ထို့နောက် သက်ပြင်းကျိတ်ချလိုက်သည်။

ကြာဖြူနဲ့ သူ ဒီဘဝမှာ တွေ့ပါဦးမလား။

"အံမယ်. . ကိုရဲတိုက်. . ယူက ယူ့မိန်းကလေးကို တော်တော်သွန်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ညွှန်းတာမဟုတ်ဘူး . . ကိုယ်တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ သူဟာ အဖြူစင်ဆုံးပဲ"

"ဟင်း . . ဒါဆို ကျွန်မတောင်တွေ့ချင်လာပြီ . . ယူက မိန်းကလေးတစ်ယောက်ကို သဘောကျခဲ့တယ်မဟုတ်လား"

ပပအပြောကြောင့် သူရယ်နေလိုက်၏။ တကယ်တော့ ဒီအချိန်အထိ သူမတစ်ယောက်ကိုသာ သဘောကျမိတာမဟုတ်လား။

"ဟေး ပပ"

"တဲ့ . . ကိုရဲတိုက်၊ ခွင့်ပြုဦးနော် . . ဟိုမှာ သူငယ်ချင်းတွေလာလို့ သွားဧည့်ခံလိုက်ဦးမယ်"

"အိုကေ"

ပပထွက်သွားပေမဲ့ စောမင်းခိုင်က ထိုင်နေတာကြောင့်

"မင်းခိုင် . . မင်းလိုက်မသွားဘူးလားကွ"

စောမင်းခိုင် ခေါင်းခါယမ်းလိုက်၏။

"ဘာလုပ်မှာလဲကွာ . . မိန်းကလေးတွေကြား ရှုပ်ရှုပ်ယှက်ယှက်နဲ့"

"ဘယ်လိုလဲ မင်းခိုင် . . မင်းကြည့်ရတာ ပျော်တဲ့ပုံလဲ မရှိပါလားကွ"

ငြိမ်သက်သော မျက်နှာဖြင့်ထိုင်နေသော မင်းခိုင်ကိုကြည့်တာ သူ အကဲခတ်ရင်းပြောလိုက်၏။

ဒေါက်တာစောမင်းခိုင်က အသာပြုံးလိုက်သည်။

"ကိုယ်က ဘာကြောင့် ပျော်ရမှာလဲ"

"ဟာ . . မင်း ပပကိုလက်ခံတာ ချစ်လို့မဟုတ်ဘူးလား မင်းခိုင်"

စောမင်းခိုင် ဖြည်းညှင်းစွာ ခေါင်းခါယမ်း၏။

"အချစ်ဆိုတာကို ကိုယ် မသိဘူး ရဲတိုက်"

"ဟင် ဒါဆို ပပက"

"မင်းပဲပြောတယ်မဟုတ်လား . . ပပက ကိုယ်နဲ့သင့်တော်တယ်ဆို"

"အေးလေ . . ဘာပဲဖြစ်ဖြစ် နောက်တော့လဲ မင်းအနေနဲ့ ပပကို သံယောဇဉ်တွယ်လာမှာပါ . . ပပက လှတယ်မဟုတ်လား"

စောမင်းခိုင်က ပခုံးအသာတွန့်ကာ ဘာမှမပြောပါ။

"ဪ . . ဒါနဲ့ လှိုင်လဲ မကြာခင် ဒီကိုပြန်လာမယ် ရဲတိုက် . . သူက မင်း ဖုန်းမဆက်လို့ပြောနေတယ်"

"အဟွန်း . . မင်းမြင်တဲ့အတိုင်း ငါမအားဘူးလေကွာ . . နောက် အားရင်ဆက်လိုက်ပါ့မယ် . ."

"ဒက်ဒီကတော့ လှိုင်ပြန်လာရင် ကုန်တိုက်မှာ မန်နေဂျာထားဖို့ပြောနေတယ် မင်းခိုင်"







www.burmeseclassic.com

www.burmeseclassic.com



"မင်းသဘောကကော"

ရဲတိုက်ပခုံးတွန့်သည်။

"ငါ့သဘောထက် ဒက်ဒီသဘောက အရေးကြီးပါတယ်၊ သူကုန်တိုက်မဟုတ်လား. . ဟား ဟား"

"အင်း. . မင်းဒက်ဒီက လျှိုင့်ကိုတော့ ချစ်တဲ့ပုံပဲ"

"ချစ်မှာပေါ့ကွာ. . ဒက်ဒီက သမီးငတ်နေတာ. . နောက် မိန်းမနဲ့မွေးတာကလဲ သားတွေပဲလေ"

"ဟိတ်ကောင် ရဲတိုက်. . မင်း ဒီစကားမျိုးကို လူလယ်ကောင်မှာ ကျယ်ကျယ်ပြောစရာလားကွ"

စောမင်းခိုင်သတိပေးပေမဲ့ ရဲတိုက်ကတော့ ဂရုစိုက်ဟန် မရှိ။

"ဘာဖြစ်လဲကွ. . ငါကတော့ ဘာကိုမှ လျှို့ဝှက်မထားဘူး ပွင့်ပွင့်လင်းလင်းပဲ"

"အင်း မင်းနဲ့တော့ ခက်တယ်"

ထိုစဉ် ပပ ပြန်ရောက်လာ၏။

"သူငယ်ချင်းနှစ်ယောက် ဘာတွေသဘောကျနေတာလဲ"

"မင်း သိပ်လှတဲ့အကြောင်း ပြောနေတာလေ"

"ဟင်း တော်ပါ. . ရဲတိုက် ယူ သိပ်အစသန်တယ်နော်"

သည်စကားမျိုးကို ဒေါက်တာစောမင်းခိုင်သာပြောစေချင်





၏၊ သို့သော် လူတည်ကြီးက တစ်ခါမှမပြောတာကြောင့် ပပ အသည်းကျိတ်ယားမိသည်။

"ဒါနဲ့ မင်းခိုင်က မင်းဆီအမြဲလာသလား ပပ"

"ဂျူတီမရှိတဲ့အချိန် တစ်ခါတလေ လာပါတယ်"

"ဟော့. . ဒါဆို ကျန်တဲ့အချိန်တွေကကော"

ပပက စောမင်းခိုင်ကို ခပ်ငဲ့ငဲ့ကြည့်၏။

"လူပျောက်ရှာနေတာလေ"

"ဟင် ဘယ်သူပျောက်လို့လဲ"

"သူ့ညီမဝမ်းကွဲတဲ့လေ. . ငယ်ငယ်ကတည်းက ကွဲသွားတာတဲ့"

"ဪ. . ခုတော တွေ့ပြီလား မင်းခိုင်"

ထိုအမေးကြောင့် စောမင်းခိုင် ပင့်သက်ချလျက် ခေါင်းခါယမ်းသည်။

"ငယ်ငယ်ကတည်းက ကွဲသွားတာဆိုတော့ သိပ်လဲ မမှတ်မိတော့ပါဘူး. . တွေ့လဲ မတွေ့သေးပါဘူးကွာ"

"မင်းက ဘာလို့ ခုမှ အဆက်အသွယ်လုပ်တာလဲ မင်းခိုင်"

"ဟင်း. . ကိုယ်နိုင်ငံခြားရောက်နေတယ်လေ၊ ကိုယ်လိုက်ရှာနေတာက သူတို့က ဆင်းရဲတော့ အဆင်ပြေပါ့မလားလို့ပါ"

"အင်း. . ငါသာ မင်းနေရာမှာဆို အစောကြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ပြီး အေးလေ လူပျောက်ဆိုတာ တစ်နေ့ပြန်တွေ့မှာပါပဲ"

စောမင်းခိုင်ရင်ထဲမှာလည်း တစ်နေ့ ပြန်တွေ့မည်ဟူသော မျှော်လင့်ချက်တော့ရှိပါ၏။

ဒါပေမဲ့ ဘယ်အချိန်ကျမှ တွေ့မှာလဲ ကြာဖြူရယ်. .





"ဒီအိမ်က မကြာဖြူတို့အိမ်နော်"

"ရှင်. . ဟုတ်ပါတယ်"

ပန်းပင်များကို ရေလောင်းနေရာမှ သူမ မေးလာသူကို ပြေလိုက်သည်။

"ဒါဆို ဒီမှာ ပုလဲတုန့်အိုက်က စာပါတယ်၊ စာပါတယ်ခင်ဗျ"

"သြော်"

"ကျွန်တော်သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲရှင်"

စာပို့တဲ့ လူ ထွက်သွားတော့ သူမ စာကိုဖွင့်ဖတ်လိုက်၏။

"ဟင်"

သူမ မျက်စိကိုမယုံနိုင်အောင်ပါပဲ။ သည်စာက သူမကို အလုပ်ပြန်ခန့်တဲ့စာ။ ကြည့်စမ်း ဘယ်လိုဖြစ်ရတာလဲ. . မှန်တာပြောရလျှင်တော့ အလုပ်ထွက်လိုက်ရ၍ စိတ်ညစ်နေတဲ့ သူမအတွက် ဒါဟာ ဝမ်းသာစရာသတင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဟွတ်. . ဟွတ်. . သမီး"

"ဪ အမေ"

"ခုနက ဘယ်သူလာတာလဲ သမီး"

"ဟို. . သမီးသူငယ်ချင်းဆီကပါ. . အပြင်ဘက်မှာ အေးတယ် အမေ"

အမေ့ကိုတွဲ၍ အိမ်ထဲဝင်လာ၏။ တကယ်တော့ အမေ့ကို သူမ အလုပ်ပြုတ်တဲ့အကြောင်း မပြောရသေးပါ။ ယခုတော့ အတော်ဖြစ်သွားပြီ။

အမှန်တော့ သူမ အိမ်မှာ မနေချင်ပါ။ အမေ့နောက်ယောကျာ်းက အလုပ်မှပြုတ်ကာ အချိန်ရှိသရွေ့ အရက်ကလေး တမြမြ. . အမေ့ကို သူမမှ လုပ်မကျွေးလျှင် ဘယ်သူမှ လုပ်ကျွေးမည့်သူမရှိတာကြောင့် သည်းခံနေရ၏။ စောစောက အလုပ်ပြုတ်လို့ စိတ်ညစ်နေခြင်းမှာ အမေ့အတွက်ပါ။

"သမီး မနက်ဖြန် အလုပ်သွားရမယ် အမေ"

"ဟုတ်လား. . ခွင့်စေ့သွားပြီလား"

"ဟုတ်ကဲ့ အမေ"

"အေး အေး. . ဒါဆို အမေစောစောထပြီး ဟင်းချက်ပေးမယ်"

"နေပါစေ အမေရယ်. . သမီးဘာသာချက်ပါ့မယ်"





"အမေနေမကောင်းတာ ကိုယ့်ဘာသာ ကျန်းမာအောင်နေပါ"

"အေးကွယ်. . သမီးလေးရှိလို့ အမေဒုက္ခမရောက်တယ်"

အမေ့မျက်ရည်ဝဲလျက် ပြောတော့ သူမ စိတ်မကောင်းဖြစ်ရ၏။

"ဒါတွေပြောမနေပါနဲ့ အမေရယ်"

ထိုစဉ် အိမ်ရှေ့ကကားရပ်သံကြောင့် သူမကြည့်လိုက်တော့ ပထွေးကားပေါ်မှ ဆင်းလာတာတွေ့၏။

ဒါ ဟိုလူကြီးကားပဲ. .

သူမတို့လမ်းထိပ်က သူဋ္ဌေးကြီး ဦးဘသွင်လည်း ကားပေါ်မှ ဆင်းလာသည်။ သည်လူကြီးက မုဆိုးဖိုကြီးအသက်ငါးဆယ်ကျော်နေပြီပေမဲ့ နုပျိုအောင်နေတတ်သည်။ သူမကိုတွေ့တိုင်း မျက်လုံးတောက်တောက်ကြီးများဖြင့် လိုက်ကြည့်တတ်တာမို့ မုန်းလှ၏။

"မခင်ရေ. . ဧည့်သည်ပါလာတယ်ဟေ့. . ကြွပါ သူဋ္ဌေးကြွပါ. . ဟဲ ဟဲ. ."

ဦးဝင်းအောင်က ဒီလူကြီးကို မျက်နှာလိုမျက်နှာရခေါ်လာတတ်သည်။

"ဖြူဖြူ. . သမီး လာပါဦးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ပါတယ် အမေရယ်. . အမေ့ယောကျ်ားက ဒီလူကြီးကို ဘာကြောင့် အိမ်ခေါ်ခေါ်လာတယ်မသိဘူး"

သူမ မျက်နှာလေး မှုန်မှုန်ဖြင့် ပြောတော့ အမေသက်ပြင်းချ၏။

"ကဲ သမီး. . ဝါဝါတို့အိမ် သွားနေလိုက်. . အမေကြည့်ဖြေလိုက်မယ်"

"ဟုတ်ကဲ့"

သူမ လှစ်ခနဲ အိမ်နောက်ဘက်မှ ဆင်းပြေးခဲ့၏။

"ဟေ့ မခင်. . ဖြူဖြူကော"

"ဝါဝါတို့အိမ်သွားတယ်"

"ဟာ. . ငါ ဒီမှာ သူဌေးခေါ်လာတာ မတွေ့ဘူးလား. . သွား. . မင်း သမီးကိုသွားခေါ်"

"အို ဘာလုပ်ဖို့လဲ. . သူ့ဘာသာသွားတာကို"

"မင်း"

"နေပါစေ ကိုဝင်းအောင်ရယ်. . ခုမတွေ့လဲ နောက်တော့ တွေ့မှာပေါ့. . တစ်လမ်းတည်းနေတာကို ဟဲ ဟဲ. ."

"ဒါနဲ့ မခင် နေမကောင်းဘူးဆို"

"ဩော် ဟုတ်ကဲ့ သူဌေး. . ဒီလိုပါပဲ တရှောင်ရှောင်နဲ့"

"အေးဗျာ. . အကူအညီလိုရင် ကျုပ်ကိုပြောနော်. . ရှေ့ရှော့. . မခင် ဆေးဖိုးဝါးခလေး. . ကျုပ် ကူညီပါရစေ"



"အို. . နေပါစေရှင်"

"ဟာ. . မခင်ကလဲ သူဌေးက စေတနာနဲ့ပေးတာယူမှပေါ့. . ဟဲ ဟဲ. . မခင်က ဒီလိုပဲ. . အားနာတတ်တယ် သူဌေးရဲ့"

ဦးဝင်းအောင်ကတော့ မရှက်မကြောက် ထိုငွေများကို ကောက်ယူ၏။

မခင်မှာ ယောကျ်ားလုပ်သူအကျင့်ကို မကြိုက်ပေမဲ့ ဘာမှမပြောသာ၊ သမီးကို ဇန်းပြထားနေတာ ဒေါ်ခင်သိတာပေါ့။

ဟင်း. . ဒီလူအကျင့်ကို မသိလို့ယူခဲ့မိတာ မှားပါကောလား။

သူဌေးပြန်သွားတာနှင့် ဦးဝင်းအောင် ရန်လုပ်တော့၏။

"ဟေ့ မခင်. . မင်းက ဘာသဘောလဲကွ. . ငါက မင်းသမီးကို ကောင်းစားအောင်လုပ်နေတာကွ"

"အို. . သူ့ဘာသာနေတာ ဘာကောင်းစားအောင်လဲ. . ဒီလိုသက်ကျားအိုမျိုးနဲ့ ကွန်မသမီးကို အောင်မသွယ်ပါနဲ့"

"ဟ. . သက်ကြားအိုပေမဲ့ ငွေက အလျှံပယ်ကွ. . သူနဲ့ရရင် မင်းသမီး မိုးပေါ်ရောက်သွားမယ်. ."

"သူက မင်း သမီးအတွက်ဆို ဘယ်လောက်တင်တောင်းရပါစေတဲ့. . ကဲ ဒါဆို ငါတို့ ဘယ်လောက်အဆင်ပြေမလဲ. . မင်းမှာလဲ ရောဂါနဲ့ဆိုတော့ ပိုက်ဆံရှိဖို့လိုတယ် မဟုတ်လား"





www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်က ဦးဝင်းအောင်ကို ဆတ်ခနဲကြည့်၏။

"ကျွန်မသေရင် သေသွားပါစေ. . ကျွန်မ သမီးကို မရောင်းစားနိုင်ဘူး ဦးဝင်းအောင်"

"ဘာကွ. . မင်း တောက်"

ထို့နောက် ဦးဝင်းအောင် စောစောက ပိုက်ဆံများကို ယူ၍ အိမ်ပေါ်မှ ဆင်းသွား၏။

ဟင်း. . အရက်သွားသောက်ဦးမှာပေါ့။

ပထွေးဖြစ်သူ အိမ်ပေါ်မှဆင်းသွားမှ ကြာဖြူအိမ်ရှေ့ထွက်ခဲ့၏။ စောစောက အမေ့ကိုပြောနေသော စကားတွေ သူမ အတူ ကြားရပါသည်။

"အမေ"

"ဟင်. . သမီး"

"အမေရယ်. . အမေ့ကိုပြောနေတာတွေ. . သမီး အတူ ကြားပါတယ်"

"ဟင်း. . သမီးရယ်၊ ဒီလူယုတ်မာကို အမေ စိတ်တုန်[illegible] ပါပြီကွယ်"

ဦးဝင်းအောင်က လူလည်မို့ ဒေါ်ခင်ကိုမကွာရှင်းပေး[illegible] ထို့ကြောင့် အခက်တွေ့နေရ၏။

❀❀





သည်နေ့ ကြာဖြူ အလုပ်ပြန်ဝင်ပါ၏။ ကြာဖြူ့သူငယ်ချင်းတွေက ဝမ်းသာကြသည်။

"ကြာဖြူ ရှင် အလုပ်ပြန်ဝင်ပြီနော်"

"အင်း. . ခန့်စာ အိမ်ကိုပို့လိုက်တာပဲ"

"ဟင်. . ရှင်တော့ ကံကောင်းတာပဲဖြူ. . ကျွန်မတို့ ကြားရသလောက်တော့ ဒါရိုက်တာအသစ်က ရှင့်ကို ပြန်ခန့်လိုက်တာတဲ့"

"ဟုတ်လား. . ဒါရိုက်တာသစ်ကို ကျွန်မ သိပ်ကျေးဇူး[illegible]င်တာပဲ. . အမေ့ကို ကျွန်မက အလုပ်ကထွက်ရတဲ့အကြောင်း [illegible]ရခက်နေတုန်း အဆင်ပြေသွားတာ"

"တော်သေးတာပေါ့နော်"

"အင်း"

သူမ အလုပ်ဝင်ရသည့်အတွက် ဒါရိုက်တာအသစ်[illegible] [illegible]တင်စကားပြောချင်ပေမဲ့ ထိုသူကို သူမ မမြင်ဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမက ကိုယ်ရောင်းရမည့် ကောင်တာတွင် ကြက်မွေး တစ်ချောင်းဖြင့် သန့်ရှင်းရေးလုပ်သည်။ ထို့နေ့က ပစ္စည်းများကို စံနစ်တကျထားသည်။ မကြာမီပင် ကုန်တိုက်သို့လာရောက်သူများဖြင့် စည်ကားနေတော့သည်။

"*True love* ပေးပါ"

"ဟင်. . ရှင်"

နက်ပြာရောင်တီရှပ်ကို အဖြူရောင်ဘောင်းဘီဖြင့် တွဲဝတ်ထားသော သူ့ပုံက ရှင်းသန့်နေသည်။

"မင်း. . ကိုယ့်ကို မှတ်မိတာပဲ"

"ဒီမှာ ရှင်. . ကျွန်မကို အနှောင့်အယှက်မပေးပါနဲ့. . ဒီတစ်ခါ ကျွန်မ အလုပ်ပြုတ်ရင် ဒါရိုက်တာအသစ်ကလဲ ပြန်ခန့်တော့မှာ မဟုတ်ဘူး"

မျက်နှာလေးတည်တည်ဖြင့် သူမပြောတော့ သူ ပခုံးတွန့်သည်။

"မင်း အလုပ်ပြုတ်တယ်ဆိုပြီး အခု ဘာကြောင့် အလု ဝင်နေတာလဲ"

"အို. . ဒါ ဒါရိုက်တာအသစ်ကောင်းလို့ရှင့်. . မဟုတ် ကျွန်မ အလုပ်လက်မဲ့ဖြစ်နေပြီ. . အင်းလေ. . ဒီတော့လဲ ကျွန် အလုပ်တစ်ခုရှာရမှာပေါ့. . ကျွန်မဘဝက အလုပ်တစ်ခုရှိ မယ်မဟုတ်လား"





ရိုးသားပွင့်လင်းစွာပြောနေသော ကောင်မလေးကို သူ အရူးအသက်စွာကြည့်မိ၏။

"မင်း. . အလုပ်မရှိမှာ မပူပါနဲ့"

"ဘာရှင့်"

"ဩော်. . မင်းမှာ အလုပ်မရှိရင် ကိုယ် ခန့်မှာပေါ့"

"ရှင်နော်"

သူမ မျက်နှာလေး နီရဲတာကိုပဲ သူ မျက်စိထဲကြည့်မ ။ မလေးက ဘယ်လိုနေနေ လှတာပါပဲ။

"ဩော်. . ကိုယ်က အကောင်းပြောတာပါဗျာ"

"ဒီမှာ ရှင် ဒီပုလင်းယူမှာလား. . ပြီးရင်ပြန်ပါ"

"ဟ. . အသံက မာလှချည်လားကွ"

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို မနှောင့်ယှက်ပါနဲ့"

"ဟာကွာ. . မင်းကို ကိုယ်က ဘာအနှောင့်အယှက်ပေးလို့ . ကိုယ်လဲ မင်းလိုပဲ တခြားလူတွေလို မင်းကောင်တာမှာ ခွင့်ရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ်. . ဒါပေမဲ့ တခြားလူတွေက ရှင့်လို ကျွန်မ အပိုစကားဘာမှမပြောဘူး"

"ဟုတ်လို့လား. . မင်းက သိပ်လှတော့ ခင်ချင်တဲ့လူပေါ "



www.burmeseclassic.com

www.burmeseclassic.com



"အို. . ရှင် ဘာတွေပြောနေတာလဲ"

သူမ နီရဲသော မျက်နှာလေးဖြင့် မျက်စောင်းထိုး၏။

"ကိုယ်တော့ မင်းတို ခင်ချင်တယ်"

—"ဒီမှာ. . ဒါ မိတ်ဖွဲ့တဲ့နေရာမဟုတ်ဘူးရှင့်"

"ဒါဆို မင်းအိမ်လိပ်စာပေးလေ"

"ဘာရှင့်. . ဒီမှာ ကျွန်မကို ဘယ်လိုမိန်းကလေးအောက် မေ့နေလဲ. . ယောကျ်ားတွေကို အလွယ်တကူခင်တတ်တဲ့ သူများ မှတ်နေလား"

အလှမျက်နှာလေးဖြင့် သူမရန်တွေ့ပုံက ချစ်စရာ။ သူ သွက်လက်စွာ ခေါင်းခါယမ်း၏။

"ဟာ. . မဟုတ်တာပဲ. . မင်းဟာ ကြံ့ခိုင်ရှိတဲ့ မိန်းက လေးမှန်း ကိုယ်သိပါတယ်. . ဒါကြောင့် ကိုယ် မင်းနဲ့ မိတ်ဆွေ ဖြစ်ချင်တာ"

"အို. . ကျွန်မ"

ထိုစဉ် ဦးအောင်ရောက်လာသည်။

"ဟော. . ဖြူဖြူ. . အလုပ်. . ဟင်. ."

ဦးအောင်က သူ့ကိုမြင်သွား၏။ သူ သူမကို နှုတ်ဆက် လိုက်၏။

"ကိုယ်သွားမယ် ဖြူ"





ကြာဖြူရှေ့မှာ ဦးအောင် သူ့ကိုနှုတ်မဆက်စေချင်ပါ။ ဒါကို ဦးအောင်လည်း နားလည်မှာပါ။

သူမမှာ 'ဖြူ' ဟုခေါ်သွားတာကြောင့် ရှက်သလိုခံစားရ သည်။

"ကြာဖြူ. . မင်း အလုပ်ဆင်းတာ အဆင်ပြေရဲ့လား"

"ရှင်. . ဟုတ်ကဲ့ အန်ကယ်"

"အေး. . အေး. . အဆင်မပြေတာရှိရင် အန်ကယ့်ကို ပြောနော် သမီး"

"ဟုတ်. . ဟုတ်ကဲ့ အန်ကယ်"

"ဒါနဲ့ ခုန သူငယ်က"

"အို. . သူက ရေမွှေးလာဝယ်တာပါ"

"ဪ"

ဦးအောင် တစ်စုံတစ်ခုကို သဘောပေါက်သွားသလိုပါပဲ။

"အန်ကယ်"

"ဘာလဲ သမီး. . ပြောလေ"

"ဟို. . ကျွန်မ၊ ကျွန်မ ဒါရိုက်တာအသစ်ကို တွေ့ဖူးတင် အားပြောချင်ပါတယ်"

"ဒီကိစ္စလား. . အန်ကယ် ဒါရိုက်တာကို မေးကြည့်ပါဦး



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဦးအောင်ထွက်သွားမှ သူမ သတိပြင်းချမိရ၏။ ထိုလူလုံ ပုံနှင့် အထက်လူကြီးအထင်မလွဲတာ ကံကောင်း။

သူမစိတ်ထဲ ဒါရိုက်တာသစ်နှင့်တွေ့ခွင့်ရကာ ကျေးဇူး တင်စကားပြောနိုင်ပါစေဟု ဆုတောင်းမိသည်။

ထမင်းစားချိန်မှာ သူမ သတင်းတစ်ခုကြားရသည်။ သူမ ကို အလုပ်ဖြုတ်လိုက်သော မမဦးမရှိတော့တဲ့။

"ဟင်. . ဒါဆို မမဦးအလုပ်ပြုတ်သွားတာလား"

"မဟုတ်ဘူး. . ကစားကွင်းကို ပို့လိုက်တာ"

"အို"

မမဦးပြောင်းသွားရတာ သူမကိစ္စကြောင့်များလား တွေးမိပေမဲ့ မရေရာ။

"အဲဒါလဲ ဒါရိုက်တာ ပို့လိုက်တာပဲ"

"ဩော်"

ဒါရိုက်တာစီစဉ်တဲ့ကိစ္စမို့ သူမလည်း မတတ်နိုင်ပါ။ မမဦး အတွက် စိတ်မကောင်းတော့ဖြစ်မိသည်။

"ကြာဖြူက ဒါရိုက်တာသစ်ကို ပိုင်တယ်နော်"

"အို. . ဘာပြောတာလဲ. . ကျွန်မ. . ဒါရိုက်တာ တစ်ခါမှ မတွေ့ဖူးဘူး"





"ဟုတ်လို့လား. . မမဦးကိုပြောင်းတဲ့ကိစ္စ ကြာဖြူကြောင့် အမိကပဲ. . ကြာဖြူကို အလုပ်ထုတ်ပစ်လို့ ဒါရိုက်တာစိတ်ဆိုးပြီး ပြောင်းလိုက်တာတဲ့"

"အို. . ဒုက္ခပဲ"

သူမ တစ်ခါမှ မမြင်ဖူးသော ဒါရိုက်တာသစ်ကို အံ့ဩ နားမလည်မိ။ သူမကို မသိဘဲနဲ့ ဘာကြောင့်ဒီလိုလုပ်ရတာလဲ။ ဒါရိုက်တာသစ်ကို တွေ့ချင်စိတ် ပြင်းပြနေမိ၏။

အန်ကယ်ဦးအောင်ကိုပြောထားပေမဲ့ အကြောင်းမပြန် သေးပါ။

သူမ အလုပ်လုပ်နေရပေမဲ့ ခါတိုင်းလို မပျော်ရွှင်ပါ။ သူမကို အလုပ်ပြန်ခန့်တဲ့ကိစ္စ၊ မမဦးပြောင်းတဲ့ကိစ္စ အားလုံး ဒါရိုက် တာသစ်ရဲ့ လက်ချက်ပဲ။

အလုပ်မှ အပြန် စိတ်ထဲညစ်ညူးတာနှင့် သူမ ကိုကို့ ကိုပြင်းထန်စွာ သတိရမိရင်း နေရာဟောင်းလေးဘက်လျှောက်ခဲ့ ၏။

သူမ စိတ်ညစ်ညူးတိုင်း ကိုကို့ကို သတိရမိတာပါပဲ။ ကိုကို က သူမပျော်အောင် ထားနိုင်သူဝင်။

ခရေပင်ကြီးအောက်ရောက်တော့ မြေပေါ်မှာပန်းတွေ ကြွေ နေ၏။ သူမ တစ်ပွင့်စီလိုက်ကောက်ရင်း ကိုကို့ကိုသာ သတိ ရမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရယ်. .

ခုချိန်ထိ ပြန်မရောက်သေးတာ ကြာဖြူကို သတိမရလို့လားရှင်. .

သူမ သက်ပြင်းချရင်း နေရာမှ ထလိုက်၏။ တစ်နေ့ ကိုကို ပြန်လာမလားလို့ သူမ ဒီအပင်ကြီးအောက် မကြာခဏရောက်ပါသည်။ သို့သော် သူတို ကြိုဆိုမယ့်သူက မရှိ။

ဟင်း. .

အိမ်ပြန်ရဦးမှာမို့ သူမ ခရေပင်ကြီးအောက်မှ ထွက်သည်။ ခရေပန်းရနံ့တွေက သူမထံ ကပ်ပါလာ၏။

ဒေါက်တာစောမင်းခိုင်က ဂျူတီပြီးတာနှင့် ခရေပင်ကြီးဆီထွက်ခဲ့သည်။ သူ့စိတ်ထဲမှာ ဒီနေ့ ကြာဖြူကို ထူးခြားစွာ သတိရနေ၏။

သူ့ကားလမ်းထဲဝင်လာစဉ် ထိုလမ်းထဲမှ အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့် မိန်းကလေးတစ်ယောက် ထွက်လာတာတွေ့ရ၏။

ကြည့်လိုက်တုန်းကတော့ အမှတ်တမဲ့ ဖျတ်ခနဲပါပဲ။ သို့သော် လှပကြည်စင်သော မျက်နှာလေးကြောင့် မထင်မှတ်ဘဲ ငေးချာကြည့်ဖြစ်သွားသည်။

တော်တော်လှတဲ့ ကောင်မလေးတစ်ယောက်ပဲ။





ကောင်မလေးက ခေါင်းငိုက်စိုက်ချပြီးဟန်လေးဖြင့် လမ်းလျှောက်လာတာမို့ သူ့ကို သတိထားမိပုံမရ။

သူကြည့်နေရင်း မျက်ခုံးထူကြီးများ အနည်းငယ်တွန့်လာ၏။

သည်လိုမျက်နှာမျိုးလေး သူ ဘယ်မှာတွေ့ဖူးပါလိမ့်။

သူကားကို ခရေပင်အောက် ရပ်လိုက်၏။

"ဟင်"

ခရေပန်းတွေ တစ်ပွင့်မှမရှိတော့ပါလား. . ဒါ. . ဟို ကောင်မလေးကောက်သွားတာများလား. .

ဒါဆို. .

ဟာ. .

သူ့ရင်ထဲ လှုပ်ရှားသွားလျက် ကောင်မလေးကိုကြည့်လိုက်တော့ ထွက်ခွာသွားသော ဘတ်စ်ကားတစ်စီးသာ တွေ့ရ၏။

သူ ရုတ်တရက် ပြေးလိုက်မိရင်း. .

"ကြာဖြူ"

ဟုခေါ်မိသည်။

သို့သော် ဘတ်စ်ကားကြီးကတော့ အဝေးသို့ရောက်သွား၏။

သူ. . ကြာဖြူကို တကယ်တော့ ကြာဖြူဟုခေါ်သော

www.burmeseclassic.com



မိန်းကလေးကို ထိုပတ်ဝန်းကျင်အနှံ့လိုက်ရှာမိ၏။

မတွေ့. .

အရိပ်အယောင်မျှတောင် မတွေ့တော့ ရင်မောသွားရသည်။

မိန်းကလေးရယ်. .

မင်း. . ကြာဖြူများလား

သူ ပင့်သက်တစ်ချက်ချကာ ခရေပင်အောက် ဒူးထောက်ထိုင်ချလိုက်တော့၏။

မင်းကို ဒီခရေပင်ကြီးအောက်က ကိုကို အမြဲစောင့်နေမယ်ကြာဖြူ. .

❋❋





"ကျွန်မကို ဒေါက်တာရဲ့ အတွင်းရေးမှူးအဖြစ် ခန့်လိုက်တယ်ဟုတ်. . ဟုတ်လား အန်ကယ်. ."

သည်မနက် အန်ကယ်ဦးအောင်က သူမကို ခေါ်တွေ့၏။ ထို့နောက် ရာထူးတိုးကြောင်း ပြောသည်။

သူမ မေးတာကို ဦးအောင် ခေါင်းညိတ်၏။

"ဟုတ်တယ်ကြာဖြူ. . ဒါ သမီး သိပ်ကံကောင်းတာ. . ဒီလိုနေရာမျိုးရဖို့ဆိုတာ တော်ရုံအရည်အချင်းနဲ့ မလွယ်ဘူးကွယ့်၊ မင်းကို ဒေါက်တာကိုယ်တိုင်ခန့်တာပဲ"

"ရှင်"

"အေး. . ရုံးခန်းထဲမှာ ဒေါက်တာ စောင့်နေတယ်. . ဒီကဖြန်သွားတွေ့လိုက်ပါကွယ်"

"ဟုတ်ကဲ့ အန်ကယ်"

အတွင်းရေးမှူးရာထူးရတဲ့အတွက် သူမ ဝမ်းမသာနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော ဒါရိုက်တာကိုသာ တွေ့ချင်နေမိသည်။ ထို့ကြောင့် ရုံးခန်းကျယ်ကြီး၏ တံခါးကို အသာတွန်းဖွင့်လိုက်သည်။

"ကျွန်မကို ဝင်ခွင့်ပြုပါရှင်"

"ဝင်ခဲ့ပါ"

ကြည်လင်ပြတ်သားသော အသံရှင်ကို သူမ ဖျတ်ခနဲ ကြည့်လိုက်၏။

"ဟင်"

ကလိန်စေ့ရောင်အနောက်တိုင်းဝတ်စုံဖြင့် ခန့်ညားသပ်ရပ်နေသော သူ့ကိုတွေ့လိုက်ရခိုက်. . သူမ ခြေအစုံရပ်တန့်သွား၏။

သူ ပြုံးကာ သူမကို စူးစိုက်ကြည့်သည်။

"ထိုင်ပါ ဖြူ"

အံ့ဩစရာကောင်းလိုက်တာ။ ရဲတိုက်စိုးဆိုတဲ့ ဒီလူဟာ ဒီကုန်တိုက်ကြီးရဲ့ဒါရိုက်တာတဲ့လား။

သူမ ဖြည်းညှင်းစွာပင် သူစားပွဲရှေ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ ထို့နောက်မှ မဝံ့မရဲဖြင့်. .

"ဒါရိုက်တာသစ် ဆိုတာ"

"ကိုယ်ပါပဲ ဖြူ"

"အို"





တကယ် သူဖြစ်နေ၍ အလျှင်တုန်းက သူ့အပေါ်ဆက်ဆံမိတာတွေအတွက် အားနာချင်မိရသည်။

တစ်ဆက်တည်း သူမကို အလုပ်ခန့်လိုက်တာ သူပေါ့။ ထို့ကြောင့် မျက်လုံးဝိုင်းလေးဖြင့် ဖျတ်ခနဲကြည့်ရင်း. .

"ဒါဆို. . ဟို ကျွန်မကို အလုပ်ပြန်ခန့်တာ"

"ကိုယ်ပဲ ဖြူ"

"ဟင်. . မမဦးကို အလုပ်ပြောင်းတာလဲ ရှင်ပဲပေါ့"

သူပြုံး၍ ခေါင်းညိတ်သည်။ သူမမျက်နှာလေး မသိမသာ တည်သွား၏။

"တကယ်ဆို. . ရှင် ဒီလိုလုပ်ဖို့ မကောင်းပါဘူး"

"ဘာ"

"ဟုတ်တယ်. . ကျွန်မကို အလုပ်ပြန်ခန့်ပြီး မမဦးကို ရှင်အလုပ်ပြောင်းလိုက်တဲ့အတွက် တခြားလူတွေက ကျွန်မကို ဘယ်လိုထင်ကြမလဲ"

သူ စားပွဲပေါ်လက်ထောက်ကာ သူမကိုကြည့်သည်။

"ကိုယ်. . မင်းအတွက်လုပ်ပေးတာပဲ"

"အို တင့်အင်း. . မမဦးကို အရင်နေရာပြန်ခန့်ပေးဖို့ ကျွန်မ တောင်းဆိုပါရစေ"

"ဒီလိုဆို မင်း စိတ်ချမ်းသာမယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကောင်းပြီ. . ကိုယ် အန်ကယ့်ကို ပြောလိုက်မယ်. . ဒါနဲ့ မင်းကို ကိုယ့်အတွင်းရေးမှူးခန့်လိုက်တာကော သိလား"

"ဟုတ်ကဲ့ သိပါတယ်"

"ဒါဆို. . ဒီနေ့ကစပြီး မင်း အလုပ်ဝင်မယ်မဟုတ်လား"

"ကျွန်မက ရှင့်အလုပ်သမားပဲ. . ရှင့်သဘောအတိုင်းပေါ့"

သူမ၏ အေးစက်စက်ဖြေပုံကို သူ သဘောမကျပါ။ ထို့ကြောင့် မျက်မှောင်တွန့်သွားရင်း. .

"မင်း ကိုယ့်ကို သဘောမကျဖြစ်နေသလား"

"အို. . မဟုတ်ပါဘူး"

"ဒါဆို မင်းဘာဖြစ်နေတာလဲ"

သူမ ဖျတ်ခနဲ သူ့ကိုကြည့်လိုက်၏။

"ရှင် ဘာကြောင့် ကျွန်မကို အတွင်းရေးမှူးခန့်တာလဲ"

"အဟွန်း. . ဒါလား၊ ကိုယ့်မျက်စိထဲမှာ ကိုယ့်ရဲ့ အတွင်းရေးမှူးဟာ မင်းသာ အသင့်တော်ဆုံးပဲမြင်တယ်. . ဘာလဲ မင်းက ကိုယ့်ရဲ့ အတွင်းရေးမှူးမလုပ်ချင်ဘူးလား"

"ဒီလိုတော့ မဟုတ်ပါဘူး. . ရှင့်ကို ကျွန်မပြောဖူးသားပဲ ကျွန်မဘဝက အလုပ်တစ်ခုရှိမှ မဆင်ပြေမယ်လို့"

"ကိုယ်သိတယ်လေ. . ဒါကြောင့် မင်းကို အတွင်းရေးမှူး





သစာကောင်းကောင်းပေးထားတယ်"

"ဟင့်အင်း. . ကျွန်မ ပုံမှန်အတိုင်းပဲ ရချင်ပါတယ်"

သူ ပြုံးသည်။

"အင်း. . မင်းနေရာမှာ တခြားမိန်းကလေးတွေသာဆို ကိုယ့်ကို ပေါ်တော်ကျေးဇူးတင်မှာပဲ"

သည်လိုကျတော့လည်း သူ့စေတနာကို စော်ကားမိသလားဟု သူမ စိတ်မကောင်းဖြစ်ရပါသည်။

"ကျွန်မ တောင်းပန်ပါတယ်. . ခုလဲ ကျွန်မ ရှင့်ကို ကျေးဇူးတင်ပါတယ်"

"အိုကေ. . ဒါဆို ကိုယ်တို့ အတူလက်တွဲပြီး အလုပ်လုပ်ကြို့ရပြီပေါ့"

"ဟုတ်ကဲ့"

အနီးကပ်ဆက်ဆံကြည့်တော့ သူဟာ ခင်မင်စရာကောင်းသူတစ်ဦးဟု နားလည်လိုက်သည်။

"ကိုယ် အရင်က အလုပ်လုပ်ဖို့ စိတ်မဝင်စားဘူး ဖြူ. . အခွန်း. . ကိုယ့်မိဘတွေက ကွဲနေတော့ ကိုယ်လဲ ပျော်ပျော်နေကြိုးစားတယ်"

ယခုမှတွေ့သော သူမအားသူ့အကြောင်းတွေ ပွင့်လင်းစွာပြောပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဘဝက မိဘတွေကွဲတာကလွဲပြီး ပြည့်စုံပြီမ်းချမ်းပါတယ်"

သူမဲ့ခနဲပြုံးကာ ခေါင်းခါယမ်း၏။

"တကယ်တော့ ကိုယ့်ဘဝဟာ ဖြူထင်သလောက် မငြိမ်းချမ်းပါဘူးကွာ. . မာမီကလဲ နောက်အိမ်ထောင်နဲ့. . သူ့ဘာသာပျော်အောင်နေတယ်. . ဒက်ဒီကလဲ နောက်အိမ်ထောင်နဲ့ပဲ. . ကိုယ်က တစ်ယောက်တည်းလေ. . အဖွန်း. ."

စိတ်နာဟန်ဖြင့် ရယ်လိုက်သော သူ့ကိုကြည့်ကာ သနားကရုဏာဖြစ်မိပါ၏။

လောကမှာ လူတွေဟာ ဘယ်တော့မှ မပြည့်စုံပါလား။

သူလို ချမ်းသာကြွယ်ဝတဲ့ လူမျိုးပင် လောကမှာ မပြည့်စုံဘူးဆိုလျှင် သူမတို့အတွက်တော့ ပြောစရာမရှိ။

"လောကမှာ ကိုရဲတိုက်ထက်ဆိုးတဲ့ လူတွေ အများကြီးပါရှင်"

သူမက နှစ်သိမ့်၏။

"ဟုတ်ပါတယ်. . ဒါကြောင့်မို့ ကိုယ်က ကိုယ့်ဘဝကို ကိုယ်ဖြေပါတယ်. .

"အရင်က ပျော်ပျော်နေခဲ့တဲ့ ကိုယ်ဟာ ခုတော့ အလုပ်လုပ်ဖို့ စိတ်ဝင်စားလာတယ်"





"ကောင်းပါတယ်ရှင်. . အလုပ်ထဲစိတ်ရောက်နေတော့ ခြားဘာမှ မတွေးဖြစ်တာပေါ့"

"အင်း. . ဖြူနဲ့စကားပြောရတာ သိပ်ငြိမ်းချမ်းတာပဲဗျာ၊ ဒါနဲ့ ဖြူကော ဘယ်သူနဲ့နေလဲ"

"အမေနဲ့ပါ"

"ဪ"

သူမက ဒီလောက်ပဲပြောဖြစ်၏။ တကယ်တော့ ဖြစ်နိုင်လျှင် သူမအကြောင်းကို ဘယ်သူ့မှ မပြောချင်။ ပြန်၍ပြောရလောက်အောင် သူမဘဝက သာယာတာမှမဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

ဒေါက်တာစောမင်းခိုင် သက်ပြင်းချလိုက်၏။ ပတ်ဝန်းကျင်မှာ မှောင်ရိပ်သမ်းနေပြီ။ သူ ခုထိ ခရေပင်ကြီးအောက်မှာ ရှိဆဲ. . တစ်နေ့ကတွေ့ခဲ့တဲ့ မိန်းကလေးကို တွေ့ရမလားလို့ စော[illegible] နေခြင်းပါ။

သို့သော်. . မိုးသာစုန်းစုန်းချုပ်သွား၏။ သူမလေးက ပေါ် မလာ။

ကြာဖြူ. .

ငယ်ငယ်တုန်းက ကြည်လင်ရှင်းသန့်သော ကြာဖြူ[illegible] နှာလေးနှင့် သူမလေးက ခပ်ဆင်ဆင်. .

ကြာဖြူပဲ ဖြစ်မှာပဲ

ထိုအခါ ရင်ထဲ သိမ့်ခနဲ လှုပ်ရှားသွား၏။

သို့သော်. . ဒီနေ့တော့ မိုးချုပ်ပြီ၊ ထို့ကြောင့် [illegible] သော ခြေလှမ်းများဖြင့် သူ ကားပေါ်တက်ခဲ့သည်။





သူ့အခန်းရောက်တော့ ပပ ရောက်နေသည်ကို တွေ့ရ၏။ စေ့စပ်ပြီးနောက် ပပက သူ့အခန်းသော့တစ်ချောင်းယူထားသည်။

"ဟင်. . ပပ"

"ဟုတ်တယ်. . ကိုစောကို ညစာကျွေးဖို့ စောင့်နေတာ၊ ခုတော့ မိုးချုပ်တာနဲ့ ပပပဲ ဒီမှာချက်ထားတယ်"

"ဩော်"

သူ တံခါးပိတ်လိုက်သည်။ ပပက ထမင်းပွဲအသင့်ပြင်ထား၏။ ပူနွေးသော ဟင်းများက အဆင်သင့်။

သူ အပေါ်အင်္ကျီချွတ်ကာ လက်ဆေးလိုက်သည်။ ပပက သူ့အတွက် ဇွန်းနှင့်ခက်ရင်းအသင့်ပြင်ပေး၏။

"ဟင်းတတော့ ကမန်းကတန်း ချက်လိုက်ရတာ ကိုစော"

"ဒါပေမဲ့ ဟင်းတွေစုံပါတယ်"

တကယ်ပဲ ပူနွေးသော ဟင်းလျာများက သုံးလေးခွက် [illegible]။

"ကိုစော. . ဒီနေ့ပြန်တာ နောက်ကျတယ်နော်. . ပပ [illegible]စောဆီ ဖုန်းဆက်သေးတယ်"

"ဩော်. . ဟုတ်လား၊ ကိုယ် အပြင်ထွက်သွားလို့ မတွေ့ [illegible]ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပပက ပြုံး၍ သူ့ပန်းကန်ထဲ ဟင်းတွေထည့်ပေး၏။

"ပပလဲ စားပါ"

သူ ပြန်ထည့်ပေးတာမို့ ပပ ကျေနပ်စွာပြုံးသည်။

"ကိုစော. . ဟင်းများများစားပါ. . ကိုစော နောက်ကျတာ ဟို ညီမဝမ်းကွဲလေးကို သွားရှာတာပဲလား. ."

"အင်း. . တစ်လောကတွေ့လိုက်သလိုမို့ အဲ့ဒီမှာ ပြန်ရှာတာ"

"ဩော်. . တွေ့ခဲ့လား"

"ဟင့်အင်း. . မတွေ့ပါဘူး"

"ကိုစော. . အဲ့ဒီ ညီမလေးကို သိပ်တွေ့ချင်တာပဲလား"

သူ ဘာမှမပြောဘဲ ထမင်းစားနေလိုက်၏။ ပပကလည်း ဆက်မမေးတော့။ သူ့ပန်းကန်ထဲဟင်းများသာ ဂရုတစိုက်ထည့်ပေးသည်။

တကယ်တော့ ပပဟာ ချစ်စဖွယ်ကောင်းသော မိန်းကလေးတစ်ဦးပါ။ ဒါပေမဲ့ ဘာ့ကြောင့် သူ စိတ်မလှုပ်ရှားတာလဲ။

"ကိုစောနဲ့ ပပတို့က ကိုယ်စီအလုပ်တွေနဲ့ဆိုတော့ နှစ်ယောက်တွေ့ဖို့ဆိုတာ ခဲယဉ်းတယ်နော်. . ဒီလိုလာတွေ့မှာပဲ"

"ဟုတ်တယ် ပပ. . ကိုယ်လဲ ပပလာမှ ဟင်းကောင်းစားရတယ်. ."





"တကယ်လား. . ဒါဆို ပပ မကြာခဏလာချက်ကျွေးမယ်လေ"

"ကျေးဇူးပါပဲ"

ထမင်းစားပြီးတော့ ပပက သူ့ကို ရေခဲသေတ္တာထဲမှ ပန်းသီးထုတ်ကာ ခွဲကျွေး၏။

"ဒီပန်းသီးတွေက"

"ပပ. . ဝယ်လာတာလေ. . လိမ္မော်သီးလဲ ပါတယ်. . တခြားပန်းသီးတွေကို အပြင်မှာထားတယ်နော်. . ကိုစောစားခါနီးမှ ရေခဲသေတ္တာထဲမှာ ခဏအအေးခံလိုက်"

"ပပနဲ့ကျမှ ကိုယ်လဲ ကလေးဖြစ်နေပြီ"

"ပပက ကိုစောကို ဒီလိုပဲ ဂရုစိုက်ချင်တာပါ"

"ဩော် ပပရယ်"

ပပသည် ဘက်စုံထူးချွန်သော မိန်းကလေးအဖြစ် သူ ချီးကျူးမိပါ၏။ တစ်ခါတစ်ခါတော့လည်း သူ့အနေဖြင့် ပပအပေါ် ဆက်ဆံရေးလျော့ရဲသလိုဖြစ်နေကြောင်း သိပါ၏။ သို့သော် သူ ဒီထက်ပိုပြီး ဘာမှမတတ်နိုင်ပါ။

"မိုးအတော်ချုပ်နေပြီ. . ကိုယ်လိုက်ပို့မယ် ပပ"

"ကျေးဇူးပဲ"

ပပ ကားယူမလာပါ။ အပြန် သူလိုက်ပို့ရအောင် ကားကို



www.burmeseclassic.com

www.burmeseclassic.com



တာမင်ထားခဲ့ခြင်းဖြစ်၏။

ရန်ကုန်မြို့၏ ညရှုခင်းသည် မီးရောင်များအောက်မှာ လှပနေ၏။

"တစ်နေ့က လှိုင်. . ပပဆီဖုန်းဆက်တယ်. . ကိုစော"

"ဟုတ်လား. . ဘာတဲ့လဲ"

"ဩော်. . ရဲတိုက်တစ်ယောက် သူ့ဆီဖုန်းမဆက်လို့တဲ့ ဒီမှာ မိန်းကလေးအဖော်တွေ့နေပြီလား တဲ့"

"ဒီကောင်မလေးခက်တာပဲ. . သူ့ဘာသာ တွေ့တွေ့ပေါ့"

"ဩော်. . ကိုစောရယ်၊ လှိုင်ကြည့်ရတာ ရဲတိုက်ကို သံယောဇဉ်တွယ်နေပုံပါ"

"ဟာ. . သူသံယောဇဉ်တွယ်တိုင်း ဖြစ်မလား. . ရဲတိုက်ဘက်က အခြေအနေရှိသေးတယ်လေ"

လူတည်လူဖြောင့်သမားကြီး ဒေါက်တာစောမင်းခိုင်ကတော့ အရာရာကို တည့်တည့်ပဲတွေး၏။

"ဒါကတော့ ဟိုမှာတုန်းက ရဲတိုက်လဲ လှိုင်နဲ့တွဲခဲ့တာပဲ"

"အင်း. . သူတို့ကိစ္စက ဘာလဲမသိဘူး. . တော်ပြီ သူတို့အကြောင်း မပြောနဲ့"

"ဒါဆို ပပတို့အကြောင်းပြောမယ်. ကိုစော"

"ဟင်"





"ကိုစောနဲ့ ပပ မတွေ့တဲ့အချိန်မှာ ကိုစော ပပကိုသတိ မရဘူးလားဟင်"

ထိုမေးခွန်းကြောင့် သူ ရုတ်တရက်ငြိမ်သွား၏။ ဒါကိုပဲ ပပအားမရ။

"ဖြေလေ ကိုစော. ."

"အင်း. . ကိုယ်က အလုပ်သိပ်များတော့ ဒီအကြောင်း မတွေးဖြစ်ဘူး"

"ဟင်း. . ပပလဲ အလုပ်ရှုပ်တာပါပဲ ကိုစောရယ်. . ဒါပေမဲ့ ပပလေ မအားတဲ့ကြားက ကိုစောကို အမြဲသတိရနေတယ်"

ပပ တကယ်ခံစားချက်နှင့်ပြောမှန်း သူသိ၏။ သူ သက်ပြင်းကိုတိတ်ချလိုက်သည်။

"သိပါတယ်. . ကိုစောက ပပကို မတွယ်တာဘူးဆိုတာ"

ဝမ်းနည်းသံလေးဖြင့် ပပပြောတော့ သူ စိတ်မကောင်းဖြစ်ရ၏။

"မဟုတ်ပါဘူးကွာ. . ပပနဲ့ကိုယ် စေ့စပ်တောင်ပြီးပြီပဲ. . ဒီအကြောင်းတွေ ပြောဖို့လိုမယ်မထင်ဘူး"

ဩော်. . မိန်းမသားတစ်ယောက်ရဲ့ ရင်ထဲက ဝေဒနာကို ဒီလူတစ်ယောက်မသိပါလား။ ခက်ပါလား. . ဒေါက်တာကြီးရယ်။

"ကိုစော မိဘတွေလဲ လာတော့မယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ပပ"

"ဒါဆို နောက်တစ်ပတ် အိမ်သွားရှင်းရအောင်လေ"

"ပပ အားလို့လား"

"ရတယ်. . ဆန်းဒေးသွားကြတာပေါ့. . ကိုစောတော

အားလား"

"အင်း. . ဂျူတီမရှိရင် သွားဖြစ်မယ်ထင်တယ်"

"သွားရအောင်ပါ ကိုစော. . အဲ့ဒီနေ့ ပပတစ်ခါတည်

စျေးဝယ်ခဲ့မယ်. . ပပလက်ရာ အထူးစပါယ်ရှယ် ကိုစောကို ချ

ကျွေးမယ်လေ"

သူ ပြုံး၍ပပကိုကြည့်လိုက်၏။ တားမီးရောင်ကြား

ပပ၏ အလှမျက်နှာကို တွေ့ရသည်။

"အလုပ်သမား နှစ်ယောက်လောက်ခေါ်မှထင်တယ်"

"ရတယ်. . ပပ စီစဉ်လိုက်မယ် ကိုစော. . ဒါပေမဲ့

တစ်ခုတောင်းဆိုရမယ်"

"အင်းပြောလေ"

"ဟို ကိုစော. . ညီမလေးနေခဲ့တဲ့နေရာကိုပြလေ"

"လှိုင်က ကိုယ်နဲ့ အတူတူနေတာပဲ"

"ဟင့်အင်း. . လှိုင့်ကိုပြောတာမဟုတ်ဘူး. . ကို

နေတဲ့ ညီမလေး"





"ဪ. . ကြာဖြူလား"

ပပ ခေါင်းညိတ်၏။ ကြာဖြူအကြောင်း ပြောလျှင် သူ့မျက်လုံးတွေ ရီဝေသွားတတ်သည်။

အတန်ကြာမှ. .

"သူတို့က ဒီမှာမှ မရှိဘဲ ပပရယ်"

"ကိုစောတို့နဲ့ အတူတူနေခဲ့တာမဟုတ်ဘူးလား"

"ဟင့်အင်း. . ကြာဖြူက သူ့အမေနဲ့နေတယ်"

"နာမည်လေးက ကြာဖြူတဲ့. . သိပ်ချစ်စရာကောင်းတဲ့ နာမည်လေးပဲ"

ပပမှတ်ချက်ကြောင့် သူ ပြုံး၏။ မျက်ဝန်းထဲမှာ ဂါဝန်လေးနဲ့ ကြာဖြူပုံကပဲ ပေါ်လာသလိုလို။

"ဟုတ်တယ်. . လူလေးကလဲ ချစ်စရာကောင်းတယ် ပပ"

"ဪ"

ဒေါက်တာစောမင်းခိုင်၏ သံယောဇဉ်ဟာ ကြာဖြူအပေါ် အတော်လေးနက်ပါလား။ တကယ်လို့ ကြာဖြူတစ်ဝက်သာ ပပကို သံယောဇဉ်တွယ်လျှင်. .

ဟင်း. . သတ်ပြင်းတစ်ချက်ကိုသာ ကျိတ်ချမိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . မင်း ထမင်းထည့်လာပြန်ပြီလား ဖြူ"

ထမင်းစားချိန်ရောက်တော့ သူမ ထမင်းဘူးဖွင့်၏။ သူ မကြိုက်ဟန်ဖြင့် မျက်မှောင်တွန့်ကာ ပြောသည်။

"ဒါ ကျွန်မ နေ့တိုင်းထည့်နေကျပဲ . . ဒါရိုက်တာ"

"လုပ်ပြန်ပြီကွာ . . ကိုယ့်ကို ဒါရိုက်တာလို့ မခေါ်ပါနဲ့ဆို"

"ဒါဖြင့် သူဌေး"

"ကျွတ် . . တော်စမ်းပါကွာ . . အဲ့ဒီအသုံးအနှုန်းတွေ ကိုယ်နဲ့ မင်းရဲ့ကြားမှာ စိမ်းကားမှုကို ပြနေတာပဲ"

ဘုရားရေ . . သူနဲ့ သူမကြားမှာ စိမ်းကားမှုတဲ့။ အစ တည်းက သူမတို့က သူစိမ်းတွေမဟုတ်လား။

"ဒါဆို ကျွန်မ ဘယ်လိုခေါ်ရမလဲ"

"အဲ့ဒီအသုံးအနှုန်းတွေကလွဲလို့ မင်းကြိုက်သလိုခေါ်ကွာ"

"ဆရာ"





"ဟော့ . . ငါက မင်းဆရာ ဘယ်တုန်းကဖြစ်သွားတာလဲ"

သူမ အသာပြုံးလိုက်၏။

"ကျွန်မကို အလုပ်ခန့်လိုက်ကတည်းကလေ"

"ဟူး . . သွားပါပြီကွာ"

သူ စိတ်မာတ်တျဟန်ဖြင့် ခုံမှာ လျှော့လျှော့မှီထိုင်၏။

"ဆရာ"

"မခေါ်နဲ့ကွာ"

"ဒါဆို . . ဒါရိုက်တာ"

"အဲ . . ကဲ မင်းကြိုက်သလိုသာ ခေါ် ဟုတ်လား . . ခု သောလောဆယ် မင်းထမင်းဘူးပိတ်ထားလိုက်တော့ . . နေ့လယ် စာကို ကိုယ်တို့အပြင်ထွက်စားမယ်"

"အို . . ဒါက"

"ဘာလဲ မင်းငြင်းမလို့လား . . အရင်ကလဲ ကိုယ်တို့နှစ် ယောက်အလုပ်ကိစ္စနဲ့ ထွက်တာပဲမဟုတ်လား . ."

သူမ သက်ပြင်းချလိုက်၏။

သူသည် အနီးကပ်ဆက်ဆံကြည့်လေ . . ဖွတ်တရွတ်အ ရှင့်လေးများရှိတာကို သတိပြုမိ၏။ ဒါတာ အားလုံးကို အလို လိုက်ခံရတဲ့ သူဌေးသားတစ်ယောက်ရဲ့ အကျင့်ဖြစ်မှာပါ။

"ကောင်းပြီလေ . . ဒီနေ့တော့ ကျွန်မလိုက်စားမယ် . . ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ နောက်နေ့ကစပြီး ကျွန်မ ထမင်းဘူးပဲစားမယ်"

"အိုကေ. . အိုကေ. . တဲ သွားစို့"

သူ အိတ်ဆွဲလိုက်တော့ သူမ နောက်မှလိုက်ခဲ့ရ၏။ သူ

သူမကို အတွင်းရေးမှူးပုံစံနှင့် လိုက်ဖက်အောင်ဝတ်ရမည်တ

တာကြောင့် တုတ်အမျိုးမျိုးနှင့် ထပ်ခွဲစကာဒ်မျိုးစုံချုပ်ထားရသည

သည့်အတွက် သူက လခကြိုထုတ်ပေးထား၏။

အလုပ်သမားဘဝမှ သူမအနေဖြင့် သူ ကျေနပ်အောင်လုပ်ရ

မဟုတ်လား။

ကားကို သူကိုယ်တိုင်မောင်းသည်။

"ဘယ်မှာစားမလဲ"

သူမဘက်လှည့်ကာ မေးသည်။

"ဟင့်အင်း. . ရှင်စားချင်တဲ့ဆိုင် စားပါ"

"ကိုယ်က မင်းသဘောကို ပိုသိချင်တယ်"

"ဒီမှာ ဒါရိုက်တာ. . ကျွန်မက စားသောက်ဆိုင်တွေ

တက်စားနိုင်တဲ့ မိန်းကလေးမျိုးမဟုတ်ပါဘူး. .

"ဒါကြောင့် ဘယ်ဆိုင်ကောင်းမှာလဲ ကျွန်မ မသိဘူ

သူမ၏ ပွင့်လင်းလှသော အပြောကြောင့် သူ သနား

ရသည်။ တကယ့်ကို ရိုးသားဖြူစင်တဲ့ မိန်းကလေးပဲ။

"ကိုယ်မေးတာကို အထင်မလွဲပါနဲ့. . ကိုယ်က





ရုတ်စာစားချင်လား. . မြန်မာစာ စားချင်လား မေးတာပါ"

သူမ စိတ်လျော့လိုက်သည်။

"ဟင်း. . ဒါရိုက်တာသဘောပဲ"

"အိုကေ"

သူ့ကို သားနားသော စားသောက်ဆိုင်သို့ခေါ်လာသည်။

နောက် သူ့စိတ်ကြိုက်ဟင်းတွေမှာလေ၏။

ဟင်းပွဲများရောက်လာတော့ သူမ မျက်လုံးပြူးသွားသည်။

"အို. . ဒီလောက်အများကြီး"

"ဘာဖြစ်လဲ. . မင်း ဟင်းများများစားရမယ်ဖြူ"

"အို. . ကျွန်မ ဘယ်ကုန်မလဲ"

သူ ပြုံးလိုက်သည်။

"ကုန်သလောက်စားပေ့ါ. . တဲ စား. . "

ပူနွေးသော ဟင်းလျာများကို သူကိုယ်တိုင်ထည့်ပေးလေ

သည်လို သူ ဂရုစိုက်တာတွေကိုပဲ သူမ မနေတတ်တော့ပါ။

မှန်တာပြောရလျှင်တော့ သူမဘဝမှာ ဒီလိုကောင်းမွန်

ဟင်းများ မစားရတာအတော်ကြာပြီ။ ထို့ကြောင့် ဟန်

ာင်တမ်းစားမိသည်။ စားရင်းမှလည်း အမေ့ကိုသတိရမိ၏။

ကျွမ်းကျင်သပ်ရပ်စွာဖြင့် ကလေးတစ်ယောက်လို ဟန်မ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဘဲ စားနေသော သူမကိုကြည့်ကာ သူ့ရင်ထဲတစ်သက်လုံး ဒီလိုသာ ကျွေးလိုက်ချင်မိသည်။

"ဟင်. . ရှင်ဘာကြည့်နေတာလဲ"

သူမ ဖျတ်ခနဲမော့အကြည့် သူ စိုက်ကြည့်နေတာကြောင့် ရှက်သွားသည်။

"အဟွန်း. . မင်းစားတာကြည့်ကောင်းလို့"

"အို"

"စားပါ. . စားပါ. . ကိုယ်လဲ စားမယ်"

"တို. . တော်ပြီ. . ကျွန်မ များနေပြီ"

"မရဘူးစား. . တို့မစားရင် ဒါတွေအလကားထားခဲ့ရမယ်"

သူက သူမကိုလည်း ထည့်ပေး. . သူကိုယ်တိုင်လည်းစား၏။

သူမအတွက် အချိုရည်ဘူးကိုလည်း ဖောက်ကာ ဖန်ခွက်ထဲထည့်ပေးသည်။

"သိပ်ကောင်းတာပဲ"

"ဟင်"

"ဟုတ်တယ်. . ကိုယ်စားသမျှထမင်းတွေထဲမှာ ခေါ်ကျွေးတဲ့ ... အတူစားရတဲ့ ဒီထမင်းပွဲက အကောင်းဆုံးပဲ"





"အို တော်ပါ"

"တကယ်ပြောတာကွ. . ဒါနဲ့ဖြူ"

"ဟုတ်ကဲ့"

"ကိုယ်. . မင်းတို့အိမ် လာလည်လို့ရမလား"

မျက်တောင်ကော့များပင့်ကာ သူမအကြည့်ကြောင့် သူ အသည်းယားသွား၏။

"ကျွန်မတို့က ဆင်းရဲပါတယ် ရှင်. . "

"ဟာ. . ကိုယ်မေးတာ ဒါမဟုတ်ဘူးလေ"

"ဟုတ်ပါတယ်. . ကျွန်မတို့လို ဆင်းရဲသားရပ်ကွက်ကို ဒါရိုက်တာလို လူမျိုးလာမလည်သင့်ပါဘူး"

သူက သူမကို စူးစူးစိုက်စိုက်ကြည့်သည်။

"ဖြူက မလာစေချင်ဘူးလား"

သူမ ဘာမှမပြောဘဲငြိမ်နေလိုက်၏။ သူ ခေါင်းတစ်ချက်ညိတ်သည်။

"ကောင်းပြီ. . မင်းမကြိုက်တာ ကိုယ်မလုပ်ဘူး. . ဒါပေမဲ့ ကိုယ် မင်းကို တကယ်ခင်တယ်ဆိုတာယုံပါ. . ကဲ သွားစို့"

ပိုက်ဆံရှင်းပြီးနောက် သူတို့ထွက်ခဲ့၏။

ကားမောင်းနေစဉ် ဖုန်းခေါ်သံမြည်လာသည်။

"ဖြူ. . ဖုန်းကိုင်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူမ ဆဲလ်ဖုန်းကိုင်လိုက်၏။

"ဟဲလို"

နူးညံ့ကြည်လင်လှသော သူမအသံလေးကြောင့် တစ်ဖက်မှ ဒေါက်တာစောမင်းခိုင်တစ်ယောက် မျက်ခုံးတွန့်ခနဲဖြစ်သွားသည်။

မိန်းကလေးတစ်ယောက်အသံပါလား။

ကြည့်ရတာ ရဲတိုက်မှာ မိန်းကလေးအဖော်ရှိပြီထင်ပါရဲ့။

"ရဲတိုက်မရှိဘူးလားခင်ဗျ"

စောမင်းခိုင်၏ အောင်မြင်ကြည်လင်သောအသံက သူမနားထဲ စိမ့်ခနဲဝင်သွားသည်။ သည်အသံမျိုး သူမ ရင်းနှီးသလိုလို။

"ဟုတ်ကဲ့. . ရှိပါတယ်ရှင်. . သူ ကားမောင်းနေလို့ပါ. . ဘယ်သူလို့ပြောလိုက်ရမလဲရှင်"

ကြည့်စမ်း. . အတော်ကိုယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးပါလား။ ရဲတိုက်စိုးတွဲသမျှတွေထဲမှာ ဒီတစ်ယောက်တော့ ထူးခြားတယ်ထင်ရဲ့။

"သူ့သူငယ်ချင်းလို့ပြောပေးပါ ခင်ဗျာ"

"ဪ. . ဟုတ်ကဲ့ရှင့်. . ခဏနော်"

ထို့နောက် သူမ ဖုန်းကိုကားမောင်းနေသော ရဲတိုက်ထံ လှမ်းပေးလိုက်သည်။





"ဟဲလို"

"ရဲတိုက်. . ကိုယ်ပါကွ"

"ဪ. . ဒေါက်တာကြီး ဘာကိစ္စ"

စောမင်းခိုင်အသံကြောင့် ရဲတိုက် ခပ်ရွှတ်ရွှတ်မေးလိုက်၏။

"မင်း. . ဆန်းဒေးအားလား"

"အင်း. . ဆန်းဒေးတစ်ရက်တော့ အားမယ်"

"ဒီလိုဆို ကိုယ်တို့တွေ့ကြရအောင်"

"ဘယ်မှာလဲ"

စောမင်းခိုင် ရွှတ်ပြသော လိပ်စာကို ရဲတိုက်မှတ်ထားလိုက်၏။

"အိုကေ. . ကိုယ် လာခဲ့မယ်"

ထို့နောက် ဖုန်းကိုပိတ်လိုက်သည်။ မထင်မှတ်ဘဲ သူမကတော့ ဖုန်းအသံရှင်ကြောင့် တွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ အလုပ်မရှိသောကြောင့် အိမ်ရှင်းနေသော ကြာဖြူတစ်ယောက် မမျှော်လင့်ဘဲ သူမ ပထွေးဦးဝင်းအော အနားရောက်လာတာကြောင့် အံ့ဩသွားရ၏၊

"ဟင်. . ဦးလေး"

မျက်လုံးများနီလျက် အရက်သောက်ထားပုံရသောကြေ ဦးဝင်းအောင်မျက်နှာဆီပြန်နေသည်၊

"ဟဲ ဟဲ. . နင် ဒီနေ့ အလုပ်မသွားဘူးလား ကြာဖြ"

"ဟင့်အင်း. . ကျွန်မ အလုပ်ပိတ်တယ်"

"ဪ. . အေး. . ကောင်းတယ်. . ဒါဆို နင် အလ ထား ကြာဖြူ"

"ဟင် ဘာလုပ်ဖို့လဲ"

"ဟဲ. . ဟဲ. . သူဌေးက နင့်ကိုကြိုက်နေတာဟ. . ရှိနေတော့ ငါသွားခေါ်မလို့"

"အို"





ကြာဖြူ စိတ်ညစ်သွား၏။ အမေကလည်း ဈေးသွားနေ သည်။

"ကျွန်မ. . အဲ့ဒီလူကြီးကို မကြိုက်ဘူး"

"ဘာ. . နင်က ငါကောင်းစေချင်လို့ စီစဉ်တာလက်ခံရ ယ် ဒါပဲ. . ငါပြန်လာလို့ နင် သူဌေးကို ကောင်းကောင်းလက်ခံ . . မဟုတ်လို့ကတော့ နင် ငါ့အိမ်မှာ မနေနဲ့"

ထို့နောက် ဦးဝင်းအောင်ထွက်သွား၏။ သူမ နှုတ်ခမ် သးဖိကိုက်ကာ ကျန်ခဲ့သည်။

သည်လူကြီးက သူပြောတဲ့အတိုင်း မလုပ်လျှင် သောင်း န်းတော့မှာ. . သူမ ရှိနေလျှင် အမေဒုက္ခများမည်။

ဟင်း။

ထိုစဉ် အမေပြန်ရောက်လာ၏။

"ဟင် သမီးမျက်နှာလဲ မကောင်းပါလား. . ဘာဖြစ်နေ လဲ"

"ဟင်း. . အမေ့လူကြီး. . ဟိုသူဌေးဆိုတာကို သွားခေါ် ် "

"ဟင်"

"ဟုတ်တယ်အမေ. . အဲ့ဒီလူကြီးလာရင် သမီးအို င်းကောင်းဧည့်ခံတဲ့. . သူက သဘောတူတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို . . ဒီလူနဲ့ ခက်တာပဲ"

"သူ့စကားနားမထောင်ရင် သမီးကို ဒီမှာမနေနဲ့တဲ့"

"ဘာ"

ရုတ်တရက်တော့ ယောက်ျားလုပ်သူကို ဒေါ်ခင်စိတ်တို သွား၏။ ဒီလူ့အကြောင်း သူသိတာပေါ့။ သမီးကို ဗန်းပြပြီး သူ့ငွေ ဆီက ပိုက်ဆံတွေယူသုံးနေတာ။

"သမီး"

"ရှင် အမေ"

"ဟိုလူ . . သူ့ငွေးကို ခေါ်လာမှာပဲ"

"ဟုတ်တယ်အမေ"

"ဒါဆို သမီးရှောင်နေလိုက်ပါလား"

"ဟင်း . . သမီးလဲ အမေ့ကို အဲဒါပြောမလို့ . . အမေ့ ... က သူ စီစဉ်တာလက်မခံရင် လွယ်မှာမဟုတ်ဘူး . . သမီး ရှောင် နေမှကောင်းမယ်"

"အေးကွယ်"

သူမ အခန်းထဲဝင်ကာ အဝတ်သုံးလေးစုံထည့်လိုက် ... ထိုစဉ် အိမ်ရှေ့မှ ကားသံကြားရသည်။

"သမီး . . မြန်မြန်လုပ်၊ လာနေပြီ"

"ဟုတ်ကဲ့အမေ"





"အမေ . . ကိုယ့်ကိုယ်ကို ဂရုစိုက်နော်. . သမီးသွားပြီ"

"အေး အေး"

သူမ အိမ်နောက်ပေါက်မှ ထွက်ခဲ့၏။ ပထွေး၏အသံကို ကြားရသည်။

"ဖြူဖြူရေ . . ဟော့ ဖြူဖြူ . . ဒီမှာ သူ့ငွေးပါလာတယ်"

"ဖြူဖြူ မရှိဘူး . . သူ့သူငယ်ချင်းအိမ်သွားတယ်"

"ဘာ . . ဒီကောင်မ တမင်ရှောင်သွားတာ . . မင်းလဲ အလိုတူမဟုတ်လား . . ကဲကွာ . ."

"ဖြန်း"

"အမေ့ . ."

ဒေါ်ခင်အခန်းထောင့်မှာလဲကျ...၏။ ပါးနာကျင်တာ ...က် သမီးလေးလွတ်မြောက်သွားတာကို သူမ ဝမ်းသာပါသည်။

"တောက် . . ဒီကောင်မ ပြန်လာရင် ငါ့အကြောင်းသိ ...ရမယ်"

သမီးလေး ဒီကိုပြန်လာဖို့မဖြစ်ဟု ဒေါ်ခင်နားလည်လိုက် ...။

ကြာဖြူ အိမ်မှ ထွက်ခဲ့ပေမဲ့ ဘယ်ကိုသွားရမှန်းမသိ။ ...ည်လိုဒုက္ခခံစားရတိုင်း သူမ သတိရမိတာ ကိုကို့ကိုပါ။ ကိုကို ...ရှိလျှင် သူမကို ကူညီနိုင်မည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အို ဒီလောက်အခက်အခဲတွေနဲ့ ဘဝကို ရင်ဆိုင်နေတာ ကိုကို့ကို တွေ့ချင်လွန်းလို့ပါ။

မမျှော်လင့်ဘဲ သူမ၏ခြေလှမ်းတွေက ခရေပင်ကြီး အောက်ဆီသို့ လျှောက်ခဲ့မိသည်။ အဲဒီ ခရေပင်ကြီးအောက်မှာ သူမ ကိုကို့ကို စောင့်ချင်ပါသည်။

"ဟင်"

ရုတ်တရက် သူမ မျက်လုံးကို မယုံနိုင်အောင်ပါပဲ. . ခရေ ပင်ကြီးအောက်မှာ အရပ်မြင့်မြင့်နှင့်ချောမောသန့်စင်သော လူ တစ်ယောက်။

သူမစိတ်ထဲ သိမ့်ခနဲဖြစ်သွားလျက် လှုပ်ရှားရလွန်းပါ သည်။ သူမ ကြည့်နေစဉ်မှာပင် ထိုလူက ခရေပွင့်လေးတွေ တစ် ပွင့်စီလိုက်ကောက်နေ၏။

သူမ နှုတ်ခမ်းလေးတွေ တစ်ရှုရှုလှုပ်လာသည်။ မျက်ဝန်း မှ မျက်ရည်များလည်း ရစ်ဝဲလာ၏။

"ကိုကို"

ဟုတ်ပါတယ်. . သူဟာ သူမအချိန်အကြာကြီး မျှော်လင့် နေတဲ့ကိုကိုပါပဲ။

သူမ ခရေပင်ကြီးအောက်သို့ ခပ်သွက်သွက်ပြေးလာခဲ့ ၏။





ထိုလူက သူမကိုကျောပေးလျက် ဒူးထောက်ကာ တစ်စုံ တစ်ရာရေးနေသည်။

သူမ. . သူ့နောက်နားရပ်ကာ ကြည့်လိုက်စဉ်. .

"အို"

သူမ ရင်တစ်လှပ်လှပ်ခုန်ကာ ဝမ်းသာသွားရ၏။

ကြည့်စမ်း. . ပန်းစာလုံးလေးတွေနဲ့ "ကြာဖြူ" လို့ အမည် ဖော်ထားတာပါလား. .

ထိုလူက ဖြည်းညှင်းစွာ မတ်တတ်ရပ်၏။ ဖြုန်းခနဲ သူ့ ကျောပြင်ကို သူမ တင်းတင်းဖက်လိုက်သည်။

"ကိုကို. . ကိုကို မဟုတ်လားဟင်"

နူးညံ့သောအထိအတွေ့နှင့် ကြည်လင်ချိုသာသော အသံ ကြောင့် ဒေါက်တာ စောမင်းခိုင် ရင်ထဲ ဒိန်းခနဲဖြစ်သွား၏။

ကြည့်စမ်း. . ကိုကိုလား တဲ့။

သူ ရုတ်တရက် ပြန်မဖြေနိုင်သေး. . အတန်ကြာမှ နူးညံ့ သော လက်လေးကို အသာကိုင်ကာ. .

"ကြာဖြူ. . ကြာဖြူလားဟင်"

ထိုအခိုက် စောမင်းခိုင်တို့ မတွေ့၍ လိုက်လာကြသော တို့နှင့် ပပက ခရေပင်အောက်မှ မြင်ကွင်းကို အံ့ဩမှင်တက် ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပပ. . အဲ့ဒါ"

ရဲတိုက် အံ့ဩဟန်ဖြင့် ပပတို့မေး၏။ ပပ တစ်စုံတစ်ရာကို သတိရစွာဖြင့်. .

"ကိုစော. . သူ့ညီမလေးကို ပြန်တွေ့ပြီထင်တယ်"

"ဘာ. . သူ့ညီမ"

"ဟုတ်တယ်. . ပျောက်ဆုံးနေတဲ့ သူ့ညီမဝမ်းကွဲလေ"

အနားသို့ သူတို့နှစ်ယောက်လျှောက်လာကြ၏။

"ဟင် ဖြူ"

အနီးကပ်မှာ တွေ့လိုက်ရသော ဖြူကို ရဲတိုက်က အံ့ဩစွာကြည့်၏။

"မင်းခိုင်. . ဖြူက မင်း ညီမ"

ပပကြားဖြတ်ဝင်ပြောသည်။

"ဟုတ်တယ် မဟုတ်လား ကိုစော"

စောမင်းခိုင် ပင့်သက်တစ်ချက်ကိုက်ချရင်း ခေါင်းညိမ့်ပြလိုက်ရ၏။

"ဟား. . တိုက်ဆိုင်တယ်ကွာ. . ငါပြောနေတဲ့ မိန်းကလေးဆိုတာ ဖြူပဲ မင်းခိုင်ရ. .

"ဘာပဲဖြစ်ဖြစ် ဖြူကို ငါ အရင်တွေ့တာနော် မင်းခိုင်"

"အို"





ကြာဖြူမှာလည်း တိုက်ဆိုင်စွာ လာဆုံနေသော ရဲတိုက်ကြောင့် အံ့ဩရပါသည်။

ကိုကိုနဲ့ ရဲတိုက်တို့က အခင်ဆုံးသူငယ်ချင်းတွေ ဆိုပါလား။

ကိုကိုက သူမကို ဖြည်းညှင်းစွာ လှည့်ကြည့်သည်။

ကြည့်စမ်း. . သူ တစ်နေ့ကတွေ့ခဲ့တဲ့ မိန်းကလေးဟာ ကြာဖြူဖြစ်နေပါလား။

ဘာကြောင့်များ စောစောက မတွေ့ခဲ့ရတာပါလိမ့် မိန်းကလေးရယ်။

ကြာဖြူ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်တာ သူ ခြေဆုံးခေါင်းဆုံးကြည့်မိ၏။

ကြာဖြူဟာ ငယ်ငယ်တုန်းကနဲ့မတူအောင် လှနေပါလား။

ဒါပေမဲ့ အဲ့ဒီလှတဲ့ မျက်နှာလေးမှာ ညှိုးရိပ်တွေဆင်လို့။

ကြာဖြူရယ်. . မင်း တယ်လိုဒုက္ခတွေများ ရင်ဆိုင်ခဲ့ရလည်း မိန်းကလေးရယ်. . ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကိုကို့ကို ဒီခရေပင်ကြီးအောက်က အမြဲစောင့်ခဲ့တယ်. . ဒါပေမဲ့ ကျွန်မ အကြာကြီးလာစောင့်ခဲ့တယ်. . ကိုကိုက တော့ ရောက်မလာဘူးလေ. .

"ဒါနဲ့ ကျွန်မတို့ ဒီက ပြောင်းခဲ့ရတယ်"

"ဪ"

ကြာဖြူပုံစံက အရွယ်နှင့်မလိုက်အောင် တည်ငြိမ်နေသလိုပါပဲ။ လှိုင်ကတော့ ဘဝကိုပြည့်စုံစွာ ဖြတ်သန်းလာခဲ့ရလို့လား မသိ၊ အမြဲတမ်း ပျော်ရွှင်သွက်လက်နေ၏။

ကြာဖြူက သူ့ကိုမကြည့်ဘဲ ထိုအကြောင်းတွေပြောနေသည်။ ကြာဖြူအပြောကြောင့် သူ့ရင်ထဲက လှိုက်လှဲဆို့နင့်နေ၏။

သူလာခဲ့ချင်ပါသည်။

ဒါပေမဲ့ ဘယ်လိုမှ အခွင့်မသာခဲ့။

"ကိုကိုကော. . ကျွန်မကို သတိမရခဲ့ဘူးလားဟင်"





သူ မချိသလို ပြုံးလိုက်၏။ သူမ မျက်နှာလေးကို ကရုဏာသက်စွာကြည့်ရင်း တိုးတိတ်လေးနက်စွာ ဖြေလိုက်၏။

"သတိရခဲ့တာပေါ့ ကြာဖြူရယ်. . ဒါကြောင့် ကိုကို ဒီရောက်တာနဲ့ ကြာဖြူကို ရှာခဲ့တာပေါ့"

ကိုကိုရောက်လာတော့ ကြာဖြူတို့ မရှိတော့ဘူးလေ"

သူမကို သတိရတယ်ဆို၍ ဝမ်းသာကျေနပ်သွား၏၊ ဒါကိုက သူမအတွက် မျှော်လင့်ရကျိုးနပ်တာပါပဲ။

"ဟုတ်တယ် ကိုကို. . ကျွန်မ ဆန္ဒအရသာဆိုရင် ကိုကို့အလာကို ဟော့ဒီခရေပင်ကြီးအောက်က အမြဲစောင့်နေခဲ့ချင်တယ်. . ဒါပေမဲ့ ကိုကိုရယ်. . ကျွန်မက အမေနဲ့နေရတာမဟုတ်လား. . အမေခေါ်ရာလိုက်ရတာပေါ့ရှင်. ."

သူ နားလည်စွာဖြင့် ခေါင်းညိတ်၏။

"အခု. . အန်တီကော နေကောင်းလား"

အမေ့ကို သတိရတော့ သူမ မျက်နှာလေး ပျက်ချင်ရ၏။

"အမေ. . နေသိပ်မကောင်းဘူး ကိုကို"

သူမအသံ တိုးဝင်နေ၏။ သူ ငုံ့စိုက်နားထောင်သည်။

"ဟုတ်လား. . ဒါဆို မပူနဲ့လေ. . အန်တီ့ကို ကိုကို ကုပေးမှာပေါ့ကွယ်"

အားကိုးသော မျက်ဝန်းလေးများဖြင့် သူမ မော့ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့"

"ဘာလဲ ကြာဖြူ"

သူမ မျက်တောင်ကော့များ အသာချလိုက်ရင်း . .

"အမေ နောက်အိမ်ထောင်က ဆိုးတယ် ကိုကို"

"ဪ . . ကြာဖြူနဲ့ကော အဆင်ပြေရဲ့လား"

သူမမျက်နှာလေး မဲ့ခနဲဖြစ်သွားသည်ဟု ထင်မိ၏။

သို့သော် ချက်ချင်း ဘာမှမဖြစ်ဟန်လေးဖြင့် . .

"ဟုတ်ကဲ့ ပြေပါတယ်"

ပြောပုံက အားမရှိလှပါ။ ကြာဖြူသည် သူ့ကိုတစ်စုံတစ်ရာဖုံးကွယ်နေသလိုပါပဲ။

"ကြာဖြူ"

"ရှင် . . ကိုကို"

"ကြာဖြူဘဝမှာ အခက်အခဲတွေရှိခဲ့လားဟင်"

ကြာဖြူ နှုတ်ခမ်းလေး မသိမသာဖိကိုက်လိုက်ကာ ခေါင်းခါယမ်းလိုက်၏။ ယခုမှပြန်တွေ့တဲ့ ကိုကို့ကို သူမ စိတ်မဆင်းရဲစေချင်ပါ။

"မ . . မရှိခဲ့ပါဘူး ကိုကို"

ဟင်း . . သူ သက်ပြင်းကျိတ်ချလိုက်၏။ ကြာဖြူ ၏အပေါ် ဆက်ဆံတာ သူစိမ်းဆန်နေသလိုပါပဲ။





"တကယ်လား ကြာဖြူ"

"တ . . တကယ်ပါ ကိုကို"

"အေးလေ . . တကယ်လို့ ရှိခဲ့ရင်လဲ ကိုကို တတ်နိုင်ခဲ့တာမှမဟုတ်တဲ့"

သူ စိတ်မကောင်းစွာ ပြောလိုက်၏။ ပပနှင့်ရဲတိုက်တို့က ထမင်းစားဖို့အတွက် ဟင်းများသွားဝယ်နေ၏။

"ဘာပဲဖြစ်ဖြစ် . . ကျွန်မကို သတိရခဲ့တာပဲ ကျေနပ်လှပါပြီ ကိုကို . ."

ကိုကို့မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ကာ သူမပြောသည်။

"ကိုကိုလဲ ကြာဖြူနဲ့ ခုလိုပြန်ဆုံရတာ သိပ်ဝမ်းသာတယ်"

"တော်သေးတယ်နော် . . ဒီနေ့ ကြာဖြူသာ ခရေပင်ကြီးအောက် မလာခဲ့ရင် ကိုကိုနဲ့ လွဲရဦးမှာ"

"ဟုတ်တယ် . . ကိုကို့စိတ်ထဲ ကြာဖြူကို သတိရလွန်းတာနဲ့ ထွက်လာခဲ့လိုက်တာ"

"ကိုကိုက သိပ်ချောလာတာပဲ"

"အဟွန်း . . ကြာဖြူလဲ သိပ်လှတယ်"

"အဟင်း . . ကျေးဇူးပဲ ကိုကို"

ရှက်နေသော မျက်နှာလေးကို ကြာဖြူ ဆံပင်ရှည်များနှင့် ကာကွယ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် ကြာဖြူ မျက်နှာလေးကို လွမ်းခဲ့ရသမျှ အတိုးချကာ သူစိုက်ကြည့်နေချင်ပါသည်။ ဒါပေမဲ့ ကြာဖြူက တလေးအရွယ်မဟုတ်တော့ဘဲ။

“ကြာဖြူ”

“ရှင်. . ကိုကို”

“ကြာဖြူ ကိုကို့အပေါ် ဆက်ဆံတာ အရင်လိုမဟုတ်ဘူး စိမ်းနေသလိုပဲ”

“ဩော်. . ကိုကိုရယ်. . ကြာဖြူနဲ့ကိုကို ပြန်တွေ့ကြတာ မကြာသေးဘူးလေ”

သူ ခေါင်းညိတ်လျက် ပြုံးနေလိုက်၏။ တကယ်တော့ သူ့ရင်ထဲမှာ ကြာဖြူကို မေးချင်ပြောချင်တာတွေ အများကြီးပါ။ ဒါပေမဲ့ ဘယ်ကစမေးရမှန်းမသိ။ ရင်ထဲမှာ လှိုက်မောနေတာသာ သိ၏။

“မမ ပပတ ကိုကိုနဲ့ စေ့စပ်ထားတာနော်”

“အင်း”

သူ စိတ်မပါစွာ ခေါင်းညိတ်လိုက်၏။ ဖြစ်နိုင်လျှင် ဒီအကြောင်းတွေ ကြာဖြူကို မပြောစေချင်ပါ။

“မမ ပပက ချောတော့ ကိုကိုနဲ့လိုက်ပါတယ်”

“ကြာဖြူ ဘယ်မှာနေလဲ”





သူ စကားလမ်းကြောင်းလွှဲလိုက်၏။

“ဟို. . ကြာဖြူ. . အဆောင်”

“ကြာဖြူ မှန်မှန်ပြောစမ်း. . မင်း ဘာဖြစ်လာလဲ”

သူမ ပခုံးလေးကိုဆုပ်ကိုင်ကာ သူ စိုးရိမ်စွာမေးလာ၏။ ကြာဖြူ ဟန်မဆောင်နိုင်ဘဲ မျက်ရည်များ ကျလာသည်။

“ကျွန်မကို အိမ်ပေါ်က ပထွေး နှင်. . နှင်ချလိုက်တယ် ကိုကို. . ”

“ဖြစ်ရလေကွယ်”

ကြာဖြူ မျက်နှာလေး သူ့ပခုံးမှာ အပ်လိုက်၏။ သူ ကြာဖြူ ကျောပြင်လေးကို ညင်သာစွာ ပွတ်သပ်လိုက်သည်။

“ဘာမှစိတ်မပူပါနဲ့ ကြာဖြူရယ်. . ကိုကို တစ်ယောက်လုံး ရှိပါတယ်”

မျက်ရည်များကြားမှ ကိုကို့ကို မော့ကြည့်မိ၏။ ကိုကို အဲဒီလိုအားပေးသံကြားရဖို့ သူမ အချိန်များစွာ စောင့်မျှော်လင့်စောင့်စားခဲ့ရတာမဟုတ်လား ကိုကိုရယ်။

❋❋



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ဖက်ဒီတို့ကော နေကောင်းကြတယ်မဟုတ်လား ဟင်"

"အင်း. . ကောင်းပါတယ်၊ လှိုင်လဲ ဟိုမှာ ဘွဲ့ရတယ် မကြာခင် သူတို့ပြန်လာကြလိမ့်မယ်"

"သြော်"

လှိုင်တစ်ယောက် ဘွဲ့ရကာ ပညာတတ်ကြီးဖြစ်ချိန်မှာ သူ့ဘဝကတော့ ဟင်း. . ဘယ်တတ်နိုင်မှာလဲလေ. . ဒါဟာ ကံတရားပဲပေါ့။

"ဒါနဲ့ ကြာဖြူ. . အခုအလုပ်လုပ်နေတာ ရဲတိုက်ဆီမှာလား"

"ဟုတ်တယ်ကိုကို. . သူ့ရဲ့ ပီအေလေ"

"အင်း. . ဟုတ်လား"





ကြာဖြူကို ရဲတိုက်နှင့် အနီးကပ်ဆုံးမှာ တွေ့လိုက်ရတာကြောင့် သူ့ရင်ထဲ စိုးရိမ်သွားရသည်။ ရဲတိုက် မိန်းကလေးတွေနှင့် ရှုပ်တယ်ဆိုတာ သူအသိဆုံးပဲ။

နောက်တစ်ခုက ရဲတိုက် စိတ်ဝင်စားသော မိန်းကလေးက ကြာဖြူလာဖြစ်နေခြင်းပင်။

"ကြာဖြူ"

"ရှင်"

"ကြာဖြူ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လားဟင်"

ကြာဖြူ မျက်လွှာလေးချကာ. .

"ဟုတ်ကဲ့ ပြေပါတယ် ကိုကို"

"ရဲတိုက်ကကော ကောင်းကောင်းမွန်မွန် ဆက်ဆံရဲ့လား"

"အစ်ကိုရဲတိုက်က ကောင်းပါတယ်"

"သြော်"

အနေနီးစပ်၍ ကြာဖြူတစ်ယောက် ရဲတိုက်အပေါ် ခင်မင်နေပြီလားဟု အကဲခတ်ကြည့်မိ၏။ ဖြူစင်လှပသော ကြာဖြူမျက်နှာလေးကတော့ တည်တည်ငြိမ်ငြိမ်ပင်။

"ကြာဖြူ"

"ပြောပါ ကိုကို"

"ကြာဖြူ့အကြောင်း ကိုကို့ကိုပြောပါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ရုတ်တရက် နှုတ်ဆိတ်သွား၏။ ထို့နောက် သက် ပြင်းအသာချသည်။

"ကျွန်မအကြောင်းက စိတ်ဝင်စားစရာမကောင်းပါဘူး ကိုကိုရယ်"

"ဒါပေမဲ့ ကိုကိုနားထောင်ချင်တယ် ကြာဖြူ"

"ဟင်း. . ကောင်းပြီလေ. . တကယ်တော့ ကျွန်မဖြတ် သန်းလာခဲ့ရတဲ့ဘဝက ခက်ခဲကြမ်းတမ်းလွန်းပါတယ် ကိုကိုရယ်"

ကြာဖြူက ကြမ်းတမ်းစွာဖြတ်သန်းခဲ့ရသော သူမဘဝဇာတ် စဉ်ကို ခပ်ဖြည်းဖြည်း ပြောပြ၏။ နားထောင်နေရသူ ဒေါက်တာ စောမင်းခိုင်မှာ သနားစရာကောင်းလှသော ကြာဖြူ့ဘဝဇာတ် ကြောင်းများကြောင့် ရင်ထဲတလှိုက်လှိုက်ဖြင့် စိတ်မကောင်းဖြစ်ရ သည်။

"နောက်ဆုံးတော့ ကျွန်မလဲ အမေ့ကျန်းမာရေးအတွက် အလုပ်ထွက်လုပ်ခဲ့ရတာပါပဲ ကိုကိုရယ်"

ကြာဖြူက အဝေးသို့ ခပ်ငေးငေးကြည့်ရင်းပြော၏။ နားထောင်ရင်း မျက်ရည်ပင် ရစ်ဝဲလာရသည်။

"သနားစရာကောင်းလိုက်တာ ကြာဖြူရယ်"

ကြာဖြူ. . သူ့ကိုလှည့်မကြည့်မီ မျက်တောင်များဖြင့် မျက် ရည်များကို ပုတ်ထုတ်ပစ်ရ၏။





ကြာဖြူ့ကို သူ ပြန်တွေ့ပြီပဲ။ ယခုအချိန်ကစပြီး ကြာဖြူ့ ဘဝဘယ်တော့မှ ဒုက္ခမရောက်စေရဟု ဆုံးဖြတ်လိုက်၏။

"ကိုကို စိတ်မကောင်းဖြစ်သွားလားဟင်"

ကြာဖြူ သူ့ဘက်လှည့်ကာ ပြုံးယဲ့ယဲ့မေး၏။ ကြာဖြူ့ကိုယ် တိုင် မျက်ဝန်းမှာ မျက်ရည်စတွေနှင့်။

သူ သူမမျက်နှာလေးကို ကရုဏာသက်စွာကြည့်၏။

"ကြာဖြူရယ်. . တကယ်ဆို ကိုကို အစောကြီးပြန်လာ. .ပြီး ကြာဖြူ့ကို ရှာသင့်တာနော်"

"ဒီလိုပဲပေါ့ ကိုကို. . ဘယ်တတ်နိုင်မှာလဲ. ."

"အဲ့ဒီလို အခက်အခဲတွေကို ကြာဖြူ ဘယ်လိုစိတ်နဲ့ဖြတ် သန်းခဲ့တယ် ကိုကို ထင်သလဲဟင်"

"ကြာဖြူ ပြောပြလေ"

ကြာဖြူက သူ့မျက်နှာကို အားကိုးလေးစားဟန်ဖြင့်ကြည့် ၏။

"ဒါတွေဟာ ခဏပါ. . တစ်နေ့ ကိုကိုနဲ့တွေ့ရင် ကြာဖြူ ခံဆင်းရဲတာတွေ ပျောက်မှာပါလို့"

"အြော်. . ကြာဖြူရယ်. . ကိုကိုလဲ မင်းကို တကယ် ...တာခဲ့ပါတယ်"

သူတို့ တစ်ယောက်နှင့်တစ်ယောက် ရီဝေစွာကြည့်၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက် သူ သက်ပြင်းကိုက်ချရင်း ရီဝေစွာပြုံးပြသည်။

"ကြာဖြူ. . မှတ်ထားနော်. . အခုကိုကိုနဲ့တွေ့ပြီပဲ. . ကြာဖြူ ဘယ်တော့မှ အခက်အခဲမတွေ့စေရဘူး. .

"ဘယ်လိုအခက်အခဲမျိုးဖြစ်ဖြစ် ကြာဖြူ ကိုကို့ကိုပြောပြရမယ်နော်"

ကြာဖြူ ခပ်ဖြည်းဖြည်း ခေါင်းညိတ်ပြ၏။

သူ ကြာဖြူလက်ဖဝါးနုနုလေးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်၏။

"ကြာဖြူ ကိုကို့ကို ငယ်ငယ်ကလို ခင်တွယ်သေးရဲ့လားဟင်"

"ခင်တာပေါ့ ကိုကိုရယ်. .

"ကျွန်မဘဝမှာ ကိုကို့ကို အတွယ်တာဆုံးပါ"

"ကြာဖြူရယ်"

ထိုစဉ် ကားမီးရောင်ကြောင့် ရဲတိုက်စိုးတို့ ပြန်လာပြီးတာ သိလိုက်၏။ ကြာဖြူ လက်ကလေးကို သူ လွှတ်လိုက်သည်။

ရဲတိုက်နှင့်ပပက အထုပ်အပိုးတွေနှင့် ကားပေါ်မှ ဆင်းလာသည်။

"ကိုယ်တို့ကတော့ မောင်နှမနှစ်ယောက် ပြန်တွေ့တဲ့ အထိမ်းအမှတ်နဲ့ စပါယ်ရှယ်ဝယ်လာတာဟေ့"

ရဲတိုက်က ကြာဖြူမျက်နှာလေးကို တစ်ချက်ကြည့်ပြီး ပြုံးပြုံးပြော၏။





"ကိုစောတော့ သိပ်ဝမ်းသာမှာပဲနော်. . ကြာဖြူကို ပြန်တွေ့ရတာ"

"ဟုတ်တယ် ပပ. . မမျှော်လင့်ဘဲ ကြာဖြူကို ပြန်တွေ့ရတဲ့အတွက် ကိုယ် ဝမ်းသာတယ်"

"ပပလဲ ကိုစောလိုပဲ ကြာဖြူကို ခုလိုပြန်တွေ့တာ ဝမ်းသာပါတယ်ရှင်. . ကဲ. . ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ ပပတို့ ထမင်းပွဲ ကျင်းပကြစို့"

ပပ ထမင်းပွဲပြင်ရာသို့ ကြာဖြူ ကူညီဖို့ပြင်တော့. .

"သြော်. . ရပါတယ် ကြာဖြူရယ်. . ကိုစောနားမှာနေပါ၊ သူက ညီမလေးကို သိပ်တွေ့ချင်နေတာ. .

"တော်ကြာ ခုမှ ပြန်တွေ့တဲ့ညီမလေးကို ခိုင်းလို့ မမကို သူ စိတ်ဆိုးနေပါ့မယ်ကွယ်"

ပပ၏အပြောကြောင့် ကိုကို့ကို ကြာဖြူ တစ်ချက်လှမ်းကြည့်သည်။ ကိုကိုက ဘာမှမပြောဘဲ ပြုံးနေ၏။

"နေပါစေ ကြာဖြူ. . ကြာဖြူကိုယ်စား တို့ ပပကို ဝိုင်းကူလိုက်မယ်"

ဟုဆိုကာ ရဲတိုက် ထမင်းစားခန်းထဲ ဝင်သွား၏။

ရဲတိုက်လို သူဌေးသားတစ်ယောက်က ဘယ်တုန်းကမှ ဒီလိုမလုပ်ခဲ့တာမို့ စောမင်းခိုင် အံ့ဩရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပွဲပြင်ပြီးတော့ သူတို့ကို လာခေါ်၏။

"ဟာ. . ဟင်းတွေတကယ်စုံတာပဲ"

"ရဲတိုက်လေ. . ကြာဖြူစားရအောင်တဲ့"

"အို"

ပပ၏ ခပ်ပြုံးပြုံးအပြောကြောင့် ကြာဖြူ ရှက်သွားရသည်။ ရဲတိုက်ကလည်း နည်းနည်းမှ မခံ။

"အံမယ်. . ပပလဲ မင်းခိုင်အတွက်ဆိုပြီး ဟင်းတွေချက်ထားတာ မနည်းဘူးမဟုတ်လား"

"ရဲတိုက်နော်"

သူ့အလှည့်ကျတော့ ပပ ရှက်ကာ ရဲတိုက်ကို မျက်စောင်းထိုး၏။ ထမင်းစားကြတော့ ကိုကိုနှင့်ရဲတိုက်က ကြာဖြူ့ပန်းကန်ထဲ ဟင်းပြိုင်တူထည့်ပေးမိလျက်သားဖြစ်နေ၏။

"အို"

ကြာဖြူ့ပင် မနေတတ်ဖြစ်သွားရသည်။ ပပက သိမြင်တွင်းကို အကြောင်သားကြည့်နေမိ၏။

ပွင့်လင်းသော ရဲတိုက်က. .

"ဟော့ မင်းခိုင်. . မင်း ဂရုစိုက်ရမှာ ပပကိုလေကွာ"

"ဟာ. . ဒီကောင်"

စောမင်းခိုင် မျက်နှာအနည်းငယ်နီလျက် ပပကို အား





သလိုကြည့်၏။ ပပက ဘာမှမမြင်ဟန်နှင့် အသာပြုံးတာ. .

"အဟင်း. . ရပါတယ် ရဲတိုက်ရဲ့. . ကိုစောက သူ့ညီမလေး ခုမှပြန်တွေ့တာဆိုတော့ ဂရုစိုက်ပါစေ"

"ပပ. . မင်းဟန်ဆောင်မနေနဲ့. . မင်းပဲ လမ်းမှာပြောတယ်မဟုတ်လား. . မင်းခိုင်က မင်းအပေါ်သွေးအေးတယ်ဆို"

"အို. . ရဲတိုက်ကလဲ"

စောမင်းခိုင် သက်ပြင်းကျိတ်ချလိုက်၏။

"ဆောရီးပဲ ပပ"

ဟုဆိုလျက် ဟင်းခပ်ထည့်ပေးလေ၏။ သည်တော့မှ ပပ မျက်နှာလေး ကြည်လင်လာ၏။

ရဲတိုက်ကတော့ ဘယ်သူမှ ဂရုမစိုက်။ တစ်လောကလုံး ကြာဖြူတစ်ယောက်တည်းရှိသည်ထင်ကာ အစစ အရေးပေး ဂရုစိုက်လေ၏။

"အို. . တော်ပြီ အစ်ကိုရဲတိုက်. . ကျွန်မ ပန်းကန်ထဲဟင်းတွေ များနေပြီ"

ကြာဖြူထံမှ သူ့ကို ပထမဆုံး အစ်ကိုရဲတိုက်ဟု အခေါ်ခံရတာကြောင့် အံ့ဩသလိုဖြစ်သွားသည်။

ရဲတိုက်၏ ကြာဖြူအပေါ် ဂရုတစိုက်ရှိနေမှုများကို စောမင်းခိုင် မမြင်ချင်ယောင်ဆောင်နေရသည်။

www.burmeseclassic.com



ကြာဖြူအတွက်လည်း ပို၍ စိတ်မချဖြစ်လာ၏။

ရဲတိုက်က မိန်းကလေးတွေနှင့်ပတ်သက်လျှင် ပါးနပ်တွန်း ကျင်ပြီးသား။ ကြာဖြူက တကယ်ရိုးသားဖြူစင်သော မိန်းကလေး

သူ သက်ပြင်းကိုချလိုက်၏။

ဘားသောက်ပြီးတော့ သူနှင့်ရဲတိုက်တို့ အိမ်ရှေ့ဘက်ထွက် လာရင်း စကားပြောဖြစ်၏။

ပပနှင့်ကြာဖြူက နောက်ထဲမှ သိမ်းဆည်းရင်း ကျန် သည်။

"မင်းခိုင်"

ရဲတိုက်က စီးကရက်တစ်လိပ်ထုတ်သောက်ရင်း သူ့ ခေါ်သည်။ သူ အသာကြည့်လိုက်၏။

"ဘာလဲ. . ရဲတိုက်"

ရဲတိုက်က စီးကရက်တစ်ချက်ဖွာရှိုက်ပြီး ခပ်ပြုံးပြုံး သည်။

"လောကမှာ မထင်မှတ်တာတွေဖြစ်လာတတ်တယ် ငါ စွဲလမ်းနေတဲ့ မိန်းကလေးဟာ မင်းညီမ ကြာဖြူဖြစ်နေလိမ့် လို့ လုံးဝ မထင်မိခဲ့ဘူး. . ခုတော့. ."

"ခုတော့ ဘာဖြစ်လဲ ရဲတိုက်"

"အဲ့ဒွန်း. . ခုတော့ မင်းဟာ ကြာဖြူရဲ့အစ်ကို





ယောက်အနေနဲ့တော. . ငါ့ရဲ့ အခင်ဆုံးသူငယ်ချင်းတစ်ယောက် အနေနဲ့ပါ ပြောချင်တယ်ကွာ. .

"မင်း. . ငါ့ကို ဖြူနဲ့ သဘောတူပေးမယ်မဟုတ်လား. ."

ထိုစကားကြောင့် စောမင်းခိုင်တစ်ယောက် ရုတ်တရက် ငြိမ်သက်သွား၏။

ရဲတိုက်က ပွင့်လင်းစွာပြောနေပြီ။ သူ ဘာပြောရမလဲ။

တကယ်ဆို ကြာဖြူဟာ သူ့ညီမအရင်းမှ မဟုတ်ဘဲ။ ကြာဖြူအစ်ကိုသာဆိုလျှင်လည်း ရဲတိုက်၏ အမူအကျင့်ကို မကြိုက် တာကြောင့် သူ သဘောတူမည်မဟုတ်ပါ။

"ဟင်. . မင်းခိုင်"

သူ ဖြည်းညှင်းစွာ ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း. . မင်းနဲ့ ကြာဖြူကို သဘောမတူနိုင်ဘူး. . ရဲတိုက်"

"ဟေ"

"စဉ်းစားကြည့်လေ. . မင်း ငါ့ရှေ့တင် မိန်းကလေးတွေ နဲ့ ဘယ်လောက်ရှုပ်ခဲ့တယ်ဆိုတာ"

"ဟာ. . အဲ့ဒါ အပျော်တွေပါကွ. . ငါ ကြာဖြူကိုတော့ တကယ်ချစ်တာ. . ဒီမှာ မင်း သဘောတူသည်ဖြစ်စေ. . သဘော မတူသည်ဖြစ်စေ ငါကတော့ ကြာဖြူကို သိပ်ချစ်နေမိပြီ. . ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကြာဖြူကို ငါ ပိုင်ဆိုင်ဖို့ကြိုးစားမယ်. . မင်းခိုင်. . ”

ဒါ ရဲတိုက်တကယ်ပြောခြင်းဟု သူထင်၏။ ရဲတိုက် စိတ်ဓာတ်က လိုချင်တာတစ်ခုရှိလျှင် ဘယ်လိုအခက်အခဲဖြစ်ဖြစ် ရအောင်ယူတတ်သည်။

ထိုစဉ် ထမင်းစားခန်းထဲမှ ပပနှင့်ကြာဖြူတို့လည်း စကား လက်ဆုံကျနေ၏။

“ကြာဖြူက သိပ်လှတာပဲကွယ်”

“အဟင်း. . မမက ပိုလှတာပါရှင်”

“ဒါပေမဲ့ ကြာဖြူ့အလှကို မမီပါဘူးကွယ်”

သည်စကား ပပ တကယ်ပြောတာပါ။ ကြာဖြူဆိုသည့် မိန်းကလေးဟာ အသားလေးတွေ ရွှေအဆင်းလို ဝင်းနှစ်ကာ ဆံပင်နက်နက် မျက်တောင်ထူကော့ကော့ မျက်ခုံးနက်နက်လေး ဖြင့် အထူးလှပချစ်စရာကောင်းလွန်းလှ၏။

“မမကလဲ”

သည်လောက်ချီးကျူးတော့ ကြာဖြူ မနေတတ်ပါ။

“ကိုစောက ကြာဖြူကို တစ်ချိန်လုံးရှာနေတာ. . ခုလို ပြန် တွေ့တော့ သူ သိပ်ပျော်နေတယ်. . စောစောကသာ တွေ့ခဲ့ရင် မမတို့စေ့စပ်ပွဲမှာ ကြာဖြူရှိနေမှာ”

ကိုကိုတစ်ယောတ် မမပပနှင့် စေ့စပ်လိုက်တာကို ရင်ထဲ





ဘာလိုလိုဖြစ်ရပါ၏။ ဟုတ်တယ် ကိုကိုကို နှမြောတဲ့စိတ်. . ဒါ ပေမဲ့ မမပပဟာ စိတ်ထားကောင်းတဲ့ မိန်းကလေးမို့ တော်ပါ သေးသည်။

“ကိုကိုနဲ့မမက ချစ်သူတွေပေါ့နော်”

“အဟင်း. . ဘယ်လိုပြောရမှန်းတောင် မသိပါဘူးကွယ်၊ ကြာဖြူ့အစ်ကိုက သိပ်ရိုး သိပ်အတာ. .

“ကြာဖြူယုံလားမသိဘူး. . ဒီအချိန်ထိ မမကို ချစ်တယ်လို့ သူ တစ်ခါမှ မပြောဖူးဘူး”

“ဟင်. . ဒါဖြင့် မမတို့စေ့စပ်တာက”

“အဲဒါလဲ သူပဲ စီစဉ်ခိုင်းတာ. . အဲ့ဒီတုန်းက သူ မမကို စကားတစ်ခွန်းမေးတယ်”

“ဘာ. . ဘာစကားလဲဟင် မမ”

“ဩော်. . ဒီကိုလိုက်လာရင်း ခရေပင်ကြီးအောက်ရောက် တော့ မမက ခရေပန်းလေးတွေကောက်မိတယ်လေ. .

“အဲဒါ သူက မမကိုကြည့်ပြီး ခရေပန်းကြိုက်လို့လားတဲ့”

“မမဘယ်လိုဖြေလိုက်လဲဟင်”

ထိုအဖြေကို သူမ သိချင်နေပါ၏။

“အဟင်း. . မမကကြိုက်တယ်လို့ပြောတော့ သူ့မျက်နှာ တစ်မျိုးပြောင်းသွားပြီး စေ့စပ်ဖို့ကိစ္စပြောတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

အို. . ကိုကိုရယ်. . ကိုကို ဘယ်လိုခံစားချက်နဲ့ မမပပတို့ စေ့စပ်ဖို့ သဘောတူလိုက်တယ်ဆိုတာ ကြာဖြူ သိလိုက်ပါပြီ။

တကယ်တော့ ကိုကိုနဲ့ ကြာဖြူဟာ. .

ဟင်း. . ကိုကိုရယ်. .

❀❀





"ရဲတိုက်. . ပပကိုလိုက်ပို့ပေးလိုက်ပါကွာ. . ကိုယ် ကြာဖြူ ကိုသွားပို့ပေးလိုက်ဦးမယ်"

ကြာဖြူက သူ့ဘေးမှာ မျက်လွှာချကာရပ်နေ၏။ အချိန်က မိုးချုပ်နေပြီး လာတုန်းကတော့ သူနှင့်ပပက ကားတစ်စီးတည်းပါ။

တကယ်တော့ ရဲတိုက်စိုးက ကြာဖြူကိုလိုက်ပို့ချင်၏။ သို့သော် ဒီညလိုအချိန်ကြီး ကြာဖြူက သူနှင့်လိုက်မှာမဟုတ်။

"ကောင်းပြီလေ ကြာဖြူ မနက်ကျမှ ဆုံမယ် ဟုတ်လား"

ကြာဖြူ ခေါင်းညိတ်ပြလိုက်၏။ ပပကလည်း နားလည်စွာဖြင့် သူ့ကို နှုတ်ဆက်သည်။

"ကိုစော. . သွားမယ်နော်"

"ကောင်းပြီ ပပ"

သူတို့ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်ထွက်ခဲ့၏။ ကားထဲမှာ ငြိမ်သက်စွာပါလာသော ကြာဖြူက သူ့ကို မငဲ့မရဲကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ဘာလဲ ကြာဖြူ"

"ကိုကို တကယ်ပဲ ကြာဖြူကို အိမ်လိုက်ပို့မလို့လားဟင်"

သူ ပြုံး၍ ခေါင်းခါယမ်းလိုက်၏။

"ဒီအခြေအနေနဲ့ ကြာဖြူ အိမ်ပြန်လို့ ဘယ်ဖြစ်မလဲ"

"ဒါဆို"

"ကြာဖြူ. . ကိုကို့အိမ် လိုက်ခဲ့လေ"

"ဟင်"

"ကြာဖြူ့မှာ သွားစရာမရှိဘူး မဟုတ်လား. . ကိုကိုဟာ ကြာဖြူ့အတွက် သူစိမ်းမှ မဟုတ်ဘဲ"

ကြာဖြူ ငြိမ်သက်သွားသည်။ သေချာစဉ်းစားတော့လည်း သူမဘာဝက ပြေးစရာမြေမရှိ။

သူ တိုက်ခန်းသို့ မောင်းခဲ့၏။

"ကိုကို. . ဟိုအိမ်မှာ မနေဘူးလား"

"အင်း. . မနေသေးဘူး. . ကိုယ်က တစ်ယောက်တည်း ဆိုတော့ ဒီတိုက်ခန်းမှာပဲနေတယ်"

တစ်ယောက်တည်း နေပေမဲ့ ကိုကို့တိုက်ခန်းက ကျယ် ပါသည်။

"လာ. . ကြာဖြူ"





သပ်ရပ်သန့်ရှင်းသော ကိုကို့ဧည့်ခန်းမှာ သူမ ထိုင်မိ၏။

"ဒီမှာ အိပ်ခန်းနှစ်ခန်းရှိတယ်. . ကြာဖြူ တစ်ခန်းအိပ် ပေါ့"

ကြာဖြူက သူ့ကို မော့ကြည့်သည်။ သူ ပြုံးပြလိုက်၏။

"ဘာမှ မစိုးရိမ်နဲ့ ကြာဖြူ. . ကြာဖြူ ဒီမှာ ဘယ်လောက် ကြာ နေချင်သလောက်နေလို့ရတယ်. . ဟုတ်လား. .

ကြာဖြူဟာ ကိုကို့ညီမလေးပဲ. . "

ကိုရယ်"

အားပေးမှုမျိုးကြောင့် ကြာဖြူရင်ထဲလှိုက်ဖိုနွေး ထွေးရပါ၏။

ကိုကိုက ထမင်းစားခန်းဘက်ဝင်သွားပြီး ခဏနေတော့ နွားနို့ပူပူတစ်ခွက်ယူလာ၏။

"မအိပ်ခင် သောက်လိုက်ကြာဖြူ. . ဒါမှ ကောင်းကောင်း အိပ်ပျော်မှာ"

သူ့စကားကို နားထောင်ကာ ကြာဖြူယူသောက်လိုက် သည်။ ကိုကိုက သူမအတွက် အခန်းရှင်းပေးတော့ သူမ ဝင်ကူ လုပ်ပေးသည်။

"အို. . ကိုကိုကလဲ. . ကြာဖြူဘာသာလုပ်ပါ့မယ်"

"နေပါစေ၊ ကြာဖြူ သက်သက်သာသာလေးနေပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို၏ ညှာတာမှုကြောင့် ပီတိဖြစ်ရသည်။ ကိုကိုနဲ့တွေ့ဖို့ သူမ စောင့်စည်းခဲ့ရတာတွေ အဓိပ္ပာယ်ရှိပါလား။

"ကဲ . . ကြာဖြူ အိပ်တော့"

ကိုကိုက သူမကိုယ်ပေါ် စောင်ခြုံပေး၏။ ထို့နောက် နူးညံ့စွာပြုံးကာ . .

"ကောင်းကောင်း အိပ်နော် ကြာဖြူ . . အိပ်မက်လှလှ မက်ပါစေကွယ်"

ထို့နောက် ကိုကိုထွက်ခွာသွားကာ အခန်းတံခါးပိတ်ပေးခဲ့သည်။

ကိုကိုထွက်သွားမှ သူမ သက်ပြင်းတစ်ချက်ချကာ မျက်ဝန်းအစုံမှိတ်လိုက်၏။ သူမဘဝမှာ ပင်ပန်းခဲ့ရတာများပြီ၊ သည်တစ်ခါတော့ ကိုကို၏ ကြင်နာစွာ နွေးထွေးမှုအောက်မှာ သူမ နှစ်ခြိုက်စွာ အိပ်ပျော်သွားရတော့သည်။

ကြာဖြူ အိပ်ပျော်သွားချိန်မှာ ဒေါက်တာစောမင်းခိုင်ကတော့ အိပ်မပျော်နိုင်ပါ။ ဝရန်တာထွက်ကာ စီးကရက်သောက်ရင်း ကြာဖြူ့အကြောင်း ရင်နာစွာ စဉ်းစားမိ၏။

ကြာဖြူဟာ အတော်ဒုက္ခရောက်ခဲ့တာပဲ။

မိန်းကလေးရယ် . .

မင်းရဲ့ ဒုက္ခတွေဟာ မင်းရဲ့လှပတဲ့ ရုပ်ရည်လေးနဲ့ မလိုက်အောင်ပါပဲလားကွယ်။





ကြာဖြူကို သူ အလျင်ကတည်းက သံယောဇဉ်ရှိခဲ့ပါသည်။ ယခုလို လှပသော မိန်းကလေးတစ်ယောက်အဖြစ် ပြန်တွေ့ရသောအခါမှာလည်း သူ တိတ်တစ်ဆိတ် အံ့ဩစိတ်လှုပ်ရှားရပါ၏။

ကြာဖြူဟာ ရဲတိုက် စိတ်ဝင်စားလောက်အောင် လှတဲ့ မိန်းကလေးပဲ။

သည်လောက်လှတဲ့ ကြာဖြူကို ဘာကြောင့်များ ကံက အခွင့်အသာမပေးခဲ့တာလဲ။ ယခုတော့ ကြာဖြူကံပေးပြီထင်၏။

သူနဲ့တွေ့ပြီပဲ။

ကြာဖြူဘဝ ငြိမ်းချမ်းတော့မှာပါ။

✻✻



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . အစ်ကို ရဲတိုက်"

သည်မနက် သူမရောက်တာနှင့် ရဲတိုက်စိုး၏ ရုံးခန်း ရှင်းလင်းနေမိသည်။ ကြက်မွေးတစ်ချောင်းဖြင့် စားပွဲမှ ဖုန်မှု သုတ်နေစဉ် အခန်းတံခါးပွင့်ကာ ရဲတိုက်စိုး ရောက်လာ၏။

ကြည်ပြာရောင် ကုတ်ဝမ်းဆက်လေးဖြင့် အလှကြီးလှ သော သူမကို သူ ပြုံး၍ ကြည့်သည်။

"ဖြူ. . ဒီနေ့ စောပါလား. . ပြီးတော့ ကိုယ့်ကိုလဲ အစ် တဲ့"

"အဟင်း. . ဟုတ်တယ်လေ၊ အစ်ကိုက ကိုကို့ရဲ့ သူ ချင်းမဟုတ်လား"

ကြာဖြူမျက်နှာလေးက သိသာရွှင်လန်းနေ၏။ ကြာ မျက်နှာကြည်နေလျှင် သူလည်း ပျော်ပါသည်။

"ကြာဖြူက ကြာဖြူအစ်ကိုနဲ့ ပြန်တွေ့တာ ပျော်နေ လား"

"အင်း"





"စောမင်းခိုင်နဲ့ ကိုယ်က အခင်ဆုံးသူငယ်ချင်းတွေကွ. . ခုတော့ ဖြူက သူ့ညီမဆိုတော့"

"ဘာဖြစ်လဲ. . အစ်ကိုရဲတိုက်"

"အဟွန်း. . ကိုယ် မင်းကိုချစ်တဲ့အကြောင်း ရဲရဲပြောနိုင်ပြီလေ"

"အို"

"ဟုတ်တယ်ဖြူ. . ကိုယ် မင်းကိုချစ်နေတာကြာပြီ.. ကိုယ် ဖြူကို လက်ထပ်ပါရစေ"

သူမမျက်နှာကို စူးစိုက်ကြည့်ကာ ရဲတိုက်စိုးပြော၏။ သူမ မျက်နှာလေး နီရဲသွားသည်။

"ဖြူ. . ကိုယ့်ကို တစ်ခုခုပြောပါလားဟင်"

"ကျွန်မ. . ဒါ. . ဒါတွေ မစဉ်းစားသေးပါဘူး အစ်ကို"

"ကောင်းပြီလေ. . ဖြူ စဉ်းစားတဲ့အခါ အစ်ကိုထိပ်ဆုံး တာ ပါရင် ကျေနပ်ပြီ. . ဟုတ်လား"

သူမတော့ ဘာမှမပြောဘဲ နှုတ်ဆိတ်နေလိုက်၏။ စိတ် ထဲမှာ ကိုကို့ကိုသာ သတိရနေသည်။

"သူငယ်ချင်းတွေထဲမှာတော့ မင်းခိုင်က လူတည်ပဲ. . န်းကလေးတွေနဲ့လဲ ကင်းရှင်းတယ်"

သူပြောနေသော ကိုကို့အကြောင်းများကိုတော့ စိတ်ဝင် စား နားထောင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း. . ကိုယ် ပွင့်ပွင့်လင်းလင်း ဝန်ခံထားမယ်နော် အစကတော့ ကိုယ် မိန်းကလေးတွေနဲ့ အပျော်တွဲတယ်. . ဒါပေမဲ့ ဖြူ့ကို တွေ့တဲ့အချိန်ကစပြီး ကိုယ် ဘယ်သူနဲ့မှ မတွဲတော့ဘူး. .

"အလုပ်ကိုလဲ စိတ်ဝင်စားလာတယ်. . အဲဒါ ဖြူ့ကြောင့်

"အို ဘာဆိုင်လဲ"

"အဟား. . ဆိုင်တာပေါ့. . တစ်နေ့ ကိုယ်လက်ထပ်မယ့် မိန်းကလေးဟာ ဖြူပဲ. . ဒီတော့ ကိုယ် ကြိုးစားရမယ်လေ"

"အစ်ကိုရဲတိုက်. . ဒီစကားမျိုးပြောနေရင် ကျွန်မ အလုပ်က ထွက်တော့မယ်"

"ဟော့. . ဒီလိုတော့ မလုပ်နဲ့လေ. . ကိုယ့်မှာ မင်းမရှိလို့ မဖြစ်ဘူးကွ. . ကောင်းပြီ. . ကောင်းပြီ၊ မင်းမကြိုက်ရင် ဒီစကား မျိုး ကိုယ်မပြောတော့ဘူး. . အိုကေ"

သူ ကတိတည်စွာပင် ထိုစကားမျိုးမပြောတော့၊ သည် တော့မှ သူမလည်း အသက်ရှူချောင်သွား၏။

ထိုစဉ် သူ့ထံသို့ ဖုန်းလာသည်။

"ဟဲလို"

နောက်တော့ သူ့လေသံတစ်မျိုးပြောင်းသွား၏။

"ဟုတ်ကဲ့. . ကျွန်တော်အားရင် လာခဲ့ပါ့မယ်"

". . . . ."





"ဗျာ. ဟုတ်ကဲ့. . လာခဲ့ဖို့ ကတိပေးပါတယ်. . ဒါပဲနော်"

သူ ဖုန်းချလိုက်ကာ အသက်ပြင်းတစ်ချက် မှုတ်ထုတ်၏။

"ဟူး. . ကိုယ့်အမေက သူ့မွေးနေ့ပွဲ လာခဲ့ပါတဲ့"

"ဩော်. . ဟုတ်တာပေါ့၊ ကိုယ့်အမေမွေးနေ့ပွဲပဲ. . သွား သင့်တာပေါ့ အစ်ကို"

"အဟွန်း. . အမေဆိုလို့ ဖြူက ဘယ်လိုထင်နေလဲ. . အဲဒီ အမေဆိုတာ ကိုယ့်မိထွေးဗျ"

"ဟင်"

"ဟုတ်တယ်. . ကိုယ့်အမေအရင်းက စကာပူမှာ. ."

"ဩော်"

"ဖြူ စဉ်းစားကြည့်လေ. . ကိုယ့်မှာ ငယ်ငယ်ကတည်းက အဖေရင်း အမေရင်းနဲ့ ခွဲခဲ့ရတယ်. . ဒီတော့ ကိုယ်လဲ ပျော်သလို နေတာ ဆန်းလား"

"ဟင်း. . အစ်ကို့ဘဝကလဲ တစ်မျိုးပဲနော်. ."

"သူများတွေကတော့ ထင်မယ်. . ကိုယ့်ဘဝဟာ အစစ ရာရာပြည့်စုံလို့ ပျော်စရာကောင်းမယ်လို့. .

"တကယ်တော့. . ကိုယ့်မှာလဲ ကိုယ့်ခံစားချက်နဲ့ကိုယ် ခြောက်သွေ့နေတာပဲ. .

"ဒါပေမဲ့ ဖြူ့ကိုတွေ့တဲ့အချိန်မှာလေ. . ကိုယ့်ဘဝဟာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာကောင်းလာတယ်လို့ ထင်မိတယ်. .

"ဖြူဟာ ကိုယ့်ဘဝရဲ့ အိုအေစစ်ပဲ"

"အို. . အစ်ကိုကလဲ"

"ကဲပါလေ. . ကိုယ်တို့ ဒီအကြောင်းမပြောတော့ဘူး. . ဟုတ်လား. . "

ထိုနောက် အလုပ်ကိစ္စများဝင်လာတာကြောင့် သူတို့ ဆက်စကားမပြောနိုင်တော့။

တစ်နေကုန် အလုပ်များဖြင့် ရှုပ်ထွေးနေသည်။ နေ့လယ် အားချိန်မှ ခဏနား၏။

"ဖြူ. . ပင်ပန်းသွားပြီလားဟင်"

"ဟင့်အင်း. . မပင်ပန်းပါဘူး အစ်ကို. . ရပါတယ်"

သူမမျက်နှာလေးမှာ ဘယ်လောက်အလုပ်ပင်ပန်းပါစေ နွမ်းနယ်တယ်ဟူ၍ မရှိဘဲ အမြဲလန်းဆန်းလှပနေတတ်၏။

ဒါကိုပဲ သူ သဘောကျနှစ်သက်သည်။

"ညနေ ဖြူပြန်ရင် ကိုယ်လိုက်ပို့မယ်နော်"

"အို. . နေပါစေ. . ကျွန်မဘာသာ ပြန်ပါ့မယ်"

"ဘာလဲ. . ဖြူ အိမ်သိမှာစိုးလို့လား"

"မဟုတ်ပါဘူး အစ်ကိုရယ်"

"ကဲပါကွာ. . ဖြူလိုက်မပို့စေချင်ရင် ကိုယ်လိုက်မပို့ဘူး ဟုတ်လား"





သူက ဒီလိုမျိုးကျတော့ ခင်ဖို့ကောင်းလှ၏။ ညနေပြန်ဖို့ အချိန်ကို သူမ စိတ်စောနေသည်။

သည်တစ်ခါ သူမပြန်ရမှာက ကိုကို့အိမ်မဟုတ်လား။

ကိုကိုကလည်း သူ စောစောပြန်လာမည်တဲ့။ ကဲ ဘယ်လောက်ပျော်စရာကောင်းလဲ။

အလုပ်မှ ပြန်ခါနီး တစ်ခါမှ မလုပ်ဖူးသော မျက်နှာကို မိတ်ကပ်ပါးပါးလူးလိုက်၏။ ထို့နောက် ပျော်ရွှင်စွာ ပြန်ခဲ့သည်။

"တီ"

လူခေါ်ဘဲလ်ကိုနှိပ်လိုက်တာနှင့် မကြာခင် ကိုကို တံခါး လာဖွင့်၏။

"ကြာဖြူ ပြန်လာပြီလား"

"ဟုတ်ကဲ့ ကိုကို. . ကိုကိုက ပြန်လာတာ စောတယ်နော်"

"အင်း"

သူမ အထဲရောက်တော့ ကိုကို တံခါးပြန်ပိတ်၏။ ကိုကိုက ရေခဲသေတ္တာဖွင့်ကာ သံပရာရည်ခွက်ယူလာသည်။

"ရော့ ကြာဖြူ. . အမောပြေ အေးအေးလေးသောက် လိုက်"

"အို. . ကိုကို ဖျော်တာလား"

ကိုကိုပြုံး၍ ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရယ်. . ကျွန်မဘာသာ ကိုကို့ကို ပြုစုရမှာပါ"

"မဟုတ်တာ. . ကိုကိုက အရင်ရောက်တော့ ကိုကိုလုပ်ထားသင့်တာပေါ့. .

"ကြာဖြူနဲ့ ကိုကို့ကြားမှာ ခွဲခြားမှုမရှိဘူးလေ"

"အဟင်း. . ဟုတ်တယ်နော် ကိုကို"

ကြာဖြူက ကိုကိုတိုက်သော သံပရာရည်အေးအေးလေးကို သောက်လိုက်၏။

"ကိုကို အနားယူနော်. . ကြာဖြူ ဟင်းချက်လိုက်မယ်"

"ကိုကိုလဲ ဝိုင်းကူမှာပေါ့ကွ. . တို့မောင်နှမ အတူတူချက်တာပေါ့"

"ဟုတ်ကဲ့ ကိုကို"

သူမတို့ မီးဖိုထဲသို့ဝင်ကာ ပျော်ရွှင်စွာဟင်းချက်ကြလေ၏။

ပျော်လိုက်တာ. . သူမဘဝမှာ ဒီလိုအပျော်မျိုး တစ်ခါမှ မရခဲ့။

"ကိုကို"

"ဟင်"

"ကျွန်မရှိနေလို့ ကိုကို မကျဉ်းကျပ်ပါဘူးနော်"

ကိုကိုပြုံး၍ ခေါင်းခါ၏။

"ကိုကိုက ကြာဖြူရှိလို့ ပိုပျော်နေတာ"





"တကယ်လား ကိုကို. . ကျွန်မလဲ အမှန်အတိုင်းပြောရင် သိပ်ပျော်တာပဲ ကိုကိုရယ်. .

"ကျွန်မဘဝမှာ ဒီလိုမျိုး တစ်ခါမှ မပျော်ခဲ့ရဘူး"

"ဩော်. . ကြာဖြူရယ်"

လှပသော သူ၏ မျက်နှာလေးကို သနားစွာဖြင့်သာ ကြည့်မိ၏။

ကြာဖြူရယ်. .

ခုချိန်ကစပြီး မင်း ပျော်ပါတော့ ကလေးရယ်. . ။



www.burmeseclassic.com

www.burmeseclassic.com



"တိ"

"ဟော့. . ဘယ်သူလဲ မသိဘူး"

ကိုကိုနှင့် သူမနှစ်ယောက်သား ညစာစားဖို့ပြင်ဆင်နေစဉ် လူခေါ်ဘဲလ်သံကြောင့် ကိုကို တံခါးသွားဖွင့်၏။

"ဟင်. . ပပ"

"ကိုစော. . အဟင်း. . ကိုစောအတွက် ကြက်ချဉ်စပ်ကြော် လာပို့. . ဟင်. ."

ချိုင့်ဆွဲလျက်ဝင်လာသော ပပက မမျှော်လင့်ဘဲ ကြာဖြူကို တွေ့တော့ အံ့ဩသွားရ၏။ ကြာဖြူ ပြုံးပြလိုက်သည်။

"မမ. . ပပ. ."

"ဪ. . ကြာဖြူက ဒီမှာကိုး"

"ဟုတ်တယ် ပပ. . ကြာဖြူအိမ်က ဝေးလို့ ကိုယ် ဒီမှာ ခေါ်ထားတာ. . ပြီးတော့ သူက ပထွေးနဲ့နေရတာ အဆင်မပြေဘူးလေ. ."





"ဪ"

ထို့နောက် ပပက ကြာဖြူကို နှစ်လိုစွာ ပြုံးပြလိုက်၏။

"ကြာဖြူ ဒီမှာနေတော့ ကောင်းတာပေါ့. . တို့က ကိုစော စားရေးသောက်ရေးအတွက် ပူပန်နေတာ. .

"ခုတော့. . အဆင်ပြေသွားတာပေါ့"

"ဟုတ်ကဲ့"

"ကဲ. . ပပပါ တစ်ခါတည်း ဝင်စားလိုက်နော်. . ဒါ. . ကြာဖြူလက်ရာတွေပဲ"

ပပပြုံး၍ ခေါင်းညိတ်လိုက်၏။ စိတ်ထဲမှာတော့ ကိုစော၏ သွက်လက်သော အမူအရာကို အံ့ဩနေသည်။

ဘယ်တုန်းကမှ အိမ်သို့ စောစောပြန်ရောက်လေ့မရှိသော ကိုစောတစ်ယောက် ခုတော့ စောစော ပြန်ရောက်သလို. . အမြဲတမ်း တည့်နေတတ်သော ကိုစောမျက်နှာက ခုတော့ ပြုံးလို့ပါလား။

ထမင်းစားတော့လည်း ကိုစောက ကြာဖြူပန်းကန်ထဲ ဟင်းထည့်ပေးတာကြောင့် မျက်နှာပျက်သွားရ၏။

"အို. . ကိုကိုကလဲ မမပပထဲ ထည့်ပေးပါ. ."

"အင်း. . ထည့်ပေးမှာပေါ့. . ကြာဖြူ စားပါ"

ထို့နောက် ပပဘက်လှည့်ကာ. .



www.burmeseclassic.com

www.burmeseclassic.com



"ကြာဖြူက ကိုယ်ထည့်ပေးမှ စားတာ ပပရဲ့. . အဟွန်း ကဲ. . ပပလဲ စား"

ပပမှာ အလိုလိုနေရင်း ဒုတိယနေရာရောက်သွားသည့် အတွက် အောင့်သက်သက် ခံစားရပေမဲ့. .

အို. . ကိုစောက ကြာဖြူကို ခုမှ တွေ့ဟဲ့ ညီမလေးဆိုပြီး ဂရုစိုက်တာနေမှာပါ ဟု ဖြေသိမ့်တွေးကာ ပြုံးလိုက်၏။

"ဒါပေါ့ ကိုစောရယ်. . ကြာဖြူက ကိုစောအရိပ်နေတာ ကိုစော ကရုစိုက်မှပေါ့. . "

ပပ၏ သဘောထားကြီးစွာ နားလည်မှုကို ဒေါက်တာစောမင်းခိုင် ကျေးဇူးတင်ရလေ၏။

"ကြာဖြူက ဟင်းချက်သိပ်ကောင်းတာပဲနော်. . ကိုစော"

"အင်း"

"အဟင်း. . မမပပတလဲ. . မမကလဲ ဟင်းချက်ကောင်းတာပါပဲနော်. . ကိုကို ဟုတ်တယ်နော်"

"အင်း"

ကိုကိုကတော့ သူမတို့နှစ်ယောက်ကြားမှာ ဒိုင်လူကြီး သဖွယ် ခေါင်းညိတ်၏။

ထမင်းစားပြီး စကားအနည်းငယ်ပြောကာ ပပပြန်ဖို့ ပြင် သည်။





"ကိုယ် လိုက်ပို့မယ် ပပ"

သူလိုက်ပို့မယ်ဆိုတာကြောင့် ပပကျေနပ်သွားရ၏။ သည် လိုကျတော့လည်း ပပကို သူဂရုစိုက်ဖော်ရသားပဲ။

"ကြာဖြူ. . တို့သွားမယ်နော်"

"ဟုတ်ကဲ့ မမ"

သူမ တံခါးဝထိ လိုက်ပို့သည်။ ကိုကိုက. .

"ကြာဖြူ. . တံခါးကို သေချာပိတ်နော်. . ကိုယ် ချက်ချင်း ပြန်လာမယ်"

"ဟုတ်ကဲ့"

ကိုကို သူမကို ပြုံးပြပြီး ထွက်သွား၏။

ကားမောင်းနေပေမဲ့ ကိုကို့စိတ်တွေက ကြာဖြူထံမှာ။

"ကိုစော"

"ဟင်"

"ဒက်ဒီတို့က မေးနေတယ်. . ပပတို့ မင်္ဂလာပွဲအတွက် ဘယ်လိုစီစဉ်ထားသလဲတဲ့"

သည်တော့ သူ ငြိမ်သွား၏။ မှန်တာပြောလျှင် ထို အကြောင်းကို သူ တစ်ခါမှ မတွေးဖူးပါ။

"ပပ ဘာပြောလိုက်လဲ"

"ကိုစောကိုမေးကြည့်ဦးမယ်လို့ ကိုစောသဘောတကော"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်. . အဲ့ဒီအကြောင်း မစဉ်းစားရသေးဘူး. ."

"ဟင်"

သူမ သူ့ကို အံ့ဩသလိုကြည့်၏။

လက်ထပ်ဖို့ကို မစဉ်းစားရသေးဘူး တဲ့။ ပပအတွက်ကတော့ လှပသော မင်္ဂလာပွဲတစ်ခုကို အကြိမ်ကြိမ် စိတ်ကူးယဉ်ကျင်းပမိ၏။

ဩော်. . သူနဲ့ သူမတို့ စိတ်ကူးချင်း ဆန့်ကျင်နေတာပါလား။

ကားကို ခြံရှေ့မှာပဲ ရပ်သည်။

"အိမ်ထဲမဝင်တော့ဘူးလား"

"မဝင်တော့ဘူး ပပ"

"ဩော်"

အလျင်ကဆို လိုက်ပို့လျှင် မာမီတို့ကို နှုတ်ဆက်ပြီးမှ ပြန်နေကျလူက် ခုတော့ ချက်ချင်းပြန်တော့မည် တဲ့။

"ဘာလဲဟင်. . ကြာဖြူတစ်ယောက်တည်းမို့လား"

"အင်း"

"ကလေးမှ မဟုတ်ဘဲ ကိုစောရယ်"

"သူက ကိုယ့်အရိပ်လာနေသူလေ. . ဂရုစိုက်ရမှာပေါ့ဗ ရယ်"





"အင်း. . ဟုတ်ပါတယ်လေ. . ဒါဆို ကိုစောသွားတော့နော်"

"ဂွတ်နိုက် ပပ"

"ဂွတ်နိုက်"

သူ့ကားထွက်သွားတာကို ပပ မျက်စိတဆုံးကြည့်ရင်း သက်ပြင်းချလိုက်၏။

သူ ဘယ်လောက်ပဲ စိမ်းကားပါစေ. . ပပကတော့ သူ့အပေါ် လေးနက်စွာ သံယောဇဉ်တွယ်နေမိပြီမဟုတ်လား။

**



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ"

"ဟင်. . အစ်ကို"

သူမဘေးသို့ ကားရပ်လာတာကြောင့် ကြည့်လိုက်တော့ ရဲတိုက်စိုးကို တွေ့ရသည်။

"လာလေ. . ဖြူ အလုပ်သွားမှာမဟုတ်လား"

"အို. . နေပါစေ. . ကျွန်မဘာသာသွားပါ့မယ်"

"ဩော်. . ဖြူရယ်၊ တစ်လမ်းတည်းသွားမယ့်ဟာကို တတ်ပါကွာ"

ရဲတိုက်စိုးက ဇွတ်ခေါ်နေသည်။

"ဟင့်အင်းအစ်ကို. . အစ်ကိုနဲ့အတူလာရင် ပတ်ဝန်းကျင်က ဟစ်မျိုးထင်မှာပေါ့"

"ကျွတ်. . ဖြူက ပတ်ဝန်းကျင်ကို သိပ် ဂရုစိုက်တာပါလား"





"ဖြူက မိန်းကလေးပါ အစ်ကို"

ဖြူကို ကြွေဆွေရှင်မိန်းကလေးဆိုတာ အစကတည်းက သိပါသည်။ ယခုလို ကိုယ့်ကိုယ်ကို တန်ဖိုးထားတာကိုလည်း လေးစားပါ၏။

ဒါပေမဲ့ ဖြူကိုတွေ့ပြီးမှ ထားခဲ့ရမည်ဆိုတာတော့ သူ တဝင်မကျပါ။

"ဖြူ သိက္ခာကို ကိုယ်လေးစားပါတယ်. . ဒါပေမဲ့ ဒီတစ်ခါတော့ လိုက်ခဲ့နော်"

နောက်ဆုံးတော့ သူမ အားနာကာ လိုက်ခဲ့ရ၏။ သူမ လိုက်လာ၍ သူ ပျော်နေပုံပါ။

"ကိုယ်တို့ ဘရိတ်ဖတ်စ်စားရအောင်နော် ဖြူ. ."

"ကျွန်မ. . အိမ်က စားခဲ့ပါပြီ"

ကိုကိုနှင့်အတူ မနက်စာကို ပျော်ရွှင်စွာ စားခဲ့တာကို သူမ အမှတ်ရ၏။

သူမ ကော်ဖီဖျော်တော့ ကိုကိုက ပေါင်မုန့်မီးကင်သည်။ ထို့နောက်နှစ်ယောက်အတူပျော်ရွှင်စွာ စား၏။ ကိုကိုနဲ့ ဒီလိုနှစ်ယောက်အတူ တစ်သက်လုံး နေရရင် ဘယ်လောက် ပျော်ရွှင်စရာကောင်းလိုက်မလဲ။

"ဒါပေမဲ့ ကိုယ်က မစားခဲ့ရသေးဘူး ဖြူ. . ဒီတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကို အဖော်လုပ်ပေးမယ်မဟုတ်လား"

"ဟုတ်ကဲ့"

ခေါင်းလေးညိတ်ပြသောဖြူကြောင့် သူ ကျေနပ်စွာ ပြုံး

လိုက်၏။ ဖြူက ဒါလေးတွေချစ်ဖို့ကောင်းတာ။

စားသောက်ဆိုင်ရောက်တော့ ဖြူ့အတွက်ပါ နန်းကြီး

သုပ်မှာပေးလိုက်၏။

"အို. . ကျွန်မ စားပြီးပါပြီဆို"

"ဖြူ. . နန်းကြီးသုပ်ကြိုက်တယ်မဟုတ်လား. . မှာပြီး

သွားပြီ စားလိုက်နော်"

ကြက်သားနိုင်းချင်းနှင့် နန်းကြီးသုပ်က စားချင်စဖွယ်

ဟင်းချိုကလည်း ကောင်းလှပါ၏။ မစားလျှင် ဖွတ်ကျွေးမည်

ကြောင့် သူမ စားလိုက်ရသည်။

သူလည်း နန်းကြီးသုပ်စား၏။ ပြီးမှ ကော်ဖီသော

သည်။

"ကိုယ်တော့ ဖြူနဲ့ ဒီလိုနှစ်ယောက်အတူစားရတာ သိပ်

ပျော်တာပဲ. .

"ကိုယ်တစ်ယောက်တည်းနေရတာကြာတော့ ငြီးငွေ့

တယ်ကွာ. . စားသောက်ရတာလဲ အဆင်မပြေဘူး"

"ဒီလိုဆိုလဲ အစ်ကိုရဲတိုက် မိဘတွေနဲ့သွားနေပါလား"





သူ့မျက်နှာ ရှုံ့မဲ့သွား၏။

"မနေချင်ပါဘူးကွာ. . သူတို့က သူတို့မိသားစုနဲ့ သူတို့

ခရုစိုက်နေတာ. .

"အဲ့ဒါတွေမြင်ရင် ကိုယ့်အထီးကျန်စိတ် ပိုဖြစ်တယ်"

"အစ်ကိုလဲ ဒုက္ခပါပဲလား"

"အဟွန်း. . အဲ့ဒီဒုက္ခက ဖြူကယ်ရင်ရတယ်ကွ"

"ဟင်. . အစ်ကိုကလဲ"

"ဟုတ်တယ်ဖြူ. . အစ်ကို့ကို လက်ထပ်လိုက်ရင် အစ်ကို

ဒုက္ခက လွတ်မှာ"

"ကြည့်စမ်း. . အစ်ကိုလျှောက်ပြောတယ်. . မကောင်း

ဘူးကွာ"

သူမ မျက်နှာလေး နီရဲလျက် မျက်စောင်းထိုး၏။ သူ စူးစူး

စိုက်စိုက်ကြည့်လျက် သက်ပြင်းချသည်။

"အကောင်းပြောတာပါကွာ"

"အစ်ကိုနော်. . ဆက်မပြောနဲ့"

"ဟင်း. . ကောင်းပါပြီ ဖြူရယ်"

ရဲတိုက်စိုးအနေနှင့်ကတော့ တစ်နေ့ထက်တစ်နေ့ ဖြူ

အပေါ် သံယောဇဉ်ပိုလာပါ၏။ အနီးကပ်တွေ့ရသော ဖြူ၏လှ

ပမျာနှင့် နူးညံ့သိမ်မွေ့မှုများက သူ့နှလုံးသားမှာ စွဲငြင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမကို ချစ်ခွင့်မရသေးပေမဲ့ ဒီလိုနေ့တိုင်းမြင်နေရ တာကိုက သူ့အတွက် ထူးခြားတဲ့ အခွင့်အရေးပါ။

"ဒါနဲ့ မင်းခိုင်နဲ့ ဖြူ တွေ့သေးလား"

"ကျွန်မ. . အခု ကိုကို့ဆီမှာနေတယ်. . အစ်ကို"

"ဟင် ဟုတ်လား. . ဒီလိုမှန်းသိ. . ကိုယ် မင်းခိုင်ဆီ မကြာခဏ ရောက်ပါတယ်ကွာ"

"ဘာဖြစ်လို့လဲ"

ရိုးသားစွာမေးနေသော ဖြူ့ကိုကြည့်ကာ သူ ပြုံးသည်။

"ဖြူရှိလို့လေ"

"အို"

"မင်းခိုင်အိမ်ကိုတော့ ကိုယ့်ကိုမလာနဲ့လို့ ဖြူ တားလို့မ [illegible] ပါဘူးနော်"

သူမ တိတ်ဆိတ်နေလိုက်၏။ တကယ်လည်း သူ့ [illegible] တားခွင့်မရှိပါ။

ယခုရက်ပိုင်းအတွင်းမှာ သူမ အလုပ်လုပ်ရတာ ပျော် [illegible] ပါ၏။ တကယ်တော့ ကိုကို့ကြောင့်လေ. . ကိုကိုဟာ သူမရဲ့ [illegible] အားပဲမဟုတ်လား။

"သူများတွေကပြောတယ်ဖြူ. . ကိုကို့မျက်နှာ ဒီရက် [illegible] အမြဲပြုံးနေတယ်တဲ့. ."





"ဟုတ်လား"

"အဟွန်း. . အဲ့ဒါ ဘာကြောင့်လဲ သိလား. . ကြာဖြူ ကြောင့်ဗျ"

"အို. . ကိုကိုကလဲ မမပပကြောင့် မဟုတ်ဘူးလား"

ကိုကိုပြုံး၍ ခေါင်းခါယမ်း၏။

"မဟုတ်ဘူး. . ကြာဖြူ. . မဟုတ်ဘူး"

"ကိုကို. . မမပပနဲ့ လက်ထပ်မှာ မဟုတ်ဘူးလားဟင်"

"အင်း. . အခု အဲ့ဒါကို စဉ်းစားနေတယ်"

"ဘာဖြစ်လို့"

သူမမျက်လုံးလေး ဝိုင်းကာ မေးတော့ ကိုကိုငေးကြည့် [illegible] သည်။

"အစကတည်းက ကိုကို ပပကိုချစ်လို့ လက်ခံခဲ့တာ [illegible] ဟုတ်ဘူး ကြာဖြူ"

"ဩော်"

သူမ မှုက်လွှာချလိုက်၏။ ကိုကို့ရင်ထဲက ခံစားချက်ကို [illegible] အားလည်သလိုလို။

သူမကိုယ်တိုင်လည်း ကိုကိုနှင့်ပတ်သက်ကာ ရင်မှာ [illegible] ထိုက်ခံစားနေရတာ မဟုတ်လား။

ထို့ကြောင့် ကိုကိုနှင့်အတူ နေမိခြင်းဖြစ်သည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ မသင့်တော်ဘူးဆိုတာ သူမ သိတာပဲ။

"ဖြူ့ကို ကိုယ်သတိထားကြည့်နေတယ်. . ဒီရက်ပိုင်းမှာ ဖြူ အလုပ်လုပ်တာ ပျော်နေတဲ့ပုံပဲ. ."

အချိန်ရတာနှင့် သူမကို အရိပ်လိုကြည့်တတ်သော ရဲတိုက်စိုးစကားကြောင့် ပြုံးမိ၏။

"ပျော်တာမကောင်းဘူးလား အစ်ကို"

"ကောင်းပါတယ်ဗျာ. . ဖြူ အဲဒီလို အမြဲပျော်နေတာကို ကိုယ်မြင်ချင်တယ်"

ဒါဟာ ရဲတိုက်စိုး၏ ရင်ထဲက တကယ့်ဆန္ဒအစစ်အမှန်ပါ။ ဖြူ့ မျက်နှာလေးပြုံးနေလျှင် သူ့ရင်ထဲ ကြည်နူးနေရပါသည်။ ဒါဟာ အချစ်ပဲလေ. .။

❀❀

"ကဲ. . ကိုယ့်ကို ဘာကြောင့် ချိန်းတာလဲ ရဲတိုက်"

သည်ညနေမှာ ရဲတိုက်စိုးချိန်းသော စားသောက်ဆိုင်သို့ ရောက်လာ၏။ ကန်တော်ကြီး ရေပြင်ကို မျက်နှာမူထားသောကြောင့် လေညှင်းအေးအေးကို တဝရှူရှိုက်ရ၏။

သူရောက်တော့ ရဲတိုက်စိုးက ဘီယာနှင့် စားစရာများ မှာထားပြီ။ သူရောက်မဆိုက်မေးတော့ ရဲတိုက်စိုးပြုံးသည်။

"ဖြည်းဖြည်းပေါ့ မင်းခိုင်ရာ. . ပြောပါ့မယ်. . ကဲ သောက်ဦး"

ရဲတိုက်စိုးက ဘီယာဖောက်ထည့်ပေးသည်။

"ကိုယ် မသောက်ဘူး ရဲတိုက်"

"ဘာဖြစ်လို့လဲ"

"အိမ်မှာ ကြာဖြူရှိနေတယ်"

"ဪ. . ဒါကြောင့်လား. . မင်းက မင်းညီမကို တော်






www.burmeseclassic.com

www.burmeseclassic.com



တော်ချစ်တယ်နော်. . အင်း. . ကြာဖြူကလဲ မင်းကိုတော်တော်ချစ်ပုံပါပဲ. . ဒါ့ကြောင့်. . ”

ရဲတိုက်စိုးက စကားမဆက်ဘဲ ရပ်ကာ ဘီယာတစ်ကျိုက်သောက်၏။ မင်းခိုင်ကတော့ မှာထားသော အမြည်းတွေသာ အနည်းငယ်စားရင်း. .

“ဆက်ပြောလေ ရဲတိုက်”

“အဟွန်း. . ဒါ့ကြောင့် မင်းကို အကူအညီတောင်းမလို့ကွ”

စောမင်းခိုင် မျက်မှောင်တွန့်သွားလျက်. .

“အကူအညီ. . မင်းလို သူဌေးသားက ငါ့ဆီက အကူအညီတောင်းမယ်ဟုတ်လား ရဲတိုက်. . ”

“ဟား. . ဟား. . ပိုက်ဆံအကူအညီကိုပြောတာမဟုတ်ပါဘူးကွာ. .

“နှလုံးသားအတွက် အကူအညီပါ”

“ဘာ”

ရုတ်တရက် ရဲတိုက်စိုး မျက်နှာတည်သွားကာ သူ့ကို စေ့စေ့စူးစူးကြည့်သည်။

“ဟုတ်တယ် မင်းခိုင်. . ငါ ဖြူကို သိပ်ချစ်နေမိပြီ. . ဘယ်တုန်းကမှ ဘယ်သူ့အပေါ် မှာမှ မချစ်ဖူးတဲ့ အချစ်မျိုးနဲ့ လေးလေးနက်နက်ချစ်တာပါကွာ”





“ဟင်”

ကြာဖြူကိုချစ်တဲ့အကြောင်း လာပြောနေသော ရဲတိုက်မျက်နှာအား သူ အံ့ဩစွာ စိုက်ကြည့်မိ၏။

တကယ်တော့ စောမင်းခိုင်ကိုယ်တိုင်ကလည်း ကြာဖြူကို တိတ်တစ်ခိုးချစ်ကာ တွယ်တာနေရသည်မဟုတ်လား။

“အဲဒါ. . မင်း. . ငါနဲ့ ဖြူကို သဘောတူမယ်မဟုတ်လား ဟင် မင်းခိုင်. . ပြီးတော့ မင်းဟာ ငါ့ရဲ့ အခင်ဆုံး အချစ်ဆုံး သူငယ်ချင်းတစ်ယောက်အနေနဲ့ ဖြူကို ကိုက်တွန်းပေးမယ်မဟုတ်လား”

ရဲတိုက်စိုးက မျှော်လင့်အားကိုးစွာဖြင့် စောမင်းခိုင်ကို မေး၏။

စောမင်းခိုင် ရင်ထဲမှာ ဒီအကြောင်းတွေ နားထောင်နေရတာ တဆစ်ဆစ်နာကျင်နေသည်။ ရဲတိုက်စိုးတို့က တကယ်ပဲ သူနှင့် ကြာဖြူကို မောင်နှမဝမ်းကွဲလို့ ထင်နေကြပါလား။

သူကိုယ်တိုင်လည်း ကြာဖြူကို ငယ်စဉ်တုန်းက ညီမတစ်ယောက်လို သံယောဇဉ်ရှိခဲ့၏။ ခွဲခွာရပေမဲ့ ကြာဖြူကို သူ မမေ့ပါ။ ဒါကြောင့် ကြာဖြူရှိရာအရပ်ကို သူ ရောက်အောင်ပြန်ခဲ့တာမဟုတ်လား။

ကြာဖြူကို ပြန်တွေ့ချိန်မှာ သူကိုယ်တိုင် အံ့ဩခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမှာ ကြီးပြင်းခဲ့ရသော သူ့အတွက် မြန်မာဆန်ဆန် ကြာဖြူ၏ အလှဟာ သူ့ရင်ကို ငြိတွယ်စေသည်။

ကြာဖြူလောက် နူးညံ့သိမ်မွေ့စွာလှသော မိန်းကလေးမျိုးကို သူ မတွေ့ဖူးပါ။ မြင်မြင်ချင်း စိတ်ထဲ အရမ်းလှုပ်ရှားခဲ့ရတာ သူသာ အသိဆုံးမဟုတ်လား။

"ဟင်. . မင်းခိုင်. . ငါ့ကို ကူညီမယ် မဟုတ်လား"

ရဲတိုက်စိုးအသံကြားမှ သူ သတိဝင်လာ၏။ သူ ရဲတိုက်စိုးကို ခပ်စူးစူးကြည့်ကာ ခေါင်းကိုဖြည်းညှင်းစွာ ခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်. . ကိုယ် မင်းကို မကူညီနိုင်ဘူး ရဲတိုက်"

"ဟင်"

"ဟုတ်တယ် ရဲတိုက်. . ဘာကြောင့်လဲဆိုတော့ မင်းအကြောင်း ငါ အသိဆုံးမို့ပဲ. .

"ဒီမှာရဲတိုက်. . ကြာဖြူဟာ အင်မတန်မှ ရိုးသားဖြူစင်တဲ့ မိန်းကလေးပါကွာ. . သူနဲ့မင်း ပတ်သက်ဖို့ မကြိုးစားချင်ပါနဲ့"

ဒုတ္ခပါလား။ စောမင်းခိုင်က သူ့ကို မယုံဖြစ်နေတာ သိလိုက်၏။

ရဲတိုက်စိုးဆိုတဲ့သူကလည်း နိုင်ငံခြားမှာ ခပ်ပေပေနေခဲ့





တာမဟုတ်လား. . သူတွဲခဲ့တဲ့သမျှ မိန်းကလေးတွေအားလုံးကလည်း သူ့နည်းတူ မကွာခြားပါ။ ဒါကြောင့်သာ ကြာဖြူလို ဣန္ဒြေရှိသော နူးညံ့သိမ်မွေ့ဖြူစင်လွန်းသည့် မိန်းကလေးကိုတွေ့တော့ သူ လေးနက်စွာ ချစ်ခဲ့ရတာပါ။

"ကောင်းပြီလေ. . ငါကတော့ ဝတ္တရားအတိုင်းပြောပြီးပြီ. . မင်း ငါ့အပေါ် ဘယ်လိုထင်ထင် အရေးမကြီးဘူး. .

"ဒီမှာ စောမင်းခိုင်. . ငါ့ရင်ထဲက ခံစားချက်ကို ငါပဲသိတယ်. .

"ကြာဖြူကို မင်းထက်အရင် ငါတွေ့ခဲ့တာ. . ဒီတော့ ကြာဖြူကို ပိုင်ဆိုင်သင့်တာ ငါပဲကွ. .

"ကဲ. . မင်း ဘာပြောဦးမလဲ. ."

ဒေါက်တာစောမင်းခိုင်က ဘာမှမပြောဘဲ ပခုံးသာ အသာတွန့်လိုက်၏။ သည်လို နှလုံးသားရေးရာကိစ္စမှာ ကာယကံရှင်အဓိကမဟုတ်လား။

တစ်ခုသောချာတာက ကြာဖြူ၏ မျက်ဝန်းထဲမှ အရိပ်တွေကို ဒေါက်တာစောမင်းခိုင် နားလည်နေသလိုပဲလေ။

❋❋



www.burmeseclassic.com

www.burmeseclassic.com



"အဟွတ်. . ဟွတ်"

မကျန်းမာသောဒေါ်ခင်တစ်ယောက် ချောင်းဆိုးရင်း မောပန်းနေ၏။ သမီးလေးကို သတိရမိသည်။ ဆင်းရဲသော ဘဝနှင့် မလိုက်ဖက်အောင် သမီးလေးရုပ်ရည်က လှပချောမောလွန်းလှသည်။

ယခုတော့ သမီးလေးမှာ ကိုဝင်းအောင်မကောင်းမှုကြောင့် အိမ်မှာ မနေနိုင်ရှာ။

ထိုညက သမီးအတွက် အတော်စိတ်ပူခဲ့၏။ သို့သော် နောက်တစ်နေ့မနက်မှာ ဒေါက်တာစောမင်းခိုင်ရောက်လာသည်။

သည်ကောင်လေးကို ဒေါ်ခင်ရုတ်တရက် မမှတ်မိ။ သူက ရင်းနှီးစွာ ဆက်ဆံရင်း ငယ်စဉ်က အကြောင်းတွေပြောမှ အမှတ်ရလာ၏။





သမီး ကိုတိုလို့ခေါ်တဲ့ သူငယ်လေးပဲ။ ကြီးလာတော့ ကောင်လေးက ချောလိုက်တာ။

ကြာဖြူအတွက် မပူပါနဲ့တဲ့။ သူ စောင့်ရှောက်ထားပါ သတဲ့။ ဒါကြောင့် သမီးအတွက် ဒေါ်ခင် စိတ်အေးရခြင်းပါ။

ဒေါက်တော စောမင်းခိုင်က ဒေါ်ခင်ကို စမ်းသပ်ကာ ဆေးထိုးပေးသည်။ အားဆေးတွေလည်း ပေးခဲ့၏။ ငွေပေးတော့ ဒေါ်ခင်လက်မခံချင်။ ဒါပေမဲ့ စောမင်းခိုင်ဆိုတဲ့ကောင်လေးဟာ ငယ်ငယ်ကတည်းက သူတို့သားအမိအပေါ် စေတနာကောင်းခဲ့သူဆိုတော့ ငြင်းမရပါ။ ထိုငွေလေးတွေဖြင့် ဒေါ်ခင် အသက်ဆက်နေရခြင်းပါ။

ထိုစဉ် အိမ်ရှေ့မှ ကားသံကြောင့် ဒေါ်ခင်ခေါင်းထောင်ကြည့်မိ၏။ ဒေါ်ခင်တစ်ခါမှ မမြင်ဖူးသော ကားအကောင်းစားကြီးတစ်စီး ဒေါ်ခင်ကြည့်နေစဉ်မှာပင် ကားပေါ်မှ သားနားချောမောသော လူငယ်တစ်ယောက်ဆင်းလာ၏။ သည်သူငယ်အိမ်များ မှားလာလေသလား။

"ဒါ ကြာဖြူတို့အိမ်ပါလား ခင်ဗျာ"

"ဟင်"

သမီးနာမည်မေးတာကြောင့် ဒေါ်ခင် ဆတ်ခနဲထယိုင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိမ်ရှေ့သို့ထွက်ကာ. .

"ဟုတ်. . ဟုတ်ပါတယ်. . မောင်ရင် ဘာကိစ္စများရှိလို့လဲကွယ်"

"အဒေါ်က"

"အဒေါ်က ကြာဖြူ အမေပါကွယ်"

"ဩော်. . တွေ့ရတာ ဝမ်းသာပါတယ် အဒေါ်. . ကျွန်တော် ရဲတိုက်စိုးပါ. . ကြာဖြူ အလုပ်ရှင်ပါ ခင်ဗျာ"

"အိုး ဟုတ်လား. . သမီး အလုပ်ရှင်က ငယ်ငယ်လေးပဲကိုး. . ထိုင်ပါကွယ်. . သမီးတော့ မရှိပါဘူး"

"ဟုတ်ကဲ့. . ကျွန်တော် သိပါတယ် အဒေါ်. . ကျွန်တော် လာတာ အဒေါ့်ကို တွေ့ချင်ရုံသက်သက်ပါ"

"ဩော်. . ဟုတ်လား"

ဒေါ်ခင်ကတော့ ဒီလိုသူငယ်က ဘာကိစ္စတွေ့ချင်ရတာပါလိမ့်ဟု စဉ်းစားမရ။ ရဲတိုက်စိုးက ဆင်းရဲနွမ်းပါးသော ကြာဖြူ အိမ်ကို တစ်ချက်အကဲခတ်ကြည့်ပြီး ဖျာပေါ်ဝင်ထိုင်၏။

"ဒီလိုပါ အဒေါ်"

"ပြောပါကွယ်. . သမီး ဘာများ. . "

"ဟာ. . ကြာဖြူအတွက် စိတ်မပူပါနဲ့ အဒေါ်. . ကြာဖြူက အင်မတန်လိမ္မာတဲ့ မိန်းကလေးပါ"





"ဟို. . ကျွန်တော်လာတာက"

တကယ်တမ်းမှာတော့ ရဲတိုက်စိုး စကားပြောရခက်နေပါ၏။ သို့သော် ပွင့်လင်းသောသူမို့ ကြာဖြူ့မိခင်ကို သူအားနာသလို ကြည့်ရင်း. .

"ကျွန်တော်. . ကျွန်တော် ကြာဖြူကို လက်ထပ်ချင်လို့ပါ အဒေါ်"

"ဟင်"

"ဟုတ်. . ဟုတ်ပါတယ် အဒေါ်. . ဒီစကားကို ရှေ့မျက်နှာနောက်ထားပြီး ပြောရတာပါ. . ဒါကြောင့်မို့ ကျွန်တော် အားနာပါတယ် အဒေါ်. .

"ကျွန်တော့်မိဘတွေက ဒီမှာ မရှိပါဘူး အဒေါ်. . နိုင်ငံခြားမှာပါ"

"ဩော်"

သည်လို သူဌေးသားလူငယ်လေးတစ်ယောက်က သမီးကို တန်ဖိုးရှိရှိ လာတောင်းတာမို့ ဒေါ်ခင်အတွက် အိပ်မက်လိုပဲဖြစ်နေ၏။

ကြည့်စမ်း. . သမီးလေး ဘယ်လောက် ကံကောင်းလိုက်သလဲ။

"အဒေါ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အတွေးလွန်နေသော ဒေါ်ခင်က ရဲတိုက်စိုးအသံကြောင့် ပြန်သတိဝင်လာ၏။

ရဲတိုက်စိုးက မျက်နှာနီနီဖြင့်. .

"ဟို. . ကျွန်တော်နဲ့ ကြာဖြူကို အဒေါ်အနေနဲ့ သဘောတူခွင့်ပြုစေချင်ပါတယ် ခင်ဗျာ"

"အို. . မှန်တာပြောရရင် သားပြောနေတာတွေကို အဒေါ်ဖြင့် ယုံတောင် မယုံနိုင်အောင်ပါပဲကွယ်"

ကြာဖြူမိခင်သည် ရိုးသားသူတစ်ယောက်မှန်း ရဲတိုက်စိုး မြင်တာနှင့်သိ၏။ ထို့ကြောင့် သူ ပြုံးလိုက်ရင်း. .

"ယုံပါ အဒေါ်. . ကျွန်တော် ကြာဖြူကို တကယ်လက်ထပ်မှာပါ"

"အေးပါကွယ်. . ဒါနဲ့ သမီးသဘောကကော"

"ကျွန်တော်တို့ လူငယ်ချင်း ရင်းနှီးပြီးသားပါ အဒေါ်"

"ဒါဆို ကောင်းတာပေါ့ကွယ်. . အဒေါ့်အနေနဲ့ကတော့ သားကို သမီးနဲ့ သဘောမတူစရာမရှိပါဘူးကွယ်"

"ဝမ်းသာလိုက်တာ အဒေါ်ရယ်"

ထိုစဉ် ဦးဝင်းအောင် အရက်မူးမူးဖြင့် အိမ်ပေါ်ထက် လိုက်၏။





"ဟော့. . မခင်. . မင်းသမီးကို ဘယ်မှာ ဖွက်ထားတာလဲကွ. . သူဌေးက ငါ့ကို စိတ်ဆိုးနေပြီကွ. .

"မင်း သမီးကို ကြိုက်သလောက်နဲ့ သူ တင်တောင်းမယ်လို့ ပြောထားတယ် မဟုတ်လား"

"အို. . ကိုဝင်းအောင်. . ရှင်ဘာတွေ ပြောနေတာလဲ. . ဒါ. . သမီးနဲ့ လက်ထပ်မယ့် သူငယ် ရှင့်"

"ဘာကွ. . သူက. . "

ဦးဝင်းအောင်က သားနားချောမောသော ရဲတိုက်စိုးကို ကြည့်ကာ မျက်မှောင်တွန့်ကြည့်သည်။

ရဲတိုက်စိုးက ဒီကိုမလာခင်ကတည်းက ကြာဖြူတို့ မိသားစုအကြောင်း စုံစမ်းပြီးဖြစ်၏။ ထို့ကြောင့် ဦးဝင်းအောင်ဘယ်လိုသူလဲဆိုတာသိထားသည်။

ထို့ကြောင့် ခပ်တည်တည်ဖြင့်. .

"ဟုတ်တယ် ခင်ဗျာ. . ကြာဖြူနဲ့ ကျွန်တော်ဟာ မကြာခင် လက်ထပ်တော့မှာ. . ဒါ့ကြောင့် အဒေါ့်ဆီ လာခွင့်ပန်တာ. .

"တဲ. . အဒေါ်. . ကျွန်တော့်ကို ခွင့်ပြုပါဦး. .

"ဒြော် ဒါက အဒေါ့်အတွက်"

"အို. . နေပါစေကွယ်"

ရဲတိုက်စိုးပေးသော ငွေများကို ဒေါ်ခင်မယူလိုပါ။ ဦးဝင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ကတော့ ထောင်တန်အထုပ်လိုက်ကိုကြည့်ကာ မျက်လုံးတွေ တစ်ဖျပ်ဖျပ်တောက်ပနေ၏။

"မခင်. . သူက စေတနာနဲ့ပေးတာ ယူလိုက်လေကွာ"

"ယူပါအဒေါ်. . ကြာဖြူ မိခင်ဟာ ကျွန်တော့်မိခင်ပါပဲ အဒေါ်"

"သာဓုကွယ်. . သာဓု. . သာဓု. ."

ဤမျှသဘောကောင်း ရည်မွန်သော လူငယ်လေးနှင့် ကြာဖြူ လက်ထပ်ရမှာကို ဒေါ်ခင် ဝမ်းသာလို့ မဆုံးပါ။

ရဲတိုက်စိုး ပြန်သွားတာကို မျက်စိတစ်ဆုံး ကြည့်ကာ ကျန်ရစ်ခဲ့၏။

❀❀





"ဘာပြောတယ် အစ်ကို. . အမေ့ကို လက်ထပ်ဖို့ ပြောခဲ့. . ဟုတ်လား"

ကြာဖြူ့ အမေးကို ရဲတိုက်စိုးက ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။ ကြာဖြူ့ မျက်နှာလေး နီသွားသည်။

"တကယ်ဆို ဒီလိုလုပ်ဖို့မကောင်းပါဘူး အစ်ကိုရယ်. . ျွန်မသဘောထားကို မမေးဘဲနဲ့"

"ဘာမေးစရာလိုလဲ ကြာဖြူ. . ကိုယ် ဖြူ့ကိုသိပ်ချစ်တယ်၊ အတွက် ပိုင်ဆိုင်ဖို့ကြိုးစားတာ အပြစ်လား. .

"ပြီးတော့ ဖြူ့မှာ ချစ်သူရည်းစားမရှိတာလဲ ကိုယ်သိတယ် တော့. . ကိုယ် လက်ထပ်ခွင့်တောင်းတာ အခွင့်ရှိပါတယ် ဗျ"

တစ်ဇွတ်ထိုးသမား ရဲတိုက်စိုးကို ကြာဖြူ စိတ်ပျက်သလို ည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ချစ်သူရည်းစားမရှိဘူးတဲ့။ ဘယ်သူပြောလဲနော်။ သူမ ရင်ထဲမှာ ကျိတ်ချစ်နေတဲ့လူတစ်ယောက်ရှိနေတာပဲ။

"အမေက ဘာပြောလိုက်လဲ အစ်ကို"

"ဖြူ့အမေက သိပ်ရိုးသားပါတယ်. . ကိုယ်လိုလူတစ်ယောက်က ဖြူ့ကို လက်ထပ်ခွင့်လာတောင်းတာ ဝမ်းသာနေပုံပဲ သူ့အနေနဲ့ သဘောမတူစရာမရှိပါဘူး တဲ့. ."

"အို"

အမေ့အမြင်မှာတော့ သူဟာ သဘောကျစရာ လူကောင်းတစ်ယောက်ဖြစ်နိုင်ပါသည်။ တကယ်တမ်းမှာလည်း သူ့လိုလူတစ်ယောက်ကို လိုချင်တဲ့ မိန်းကလေးတွေ အများကြီးရှိတယ်ဆိုတာ သူမ သိပါ၏။

ဒါပေမဲ့. . သူမ နှလုံးသားထဲမှာ အမြဲတမ်းစွဲလန်းနေတာ လူတစ်ယောက်လေ။

"ဖြူ"

ရဲတိုက်စိုးက သူမ မျက်နှာလေးကို စူးစိုက်ကြည့်တာ ခေါ်သည်။

"ဖြူရယ်. . ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ"

"အို. . ဟင့်အင်း"

ရဲတိုက်စိုးက သူမ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။





"အို. . ဒီလိုမလုပ်ပါနဲ့ အစ်ကို"

"ဖြူရယ်. . ကိုယ်ချစ်တာကို မယုံဘူးလားကွာ"

"ဟင့်အင်း. . ဟင့်အင်း. . ကျွန်မစဉ်းစားပါရစေဦး"

သူ့လက်များကြားမှ သူမ ရုတ်ရုန်းထွက်လိုက်၏။ ရဲတိုက်စိုးသက်ပြင်းတစ်ချက်ချကာ လွှတ်ပေးလိုက်သည်။

သူမကို သိပ်ချစ်လွန်းတာမို့ သူမ ငြိုငြင်မည့်ကိစ္စများတာမှ မလုပ်ချင်ပါ။

"အံ့ဩစရာတော့ ကောင်းတယ်ဖြူ. . ကိုယ်ဟာ မိန်းမတစ်ယောက်ကို ဘယ်တုန်းကမှ လေးလေးနက်နက်မချစ်ခဲ့မိဘူး၊ ဖြူနဲ့ကျမှ တကယ့်အချစ်စစ်ဆိုတာကို နားလည်လာတာပါ"

သူပြောသမျှ သူမ ခေါင်းငုံ့နားထောင်နေလိုက်၏။ သူ တကယ့်ခံစားချက်နဲ့ ပြောနေမှန်း သူမသိပါ၏။ ဒါပေမဲ့ သူမ ချစ်နိုင်တာ ဘာတတ်နိုင်မှာလဲ။

ထိုစဉ် အလုပ်ကိစ္စပေါ်လာတာကြောင့် သူမ အသက်ရှူချောင်သွားရ၏။

"ဘယ်လိုလဲ ကိုရဲတိုက်စိုး. . ခင်ဗျားအတွင်းရေးမှူးလေးက ချောလှချည်လား. . ဒီလို အဖိုးတန်လေး ဘယ်က ရှာသလဲဗျာ. . ဟဲ ဟဲ. . ကျွန်တော်တို့ကိုလဲ ရှာပေးပါဦး"

ကုမ္ပဏီအစည်းအဝေးနှင့် ညစာစားပွဲများတွင် သူ၏



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေများက လှပချောမောသော သူမကိုကြည့်ကာ သူ့ကို အားကျဟန်ဖြင့် မေးကြသည်။

“သူက. . ကျွန်တော့်အတွင်းရေးမှူး မဟုတ်တော့ဘူးဗျ မကြာခင် သူနဲ့ ကျွန်တော်တို့ လက်ထပ်တော့မှာ”

“ဟား. . ဒါဆို ခင်ဗျားကံကောင်းတာပေါ့ဗျာ. .

“ဒီလောက်ချောတာလေးရမှတော့ ခင်ဗျားလောက် ကံကောင်းတာမရှိဘူး. . အားကျတယ်ဗျာ. . ဟဲ. . ဟဲ. .”

သူမကတော့ ဒါတွေမသိပါ။ သူမ၏ တာဝန်ကို ကျေပွန်ဖို့သာ ဆောင်ရွက်သည်။

ယောကျာ်းအတော်များများ၏ မျက်လုံးတွေက သူမဆီ ကျရောက်လေ. . ရဲတိုက်စိုးအနေဖြင့် သဝန်တိုလေပါ။ ဖြစ်နိုင်လျှင် သူမကို သူတစ်ယောက်တည်းသာ တစ်သိမ့်သိမ့်ကြည့်ချင်၏။

“ဖြူ”

“ဘာလဲ အစ်ကို”

“ကုမ္ပဏီလာတဲ့လူတွေရဲ့ မျက်လုံးတွေက ဖြူ့ဆီအရောက်နေတာပဲ”

“အဲ့ဒါ ဘာဖြစ်လဲ အစ်ကို”

“ကိုယ် သဝန်တိုတာပေါ့ကွ”





“ဪ အစ်ကိုရယ်. . သူတို့ဘာသာကြည့်တာ ဘာတတ်နိုင်မှာလဲ”

ဘာမှမသိသော ဖြူက ရိုးသားစွာပြော၏။ သူ သက်ပြင်းကိုတ်ချလိုက်သည်။

“ဟင်း. . ဖြူ ဘာမှ မသိဘူးနော်. . ဒီလူတွေက ဖြူ့အလှကို မျက်စိအရသာခံနေတာ. .

“ကြာလေ. . ဖြူ့ကို ကိုယ် စိတ်မချလေပဲကွာ”

“အို. . အစ်ကိုကလဲ ဘာတွေပြောနေမှန်း မသိဘူး”

သူမ မျက်နှာနီနီဖြင့် ထိုအနားမှ ထွက်ပြေးတော့၏။ သူသာ ရင်မောကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ဟင်"

သည်နေ့ ဆန်းဒေးမို့ သူမ အလုပ်ပိတ်ရက်ဖြစ်၏၊ ဒေါက်တာစောမင်းခိုင်ကလည်း ဂျူတီမရှိပါ။

ထို့ကြောင့် စားသောက်ပြီးတာနှင့် သူ ပန်းချီဆွဲနေသည်။

"ကိုကို ဘာပုံဆွဲနေတာလဲဟင်.. ကျွန်မ ကြည့်လို့ရမလား"

"ဟာ.. မရဘူး.. မရဘူး၊ ပြီးမှ ကြည့်ရမယ်"

"ဟင် ကိုကိုကလဲ"

ကိုကိုဆွဲသော ပုံမကြည့်ရဘူးဆိုတာကြောင့် ကြာဖြူ ကလေးတစ်ယောက်လို စိတ်ကောက်ချင်မိ၏။

သူမ ငြိမ်သက်သွားတော့ ကိုကိုပြုံးကြည့်သည်။

"ဘာလဲဟင်.. ကောင်မလေး စိတ်ကောက်သွားတာလား"





"ဟင်း.. ကောက်ချင်တာ.. ဒါပေမဲ့ ကိုကိုမို့ စိတ်မကောက်ရက်ပါဘူး"

"ဪ.. ကလေးရယ်၊ ကဲ ကိုကို့အတွက် ကော်ဖီသွားဖျော်ပြီးရင် ကိုကိုတို့ လမ်းလျှောက်ကြမယ်"

"ဟုတ်ကဲ့ ကိုကို"

ကိုကိုနှင့်အပြင်ထွက်ရမည်ဆိုလျှင် သူမ စိတ်က အလိုလို ပျော်နေပါ၏၊ ကိုကိုက သူမဖျော်ပေးသော ကော်ဖီခါးစိမ့်စိမ့်ကို ကြိုက်လှသည်၊ ထို့ကြောင့် သူမကလည်း အကောင်းဆုံးဖျော်၏။

"ရပြီ ကိုကို"

"ကြာဖြူကော.. မသောက်ဘူးလား"

"ဟင့်အင်း.. ကိုကို ဝအောင်သောက်"

"အမယ်လေး.. ဒီလောက်အများကြီးကို မရဘူး.. ကိုကိုနဲ့ တစ်ယောက်တစ်ဝက်သောက်ရမယ်"

ကိုကိုကျေနပ်စေရန် သူမသောက်လိုက်၏၊ သည်လိုနေရတာကို သူမတို့နှစ်ယောက် စိတ်ချမ်းသာလှ၏။

"ကိုကို"

"ဟင်"

"ဒီလို အမြဲတမ်း အတူနေရရင် ကောင်းမှာပဲနော်"

"ဪ ကြာဖြူရယ်.. မင်းလေး နေချင်ရင် နေရမှာပေါ့ ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ကိုကို"

"တကယ်ပေါ့ ကြာဖြူ . . ကိုကိုလဲ မင်းနဲ့နေရတာ စိတ်ချမ်းသာပါတယ်"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးမိကြသည်။

"ဒါပေမဲ့ မမ ပဂေ . ."

"ကဲ . . အဲဒါတွေ တွေးမနေနဲ့ ကြာဖြူ . . လာ ကိုကိုတို့ ကြာဖြူအမေ့ဆီသွားရအောင်"

ကိုကို့စကားကြောင့် ကြာဖြူတစ်ယောက် ရဲတိုက်စိုးပြောတာတွေ သတိရမိ၏။

ထိုအကြောင်းတွေ ကိုကို့ကိုပြောပြရမလားပဲ။

"ဟေး . . အဝတ်လဲလေ . . ကိုကိုတို့ ဘုရားလဲသွားမယ်"

"ကောင်းပြီ ကိုကို"

မနက်ကတည်းက ရေချိုးပြီးတာမို့ သူမ အဝတ်အစားကမန်းကတန်းလဲလိုက်၏။ ပန်းနုရောင်ဝမ်းဆက်လေးက သူမအသားနှင့်လိုက်ဖက်လှသည်။

ဝင်းဝါဖြူဖွေးသော အသားအရေမှာ ဆံပင်နက်နက် . . မျက်တောင်နက်နက်များကြောင့် ကြည့်မဝချင်စရာပါ။

အင်း . . ဒါကြောင့် ရဲတိုက်စိုးလိုလူက ကြာဖြူကို သဘောကျတာ မဆန်း။





"ကိုကို ဘာကြည့်နေတာလဲ"

"အဟွန်း . . ကြာဖြူ သိပ်လှလို့လေ"

"ဟင် ကိုကိုကလဲ"

သည်လိုကျတော့ ကြာဖြူ ရှက်သွား၏။ ပန်းနုရောင်သန်းသွားတဲ့ မျက်နှာလေးက စွဲမက်ချင်စရာ။

"တကယ်ပြောတာ ကြာဖြူ . . ငယ်ငယ်က ကြာဖြူဆိုတဲ့ ချာတိတ်မလေးဟာ ကြီးလာရင် ဒီလောက်လှလိမ့်မယ်လို့ ကိုကို မထင်ခဲ့ဘူး . ."

"အံမယ် . . ကိုကိုလဲ သိပ်ချော့လာတာပါနော်"

"အဟွန်းဟွန်း . . ဒါဆို ကိုကိုတို့နှစ်ယောက် တစ်ယောက်တစ်လှည့် မုန့်ဝယ်ကျွေးရအောင်"

"ဟင်း ဟင်း"

နှစ်ယောက်သား သဘောကျစွာ ရယ်မောရင်း အပြင်သို့ ထွက်ခဲ့ကြ၏။

သူတို့ထွက်သွားပြီး မကြာမီ အိမ်ရှေ့သို့ ကားနှစ်စီးဆိုက်လာ၏။

"ဟင် . . ရဲတိုက်"

"ဪ . . ပဂ"

ထို့နောက် ရဲတိုက်စိုးနှင့် ပဂေ သော့ပိတ်ထားသော အခန်း ကိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဘယ်သွားလဲ မသိဘူး"

"အင်းနော်"

"ဘယ်လိုလဲ . . ပပ စောင့်မှာလား"

"ရဲတိုက်ကော"

"ကိုယ်တော့ စောင့်မှာပဲ . . ဖြူမျက်နှာမြင်မှ ပြန်မယ်"

"အတင်း . . ပပလဲ စောင့်မယ်"

နှစ်ယောက်သား ဝရန်တာရှိ ခုံများတွင် ထိုင်လိုက်၏။

"ကိုစောနဲ့ ကြာဖြူတို့က တခြား မောင်နှမတွေထက် ပို သံယောဇဉ်ကြီးသလိုပဲနော် ရဲတိုက်"

"အင်း ဟုတ်တယ် . . တကယ်တော့ ခုလို နှစ်တွေအကြာ ကြီးခွဲနေပြီးမှ ပြန်တွေ့ရလို့လဲဖြစ်မယ်"

ရဲတိုက်စိုး၏ ဝေဖန်မှုကို ပပ ကျိတ်ထောက်ခံလိုက်၏။ အမြဲတမ်း တွေ့နေခွင့်ရလျှင် ဒီလောက် သံယောဇဉ်ဖြစ်ချင်မှ ဖြစ်မည်။

"ဒါနဲ့ ရဲတိုက်နဲ့ ကြာဖြူကော . . အဆင်ပြေပြီလား"

ရဲတိုက်စိုး ပခုံးတွန့်လိုက်သည်။

"ကိုယ်ကတော့ ခွင့်တောင်းထားတာပဲ . . မင်းတို့တော"

"ဟင်း . . ကိုစောက အေးစက်လွန်းတယ် ရဲတိုက်ရယ်"

အမှန်အတိုင်း ပြောရလျှင် ပပအနေဖြင့် ချစ်သောသူနှင့်





အတူနေချင်ပါပြီ။ နှစ်ဖက်မိဘတွေကလည်း သဘောတူတာ အရာရာပြီးပြည့်စုံနေတာမို့ ဘာကိုမှ ထပ်စောင့်စရာမလိုဟု ယုံကြည်၏။

သို့သော် . . ဒါကို ယောက်ျားလေးဖြစ်တဲ့ ကိုစောက မစတော့ အခက်သားလေ။

သူတို့စကားကောင်းနေစဉ် အငှားကားတစ်စီးထိုးဆိုက်လာ၏။

ထို့နောက် ကားပေါ်မှ ခေတ်မီချောမောသော မိန်းကလေးတစ်ယောက် ဆင်းလာသည်။

"ဟင် . . လှိုင်"

ထိုနာမည်ကို ရဲတိုက်စိုးနှင့် ပပနှုတ်ဖျားမှ ပြိုင်တူထွက်သွားသည်။

လှိုင်က သူတို့နှစ်ယောက်ကို လက်ဝှေ့ယမ်းပြနှုတ်ဆက်၏။

"ကြည့်စမ်း . . ကိုရဲတိုက်နဲ့ မပပက ဒီမှာ ဘာလာလုပ်နေကြတာလဲ"

"မင်းခိုင်ကိုစောင့်နေတာလေ . . နေပါဦး . . လှိုင်ကကော ဘယ်တုန်းက ပြန်ရောက် . ."

"အဟင်း . . ခုပဲ လေဆိပ်ကလာတာလေ . . ဟိုကို မရှိဘူးလားတင်"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး. . သူ့ညီမနဲ့ အပြင်ထွက်သွားတယ်"

ပပက ဝင်ဖြေ၏။ လှိုင်၏ သေးသွယ်သော မျက်ခုံးလေး တွန့်ခနဲဖြစ်ကာ. .

"ဘာပြောတယ်. . သူ့ညီမ ဟုတ်လား. . သူ့ညီမဆိုတာ ဘယ်သူလဲ မပပ"

လှိုင် အမေးကြောင့် ရဲတိုက်နှင့် ပပတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။

ထို့နောက် ရဲတိုက်ကပဲ. .

"ကြာဖြူလေ. . ကြာဖြူကို လှိုင် မသိဘူးလား"

"ဘာ. . ကြာဖြူ. . ဟုတ်လား"

ရုတ်တရက် လှိုင်ဦးနှောက်ကို အလုပ်ပေးလိုက်၏။ တစ်စုံတစ်ရာကို သတိရသောအခါ လှိုင့်မျက်နှာတင်းသွား၏။

"ကြည့်စမ်း. . ကိုကိုက ဒီမိန်းမနဲ့ ပြန်တွေ့နေတာကိုး"

"လှိုင်. . ဘယ်သူ့ကိုပြောတာလဲ"

"မပပတို့ပြောနေတဲ့ ကြာဖြူဆိုတာလေ. . ဘာလဲ ကိုတို့က အဲ့ဒီမိန်းမကို သူ့ညီမလို့ ပြောထားတာလား"

"အင်း. . ဟုတ်တယ် လှိုင်. ."

"ဟင်း. . အဲ့ဒါအလကား. . ကိုကိုနဲ့ကြာဖြူ ဘာမှ မတော်ဘူး"





"ဟင်"

"ဟာ"

လှိုင်ပြောမှ သိခွင့်ရလိုက်တာမို့ ရဲတိုက်နှင့် ပပတို့ အဓိပ္ပာယ်ကိုယ်စီဖြင့် ကြည့်မိကြ၏။

"ဒါဆို ကြာဖြူက"

"အို. . အလကားပါ. . ငယ်ငယ်က ခရေပန်းကောက် ရောင်းတာ. .

"ကိုကိုက သနားလို့ မေးကျွေးရင်း ခင်သွားတာ. .

"အဲ့ဒါကို လှိုင်နဲ့မာမီကတော့ လုံးဝ သဘောမကျဘူး. ."

ကြာဖြူ့ဘဝမှန်ကို သိလိုက်ရပြီမို့ ပပ စိတ်ထဲ စိုးရိမ်သွား၏။ ရဲတိုက်ကော ဘာထူးလဲ။

ဘာမှ သွေးသားမတော်စပ်တဲ့ စောမင်းခိုင်နှင့် ကြာဖြူတို့ရဲ့ သံယောဇဉ်ဟာ ဘယ်လိုမှ ရိုးရိုးသားသားမဖြစ်နိုင်။

"ဘယ်လိုလုပ်ကြမလဲ ရဲတိုက်"

ပပက အားငယ်သလို လှမ်းမေး၏။

"ကိုယ်တော့ ဖြူ့ဘဝမှန်ကိုသိရလို့ ပို သနားမိတယ်"

"ဪ. . ကိုရဲတိုက်ကပါ မိကြာဖြူကို သိနေပြီကိုး"

လှိုင့် မျက်နှာ မှုန်တင်းစွာပြော၏။ တကယ်တော့ လှိုင့် စိတ်ထဲ ရဲတိုက်ကို ကျိတ်၍ သဘောကျနှစ်သက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လှိုင်. . ဖြူက မင်းခိုင်နဲ့ မတွေ့ခင်ကတည်းက ကိုယ်နဲ့သိတာ. . သူက ကိုယ့်ဆီမှာ အလုပ်လုပ်တယ်လေ"

"ြော်"

လှိုင့်စိတ်ထဲ ကြာဖြူကို ဝန်တိုသွားရ၏။ ကြာဖြူဆိုတဲ့ မိန်းမဟာ လှိုင်အပေါ် ဘယ်တုန်းကမှ ကောင်းကျိုးပေးခဲ့တာ မဟုတ်။

သူမနဲ့ပတ်သက်ပြီး အစ်ကိုဖြစ်တဲ့လူကပါ လှိုင့်ကို ဒော်ငေါက်ခဲ့ဖူးသည်။ ကိုကိုဟာ လှိုင့်အပေါ် ကြာဖြူလောက် ဂရုမစိုက်ခဲ့။

ယခုတစ်ခါလာပြန်ပြီ။ လှိုင် စိတ်ဝင်စားနေတဲ့ ယောကျ်ားကိုမှ သူမက အနီးကပ် ဆွဲဆောင်ထားပြန်သည်။

သိပ်ကို မုန်းစရာကောင်းတဲ့ မိန်းမပါလား။

❋❋





"ဟင်. . လှိုင်"

အိမ်သို့ပြန်ရောက်လာတော့ ဒေါက်တာစောမင်းခိုင်က လှိုင့်ကိုတွေ့ကာ အံ့ဩသွားသည်။

သည်တော့မှ ဒီခေတ်မီလှပတဲ့ မိန်းကလေးဟာ လှိုင်ပါလားဟု ကြာဖြူသိလိုက်၏။

လှိုင်ကလည်း ကြာဖြူကို စူးစူးဝါးဝါးကြည့်လေသည်။

"မင်းက ကြာဖြူလား"

ကြာဖြူကို ခြေဆုံး ခေါင်းဆုံးကြည့်ကာ လှိုင် ခပ်တင်းတင်းမေး၏။ ကြာဖြူက လှိုင်ကို မဝံ့မရဲကြည့်သည်။

"ဟုတ်. . ဟုတ်ပါတယ် လှိုင်"

"ြော်. . မင်း တို့ကိုသိတယ်မဟုတ်လား"

"သိပါတယ် လှိုင်"

"အဟင်း. . မင်းက တော်တော်လှလာတာပဲ. . ဘာလဲ ဒီအလှတွေနဲ့ မင်းက တို့အစ်ကိုကို ဖြားယောင်း. . "



www.burmeseclassic.com

www.burmeseclassic.com



"လှိုင် ဘာတွေပြောနေတာလဲ"

စောမင်းခိုင် အော်ငေါက်တာကြောင့် လှိုင် မျက်နှာတင်သွား၏။

"ကိုကို လှိုင့်ကိုမအော်ပါနဲ့. . ဒါဆို ဒီမိန်းမတာ ကိုတို့အနား ဘာလို့ရှိနေတာ သဲ. .

"ကိုရဲတိုက်နဲ့ မပပကို ညီမဝမ်းကွဲပါလို့ ဘာလို့ဟန်ဆောင်ဖုံးကွယ်ထားကြတာလဲ. .

"တာလဲ ဟင် ကိုကို. . ကိုကိုကိုယ်တိုင်လဲ ကြာဖြူ[...]ချစ်နေတာမဟုတ်လား"

"အို"

"ဟင်"

"ဟာ"

လှိုင်၏စကားကြောင့် ဒေါက်တာစောမင်းခိုင်အပါ[...]အားလုံး မျက်နှာပျက်ကုန်ကြသည်။

ကြာဖြူမှာတော့ မျက်နှာလေးနီရဲတာ မျက်ရည်[...]နေသည်။ လှိုင်ပြန်လာလျှင် ဒီလိုဖြစ်မယ်ဆိုတာ သိခဲ့ပါ၏။

ဒေါက်တာစောမင်းခိုင်က အံတင်းတင်းကြိတ်တာ[...]တစ်ခုကို ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်. .

"ဟုတ်တယ်. . ကိုကို ကြာဖြူကိုချစ်တယ်. . ချစ်[...]





မဟုတ်ဘူး. . ဟိုး ငယ်ငယ်တတည်းက ချစ်တာ"

"အို. . ကိုကို. ."

ကြာဖြူက ထိတ်လန့်တကြားဖြင့် သူ့ကိုကြည့်၏၊ စောမင်းခိုင်က ကြာဖြူလက်ကိုတင်းတင်းဆုပ်ကိုင်လိုက်သည်၊

ပပမျက်နှာမှာ အံ့ဩလျက် သွေးဆုတ်သလို ဖြူလျော့သွားသည်၊ ရဲတိုက်မျက်နှာကတော့ နာကျင်မှုအပြည့်နှင့်. .

"ဩော်. . ဒါကြောင့် မင်းက ငါ့ကို ကြာဖြူနဲ့ ပေး သဘောမတူတာကိုး. . ဟုတ်လား မင်းခိုင်"

ရဲတိုက်က စောမင်းခိုင်နှင့် မျက်နှာချင်းဆိုင်ရပ်ရင်း မေး၏၊

စောမင်းခိုင် ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်၊ ရဲတိုက်မျက်နှာ နီမြန်းလာသည်။

"မင်းခိုင်. . ငါမေးတာဖြေစမ်းပါကွာ. . မင်းက ကြာဖြူကိုချစ်တယ်ဆိုတော့ မင်းနဲ့စေ့စပ်ထားတဲ့ ပပကိုကော ဘယ်လိုလုပ်မှာလဲဟင်. . ဘယ်လိုလုပ်မှာလဲကွ"

"အို. . အစ်ကိုရဲတိုက် မလုပ်ပါနဲ့"

ပြောပြောဆိုဆိုနှင့်ဒေါသဖြစ်လာသော ရဲတိုက်က စောမင်းခိုင်မျက်နှာကို လက်သီးနှင့်ထိုးဖို့ပြင်၏၊ ဒါကိုမြင်သော ကြာဖြူက စောမင်းခိုင်ရှေ့ လှစ်ခနဲရောက်လာပြီး ကာတွယ်လေသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုအမူကြောင့် ရဲတိုက်ရင်မှာ နာကျင်လျက် မဲ့ခနဲ ပြုံး၏။

"သြော်. . မင်းတို့က ဒီလိုတွေလား"

ပပမှာ မျက်ရည်များဝဲလာလျက်မှ. .

"ကိုစော"

ဟု ကြေကွဲစွာခေါ်လိုက်သည်။ ပပခေါ်သံကြောင့် စောမင်းခိုင်လှမ်းကြည့်၏။

"ဟင်"

အင်မတန်မှ မျက်ရည်ကျခဲသော ပပက ခုတော့ မျက်ရည်တွေနဲ့ပါလား။

လှိုင်က ကြာဖြူကို မှန်းတီးစွာကြည့်၏။

"နင်. . နင် အရှက်မဲ့လှပါလားဟင်. . ကဲ. . "

"ဖြန်း"

"ဟာ"

"အို"

ကြာဖြူ အရိုက်ခံလိုက်ရတာကြောင့် စောမင်းခိုင်မျက်နှာနီရဲသွားသည်။ ရဲတိုက်ကတော့ အစောကတည်းက နာကျင်မှာလှည့်ထွက်သွားလေပြီ။

"လှိုင်. . နင် ဘယ်လိုလုပ်လိုက်တာလဲဟင်"





လှိုင့်ပခုံးကို ဆုပ်ကိုင်ကာ စောမင်းခိုင် အံကြိတ်မေးသည်။ လှိုင်က စောမင်းခိုင်၏ လက်များကို ပုတ်ချသည်။

"အရှက်မဲ့တဲ့ မိန်းမကို ဆုံးမလိုက်တာလေ. . ဟင်း. . သူ့ကြောင့် အားလုံး စိတ်ဆင်းရဲရပြီမဟုတ်လား. .

"လာ. . မပပ. . ဒီကိစ္စ မာမီတို့ကို လှမ်းတိုင်မယ်"

လှိုင်လက်ဆွဲခေါ်တာကြောင့် ပပ ပါသွား၏။

ကျန်ခဲ့တာက သူတို့နှစ်ယောက်တည်း။

"ကြာဖြူ"

"ကိုကိုရယ်. . အဟင့်. . ဟင့်. "

ကိုကို့ရင်ခွင်မှာ ကြာဖြူ ဝမ်းနည်းစွာ ငိုချလိုက်တော့၏။

❋❋



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ချစ်တယ်လို့ပြောလိုက်ရတာလဲ ကိုကိုရယ်"

မျက်ရည်များဖြင့် သူ့ရင်ခွင်မှ မော့ကြည့်ကာ မေးလာသူလေးကို စောမင်းနိုင် သနားလှစွာဖြင့် နဖူးလေးကို ငုံ့ကာ ရှိုက်နမ်းမိ၏။

"ကိုကို့ရင်ထဲခံစားနေရတာကို အမှန်ပြောလိုက်တာပါ ကလေးရယ်. . ပြောစမ်း. . ကလေးတော့ ကိုကို့ကို မချစ်ဘူးလား"

ကြာဖြူမျက်ရည်များဖြင့် ကိုကို့ကို တင်းတင်းဖက်လိုက်သည်။

"မေးစရာလိုသေးလား ကိုကို. . ကြာဖြူတစ်သက်မှာ အချစ်ရဆုံးလူဟာ ကိုကိုတစ်ယောက်တည်းပါ"

"ကလေးရယ်"

ဖွင့်ပြောစရာမလိုအောင် သူတို့ရင်ထဲက အချစ်ကို ကိုယ်စီသိနေကြ၏။





ယခုလို ပွင့်လင်းစွာ ပြောမိတော့ ဝန်ခံမိသားဖြစ်သွားရသည်။

"ကိုကို"

"ဟင်"

"လှိုင်တော့ အတော်စိတ်ဆိုးသွားပြီနော်"

"အင်း"

"မမပပကော အတူတူပဲ ကိုကို"

ကိုကို ဘာမှမဖြေဘဲ ငြိမ်နေသည်။

"ကိုကို ဘာလို့ မမနောက်လိုက်မသွားတာလဲဟင်"

"ဘာလို့ လိုက်သွားရမှာလဲကွယ်. . ကိုကို ချစ်တာ မင်းပဲ"

"မဟုတ်သေးဘူး ကိုကို. . တကယ်ဆို မမဟာ ကိုကိုနဲ့ စေ့စပ်ထားတာမဟုတ်လား"

"ဟင်း. . ဟုတ်တယ်"

"ဒါဆို အဲ့ဒီကိစ္စ"

"ပပ စိတ်ဆိုးပြီး ဖျက်လိမ့်မယ်ထင်တယ်"

"အို. . ဒါဆို ကိုကို့မိဘတွေ စိတ်ဆိုးမှာပေါ့"

"ဘယ်တတ်နိုင်မလဲကွယ်"

"ကိုကိုရယ်. . ကြာဖြူအတွက်နဲ့ ကိုကို့ကို လူတွေအားလုံးအပြစ်တင်ကြတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဂရုမစိုက်ဘူးကွယ်. . ကိုကို. . ဂရုစိုက်တာ ဟော့ဒီ ကြာဖြူကိုပဲ"

"ကိုကိုရယ်"

အမှန်အတိုင်းပြောရလျှင် ကိုကို့ရင်ခွင်သည် နွေးထွေးလှပါ၏။ သို့သော် သူမ နားခိုခွင့်ရှိပါသလား။

"ကြာဖြူ သိပ်ဝမ်းနည်းတာပဲ ကိုကို. . အစက ကိုကို့နဲ့ ပြန်တွေ့ရင် ကြာဖြူ သိပ်ပျော်ရမယ်ထင်နေတာ. ."

"ခုကော မပျော်ဘူးလားကွယ်"

ကိုကို့မျက်နှာကို မော့ကြည့်မိသည်။

"ဘယ်လိုလုပ်ပျော်နိုင်မှာလဲ ကိုကို. . ကြာဖြူ ပျော်ဖို့ ကိုကို က အားလုံးကို စွန့်လွှတ်ပေးရမယ်မဟုတ်လား"

"ဘာဖြစ်လဲကွယ်. . ကိုကို့ဘဝမှာ ကြာဖြူတစ်ယောက်ပဲရှိဖို့လိုပါတယ်"

"အို. . ကိုကိုရယ်"

သူမ ဘာလုပ်ရမည်နည်း။ သူမကိုယ်တိုင်လည်း ကိုကို့ကို အသည်းနင့်အောင်ချစ်လှပါ၏။ ကိုကို့ကို နောက်တစ်ကြိမ်မခွဲလိုပါ။

ကိုကိုက ကြာဖြူကျောပြင်လေးကို ဖွဖွပွတ်သပ်သည်။

"ကြာဖြူ"

"ကိုကို"





"ကိုကို့ကို ချစ်ရင်. . စိတ်ချမ်းသာအောင်နေပါကွယ်. ဘာမှ တွေးမနေနဲ့ ဖြစ်လာတဲ့ ပြဿနာအားလုံး ကိုကို ရှင်းပါ့မယ်"

ကြာဖြူ ပင့်သက်ကျိတ်ရှိုက်လိုက်၏။

"ဒါပေမဲ့. . လောလောဆယ်တော့ ကြာဖြူ အမေ့အိမ်ပြန်နေမယ် ကိုကို"

"ဖြစ်ပါ့မလားကွယ်"

သူမအသာပြုံးလိုက်သည်။

"ရပါတယ် ကိုကို. . လိုင် နောက်တစ်ခါလာလို့ ကြာဖြူကိုတွေ့ရင် ပိုစိတ်ဆိုးလိမ့်မယ်. ."

"ကြာဖြူကြောင့် ကိုကို စိတ်မညစ်စေချင်ဘူး"

ဒေါက်တာစောမင်းခိုင်က ကြာဖြူမျက်နှာလေးကို အတကြာ စိုက်ကြည့်၏။

"ကိုကို လိုက်ပို့မယ်"

"ဟင့်အင်း. . ကိုကို စိတ်ညစ်နေတာ ကားမမောင်းဝါ့ ကြာဖြူ ဘာသာပြန်လို့ရပါတယ်. ."

"ကြာဖြူ ပစ္စည်းတွေ သွားသိမ်းလိုက်မယ်နော်"

သူ တားပိုင်ခွင့်မရှိတာမို့ ကြာဖြူကို လွှတ်လိုက်ရ၏။ ကြာဖြူဟာ သူ့အပေါ် အစစအရာရာ နားလည်သူလေးပါလား။

❋❋



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့အလုပ်ကိုရောက်တော့ ရဲတိုက်စိုးကို ရုံးခန်းမှာ စောစီးစွာတွေ့ရ၏။ သူ့မျက်လုံးများမှာ ညက အိပ်ရေးပျက်ထားကြောင်း ပြနေသလိုပါပဲ။

သူမ တံခါးကို တွန်းဖွင့်ဝင်လိုက်သည်။

“အစ်ကို ရဲတိုက်”

“ဘာ. . အစ်ကို ဟုတ်လား. . ဟွန်း. . မင်းမှာ အစ်ကိုတွေများလှချည်လားဟင်. . ဒီမှာ. . မင်း. . ငါ့ကို အစ်ကိုလို့ ဘယ်တော့မှ မခေါ်နဲ့”

ရဲတိုက်စိုးက ဘောင်းဘီအိတ်ထဲလက်နှိုက်ကာ စားပွဲတိုပတ်ကာ လျှောက်ပြီး သူမရှေ့ရပ်လျက် ပြောလာ၏။

သူမ ခေါင်းငုံ့ကာ မျက်လွှာချထားမိသည်။

“ဒီမှာ ဖြူ. . မင်း ကိုယ့်ကိုကြည့်စမ်းပါဦး”

သူ့အမိန့်အတိုင်း မော့ကြည့်မိ၏။ စိတ်မကောင်းဖြစ်သွားရသည်။ သူ့မျက်နှာက တစ်စုံတစ်ရာကို နာကျင်ကြေကွဲနေဟန်၊ မော့လာသော သူမ မျက်နှာကို သူ ခပ်စူးစူးကြည့်၏။





“ပြောစမ်းပါ ဖြူ. . မင်း တကယ်ပဲ မင်းခိုင်ကိုချစ်နေတာလား”

သူမ နှုတ်ခမ်းလေးကို ဖိကိုက်မိသည်။ သူမ ဘယ်လိုပြောရမလဲ။ ကိုကိုနဲ့ ပြန်တွေ့ဖို့ သူမ အချိန်များစွာ မျှော်လင့်ခဲ့ရတာပါ။

တိတ်ဆိတ်နေသော သူမကို သူ အားရဟန်မရှိ၊ သူမ ပခုံးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ကာ. .

“ဟင်. . ဖြူ. . ကိုယ်မေးနေတာဖြေစမ်းပါ”

“ကျွန်မ. . ကျွန်မ ဘာပြောရမှာလဲ”

“မင်း. . မင်းခိုင်ကိုချစ်နေလား၊ အဲ့ဒါ ကိုယ်သိချင်တာကွ”

သူ စိတ်ရှည်မရှိပုံမျိုးနဲ့ မေးပြီးမှ နောင်တရသွားသည်။

“ဆောရီး. . ကိုယ် စိတ်လောသွားတယ်. . ဖြူ”

“ရပါတယ်. . အစ်ကိုမေးတာကို ကျွန်မ ဖြေပါ့မယ်. .

“ကျွန်မ. . ကျွန်မ. . ကိုကို့ကို ငယ်ငယ်လေးကတည်းက ချစ်ခဲ့တာပါ. . ”

“ဘာ”

ရုတ်တရက် သူမ ပခုံးကို ဆုပ်ကိုင်ထားသော လက်တွေ ပြုတ်ကျသွား၏။ သူ မယုံနိုင်သလို အံ့သြမင်တက်စွာ သူမကို စိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အချစ်ဆုံးမိန်းကလေးက တခြားယောကျ်ားတစ်ယောက်ကို ချစ်နေတာတဲ့. . ကဲ. . ဘယ်လောက်ကြေကွဲစရာကောင်းသလဲ။

"မင်း. . မင်း တကယ်ပြောနေတာလားဖြူ"

သူမ၏ ထပ်မံ၍ ခေါင်းအညိတ်မှာ သူ့တစ်ကိုယ်လုံး ညွတ်ကျချင်သွားရသည်။

ရက်စက်လိုက်တာ

သူမဟာ သူ့အပေါ်မှာ နည်းနည်းလေးမှ ဟန်မဆောင်ပါလား။

တကယ်ဆို နည်းနည်းလေးဖြင့် လိမ်ညာပြောလျှင် သူ စိတ်သက်သာရာရဦးမှာပါ။

"လုံးဝမဖြစ်နိုင်ဘူး. . လုံးဝ မဖြစ်နိုင်ဘူးကွ. . မင်းတို့. . မင်းတို့ အဲ့ဒီလိုလုပ်ရင်ပဲ. . ပပကို ဘယ်သွားထားမလဲ. . မင်းခိုင်နဲ့ ပပဟာ စေ့စပ်ထားတယ်ဆိုတာ မင်း သိပါတယ်နော်"

သူမ အံကြိတ်လိုက်မိ၏။ သည်အကြောင်းတွေးမိတိုင်း သူမ ရင်မှာနာကျင်လှပါ၏။ ထို့ကြောင့် တိုးတိတ်စွာပင်ဖြေမိသည်။

"ကျွန်မသိပါတယ်"

"ဒါနဲ့များ. . မင်း. . "

"ကျွန်မ. . ကိုကိုနဲ့မမ လက်ထပ်သွားလဲ ကိုကို့အပေါ် တစ်သက်လုံး ချစ်နေမှာပါ"





စောမင်းခိုင်နေရာမှာ သူသာဖြစ်လိုက်ချင်တော့၏။

သည်ကလေးပရဲ့အချစ်ကို ရဖို့ဆိုရင် သူ ဘာပဲလုပ်ရလုပ်ရပါ။

"ဖြူ. . မင်းခိုင်မှာ ပပရှိနေတယ်ဆိုတာတောင် မင်း ချစ်နေတယ်နော်. ."

"တကယ်ဆို ဒါဟာ မဖြစ်သင့်ဘူးဆိုတာ မင်းသိရဲ့လား"

"ဟုတ်ကဲ့"

"ဖြူရယ်. . ဒါနဲ့များ၊ ဒီမှာဖြူ တကယ်တော့ မင်း မင်းခိုင်အပေါ် အစ်ကိုတစ်ယောက်လို ချစ်နေတာမဟုတ်လားဟင်"

"ကျွန်မ မပြောတတ်ဘူး. . ကျွန်မ ကိုကို့ကို ချစ်တာပဲသိတယ်"

"ချစ်တယ်. . ချစ်တယ်. . အဲ့ဒီအကြောင်း မင်း ကိုယ့်ရှေ့မှာ ခဏခဏပြောနဲ့. ."

"မင်းကြောင့် ကိုယ် တစ်ညလုံး အိပ်ရေးပျက်ပြီး ဘယ်လောက်ခံစားရတယ်ဆိုတာ သိလား"

"ကျွန်မ. . စိတ်မကောင်းပါဘူး"

"မင်းဆီက ငါ အဲ့ဒီစကားကြားချင်တာမဟုတ်ဘူးကွ. . ကျေးဇူးပြုပြီး မင်း ကိုယ့်ရှေ့ကထွက်သွားပေးပါ"

"ကျွန်မကို ခွင့်ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမ တိတ်တစ်ဆိတ်ပင် ထိုနေရာမှ ထွက်ခဲ့သည်။

ရဲတိုက်စိုး အံကြိတ်ကျန်ခဲ့သည်။ မိန်းကလေးတိုင်းတို့ လှည့်စားနိုင်ခဲ့သောသူသည် ကြာဖြူနှင့်တွေ့မှ ဝဋ်လည်နေသလား။

❋

"ညှိသည်ဆိုလို့ ကိုယ်က ဘယ်သူများလဲလို့"

"ဟုတ်တယ်. . ကျွန်မ ကိုစောကိုတွေ့ချင်တာနဲ့ အလုပ်တောင် မဆင်းဘူး"

အမြဲတမ်း မိတ်ကပ်ခြယ်သမပျက်သော ပပထက်ယောက်။ ခုတော့ ကပိုကယိုအသွင်ဖြင့် စိတ်ဆင်းရဲမှုကို ပြနေသယောင်ပါ။

"ပတို့ တစ်နေရာမှာ အေးအေးဆေးဆေး စကားပြောရင်း နေ့လယ်စာ စားရအောင်"

"အင်း. . သွားလေ"

"ပပ ကားဒီမှာထားခဲ့မယ်. . ကိုစောကားနဲ့ သွားရအောင်နော်"





"အင်း"

စောမင်းခိုင် ကိုယ်တိုင်လည်း ပပနဲ့ပြောစရာစကားတွေရှိနေပါ၏။ ကားကို သူ မောင်းလိုက်သည်။

"ဘယ်သွားမလဲ. . ပဝ"

"ကိုစော ကြိုက်တာသွားပါ"

သူ နောက်ထပ်ဘာမှ မမေးတော့ပေ။ လူရှင်းကာ တိတ်ဆိတ်သော စားသောက်ဆိုင်သို့ သူ မောင်းခဲ့၏။ သီးသန့်အခန်းကိုယူလိုက်သည်။ စားစရာတွေကိုလည်း သူပဲ ဦးဆောင်မှာလိုက်၏။ ပပကြည့်ရတာ ကျောက်ရုပ်တစ်ခုနှယ်။

"ကိုယ်. . ပပကို တောင်းပန်ချင်တယ်"

"ဟင့်အင်း. . ကျွန်မကို မတောင်းပန်ပါနဲ့. . ကျွန်မတသာ ကိုစောကို တောင်းပန်ပါရစေ"

"ဟင်"

အပြစ်ရှိတာ သူဟု ယူဆထားပါလျက် ပပက ဘာ့ကြောင့် အလျှင်တောင်းပန်ချင်ရတာပါလိမ့်။

"ဟုတ်ပါတယ် ကိုစော. . ကိုစော မနေ့က ကြာဖြူကို ချစ်တယ်ဆိုတာ စိတ်လှုပ်ရှားပြီး ပြောလိုက်တာ မဟုတ်လားဟင်"

မျှော်လင့်ချက် မျက်ဝန်းများဖြင့် ပပက သူ့ကိုကြည့်ကာ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းချလျက် ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး . . ကိုယ် . . ကြာဖြူကို တကယ်ချစ်တာပါ"

"အို"

ဖျက်ယွင်းသွားသော ပပမျက်နှာကိုကြည့်ကာ သူ့ကိုယ်သူသာအပြစ်တင်မိ၏။

"ကိုစော . . ဘယ်လိုပြောလိုက်တာလဲဟင် . . ကြာဖြူကို ချစ်နေတယ်ဆိုရင်တောင်မှ ပပရှေ့မှာ ဒီလိုမပြောသင့်ပါဘူး . .

"ပပဟာ ကိုစောစေ့စပ်ထားတဲ့ မိန်းကလေးပါ"

"အဲ့ဒီအတွက် ကိုယ် တောင်းပန်ချင်တာပါ . . ပပ ကိုယ်ကိုယ်တို့ စေ့စပ်ထားတာကို ဖျက်လိုက်ကြပါစို့"

"ဟင် . . ဘယ် . . ဘယ်လိုပြောလိုက်တာလဲ ကိုစော . . ကိုစောဟာ လူကြီးလူကောင်းတစ်ယောက်ပါ . . ဒီလိုစကားမျိုး ဘယ်လိုမှ မပြောသင့်ဘူးဆိုတာ သိသင့်ပါတယ်"

သည်တော့လည်း သူ ခေါင်းငိုက်စိုက်ကျသွားရပါ၏။ တကယ်တော့ သူတို့အရွယ်တွေဟာ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာတို ထိန်းသိမ်းရမည်ဆိုတာ နားလည်ပါသည်။

"ဒီမှာ ကိုစော . . ကိုစော ဒီလိုစကားမျိုး ပြောတာ ဝဝ သိပ်ဝမ်းနည်းတယ် . .

"ကိုစောတို့ ပပတို့အရွယ်ဟာ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာတို တန်ဖိုးထား ထိန်းသိမ်းရမယ့်လူတွေပါ"





"ဒါပေမဲ့ ကိုယ့်မှာ"

"ဟင့်အင်း . . ကိုစော ဆက်မပြောနဲ့ . . ပပ မကြားချင်ဘူး . .

"ပပဟာ ဘယ်သူ့ကိုမှ အရှုံးပေးခဲ့တဲ့ မိန်းမ မဟုတ်ဘူး၊ ဒါကြောင့် ဒီကိစ္စမှာလဲ ပပ အရှုံးမပေးနိုင်ဘူး . .

"တကယ်တော့ ကိုစောရယ် . . အရှုံးမပေးနိုင်ဘူးဆိုတာထက် ကိုစောကို မစွန့်လွှတ်နိုင်တာပါ"

"ပပရယ်"

ပပ ပါးပြင်ပေါ်က မျက်ရည်တွေကို သူ သုတ်ပေးချင်ပါ၏။ ဒါပေမဲ့ သူ့လက်တွေ ဘာကြောင့် တုံ့နှေးနေရတာပါလိမ့်။

❋❋



www.burmeseclassic.com

www.burmeseclassic.com



လှိုင်၏အကြောင်းကြားချက်ကြောင့် မာမိတို့ အမြန်ဆုံး ပြန်ရောက်ခဲ့သည်။ ရောက်တာနှင့် လှိုင်နှင့်မာမိက ကြာဖြူ့မိခင်ထံ သွားရောက်တွေ့ဆုံခဲ့၏။

"ကိုယ့်သမီး ကိုယ်ဆုံးမပါ. . ထိန်းသိမ်းပါ. . ရှင့်ရဲ့သမီးနဲ့ ကျွန်မသား တူလား တန်လားဆိုတာ စဉ်းစားကြည့်ပါဦး. .

"ကျွန်မသားကို ပပနဲ့ စေ့စပ်ထားမှန်းသိရက်နဲ့ အပိုင်ဖမ်းတာ ဘာသဘောလဲ. .

"သားသနားတတ်တာကို အခွင့်အရေးမယူပါနဲ့. . "

မျက်နှာထားတင်းတင်းဖြင့် သမီးချင်း မစာနာစွာပြောသွားသော ဒေါက်တာစောမင်းခိုင်၏ မိခင်ကို ဒေါ်ခင်မျက်ရည်စက်လက်ဖြင့် ကြည့်နေရပါသည်။

သမီးမိုက်. .

သည်လိုအပြောခံရတာ မိမိရဲ့ သမီးမကောင်းလို့ပဲ။

"ဟင်. . အမေ ငိုနေတယ်"

အလုပ်မှ ပြန်ရောက်လာသော ကြာဖြူက မိခင်ကိုတွေ့တော့ အံ့ဩမေး၏။





"အမိုက်မ"

"မြှန်း"

"အမေ့"

တစ်သက်မှာ တစ်ခါမှ မရိုက်ဖူးသော သမီး၏ပါးပြင်နုနုကို ဒေါ်ခင်နာကြည်းစွာ ရိုက်မိပြီ။

ကြာဖြူမှာ ပါးနာကျင်သွားတာထက် အသည်းက ပိုနာကျင်သွားသည်။

"အမေ. . အမေ. . သမီး ဘာလုပ်လို့လဲ အမေရယ်"

"ဟင်. . ဘာလုပ်လို့လဲဟုတ်လား. . ခုပဲ ဒေါက်တာစောမင်းခိုင်ရဲ့ အမေနဲ့ညီမပြန်သွားဟဲ့. . နင့်ကိုကော ငါ့ကိုကောဘယ်လိုပြောဆိုသွားတယ်ဆိုတာ သိရဲ့လား အမိုက်မရဲ့. . "

"အို"

သည်လိုဆို သူမ သဘောပေါက်လိုက်ပါပြီ။ နဂိုကမှ အဆင့်အတန်းခွဲခြားသော လှိုင်တို့သားအမိ စိတ်ဓာတ်ကို သူမ ကောင်းကောင်းသိတာပေါ့။

"နင် ဘာကြောင့် ဒီလိုအရှက်ခွဲရတာလဲဟင်. . ကိုယ့်တိုမြှတ်မြှတ်နိုးနိုးလာတောင်းတဲ့ မောင်ရဲထိုက်စိုးကိုကျတော့ လက်မခံဘဲနဲ့"

"သမီး. . သူ့ကို မချစ်ဘူး အမေ"

မျက်ရည်များကျလျက်မှ သူမ အံကြိတ်ပြီ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ဒါဆို နင့်ကို ကိုဝင်းအောင်သဘောတူတဲ့ ဟို လူကြီးနဲ့ ပေးစားမယ်"

"ဟင် . . အမေရယ်၊ ဒီလိုတော့ မလုပ်ပါနဲ့"

အမေ့ကို ပြေးဘာ တောင်းပန်မိ၏။ အမေ လက်မခံတော့။

"လုပ်ရမယ် . . ငါ့ကို အရှက်ခွဲမယ့်အတူတူ . . နင့်ကို လင်ပေးစားလိုက်တာ အေးတယ်"

"ဟင့်အင်း . . ဟင့်အင်း . . သမီး အဲ့ဒီလူကြီးကို လက်မထပ်ဘူး"

"ဒါဆို . . မောင်ရဲတိုက်စိုးကို စဉ်းစား . . ဒါပဲ"

ထို့နောက် အမေ ချာခနဲလှည့်ထွက်သွားသည်။ သူမ ဝမ်းနည်းစွာ ငိုရှိုက်ရင်းကျန်ခဲ့၏။

"ဘယ်လိုလုပ်ကြမလဲ ကိုကိုရယ်"

ကိုကိုနှင့်တွေ့တော့ သူမ မျက်နှာညှိုးနေသည်။

"ကြာဖြူ . . မျက်နှာလဲ မကောင်းပါလားကွယ်"

"ကိုကို . . ကိုကိုဘာမှ မသိပါလား၊ . . အမေက ကြာဖြူကို အိမ်ထောင်ချပေးမလို့တဲ့"

"ဘယ်သူနဲ့လဲ ကြာဖြူ"

"အမေသဘောတူတဲ့လူနဲ့"

"ဟင် . . ဒါဆို ကြာဖြူ ဘယ်လိုလုပ်မလဲ . . အန်တီက





ဘာကြောင့် ခုလို ချက်ချင်း စီစဉ်တာလဲ"

ဘာမှမသိရှာသေးသော ကိုကို့မျက်နှာကိုငေးကြည့်မိ၏။

"တစ်နေ့က အမေ့ဆီ ကိုကို့မာမီနဲ့ လျှိုင် လာသွားတယ်"

"ဟင် . . သူ . . သူတို့"

"ဟုတ်တယ် ကိုကို . . သူတို့ပြောတဲ့စကားတွေအောက်မှာ အမေဟာ ငြိမ်ခံခဲ့ရတာပါ . .

"နောက်ဆုံးတော့ ကျွန်မဟာ အမေ့ကို အရှက်ခွဲတဲ့ သမီးပေါ့ ကိုကိုရယ်"

"ကြာဖြူရယ် . . ကိုကို စိတ်မကောင်းလိုက်တာ . . မာမီတို့ကိုယ်စား ကိုယ် တောင်းပန်ပါတယ်ကွယ် . . "

"မလိုပါဘူး ကိုကိုရယ်၊ ဒါဟာ ကြာဖြူကံပါ"

"မဟုတ်ဘူး . . မငိုနဲ့ကြာဖြူရယ် . . ကိုကိုကြောင့် မင်းမျက်ရည်မကျရဘူး"

သူပြောရင်း ကြာဖြူပါးပြင်ပေါ်မှ မျက်ရည်တွေကို သုတ်ပေးလိုက်၏။

"ဒီမှာ ကြာဖြူ . . ကြာဖြူ ကိုကို့နောက်လိုက်ရဲတယ် မဟုတ်လား"

"ဟင်"

"ဟုတ်တယ် . . ကိုကိုနဲ့ ကြာဖြူ ဒီကထွက်ပြေးမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

"ဘာလဲဟင်. . ကြာဖြူ မလိုက်ရဲဘူးလား"

"မ. . မဟုတ်ပါဘူး ကိုကို. . အဲ့ဒီလိုလုပ်ရင် ကြာဖြူတို့ကို အားလုံးက စိတ်ဆိုး. ."

"ကျွတ်. . အဲ့ဒါတွေ ထည့်မတွေးပါနဲ့ကွာ. . အဓိက ကိုကိုတို့နှစ်ယောက် မခွဲရဖို့မဟုတ်လား. . ကြာဖြူ ကိုကို့ကိုချစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

ကြာဖြူ ခေါင်းလေးညိတ်တော့ သူ ကျေနပ်စွာပြုံး၏။

"ဒါဆို ဘာလို့သေးလဲ ကြာဖြူရယ်. . ကိုကိုလဲ ကြာဖြူကို ချစ်တာပဲ. ."

"မနက်ဖြန် ကိုကို့ကို ဒီနေရာက စောင့်နေ. . ဟုတ်လား"

"ဟုတ်ကဲ့ ကိုကို"

"ကြာဖြူ. . ညကျရင် ဘာမှမစဉ်းစားပဲ အိပ်နော်"

"ဟုတ်ကဲ့"

"ကြာဖြူက သိပ်လိမ္မာတာပဲကွယ်"

ကိုကိုက သူ့မနဖူးလေးကို ညင်သာစွာ တစ်ချက်နမ်း၏။

ထို့နောက် သူတို့ လမ်းခွဲခဲ့ကြသည်။

❀❀





ရင်တွေခုန်ကာ စောင့်မျှော်နေသူက ကြာဖြူပါ။ ကိုကို ပြောတဲ့အတိုင်း သူမ ဒီမှာ လာစောင့်နေလိုက်၏။

ကိုကိုနဲ့ တကယ်ပဲ ဘဝတစ်ခုကို တည်ဆောက်တော့မည်။ ဘယ်လောက်ပျော်စရာကောင်းလဲ။

အမေ့တိုတော့ ခွင့်လွှတ်ဖို့စိတ်ထဲမှ အကြိမ်ကြိမ်တောင်းပန်ခဲ့သည်။

"သမီး. . ကိုကို့ကို ချစ်လို့ပါ အမေရယ်. ."

ထိုအချိန်တွင် ဒေါက်တာစောမင်းခိုင် ယူစရာရှိတာများ ယူကာ အိမ်မှအထွက် ဖုန်းခေါ်သံကြောင့် ကိုင်လိုက်တော့. .

"ဟုတ်ကဲ့. . ကျွန်တော် ခုပဲ လာခဲ့ပါမယ်"

လက်မှ နာရီကိုကြည့်လိုက်၏။ သည်အချိန် ကြာဖြူ စောင့်နေမှာပဲ. . မတတ်နိုင်။ ပပကို အလျှင်ဝင်ကြည့်မှဖြစ်မည်။ သူဟာ ဆရာဝန်တစ်ဦး၊ လူနာတွေရဲ့အသက်ကို ကယ်နေတဲ့ လူတစ်ယောက်က ကိုယ်နဲ့ပတ်သက်နေတဲ့လူနာတစ်ယောက်ကို လျစ်လျူရှုဖို့ဆိုတာ မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဆေးရုံရောက်တော့ ပပ၏ မိခင်က ငိုရှိုက်ကာဆီး၍ အပြစ်တင်သည်။

လူနာ သတိရလာပြီ။

"သမီး. . သမီး"

"ပပ. . ပပ"

"အင်း. . ကို. . ကိုစော"

ပပ နှုတ်ဖျားမှ ပထမဆုံးထွက်လာသော နာမည်ဟာ သူ ဖြစ်နေပါလား။

"ပပ. . ပပ. . ကိုယ် အနားမှာရှိတယ်လေ"

ပပ မျက်လုံးတွေ အားယူဖွင့်ကာ သူ့ကိုကြည့်သည်။ သူ့ကိုတွေ့တော့ ပပ နှုတ်ခမ်းတွေ ပြုံးလာ၏။

"ကို. . ကိုစော. . ပပ အနားက ဘယ်မှမသွားနဲ့နော်. ."

"စိတ်. . စိတ်ချပါကွယ်"

ပပက ပြန်လည်အိပ်ပျော်သွားပြီ။

ထိုညအဖို့ သူ. . ပပအနားမှာ တစ်ညလုံး ထိုင်စောင့်မိတော့၏။

နာရီကို မကြာခဏကြည့်မိကာ အံတင်းတင်းကြိတ်မိ၏။

ကိုကို့ကို ခွင့်လွှတ်ပါတော့ ကလေးရယ်။

တစ်ဖက်မှ ကြာဖြူမှာ မိုးချုပ်လာတာနှင့်အမျှ မျက်ရည်တွေဝိုင်းလာ၏။





ကိုကို. . ကိုကို. .

ဘာ့ကြောင့် မလာတာလဲကွယ်။

ကြာဖြူ ကိုကို့ကို စောင့်နေပါတယ်။

သို့သော်. . မိုးက စုန်းစုန်းချုပ်သွား၏။ ကိုကိုကတော့ ပေါ်မလာပါ။

ကိုကိုရယ်. .

ကြာဖြူခေါင်းငိုက်စိုက်ချကာ အိမ်ပြန်ခဲ့ရပြီ။

ကြာဖြူ မျက်ရည်တွေကို ကိုကို မမြင်တာဝမ်းသာပါတယ် ရှင်။

❋❋



www.burmeseclassic.com

www.burmeseclassic.com



သူမကို လာရောက်တွေ့ဆုံနေသော ပပ၏ မိခင် ခေတ်မီချောမောသော အမျိုးသမီးကြီးကို ငေးကြည့်မိသည်။ စိန်နား ကပ်ရောင်တဖျပ်ဖျပ်လက်နေသော်လည်း သမီးအပေါ် ပူပန်သော မိခင်၏ ညှိုးနွမ်းသည့် မျက်နှာကိုတွေ့နေရသည်။

ပပ၏ မာမီက တောင်းပန်သော မျက်လုံးဖြင့် သူမကို ကြည့်သည်။

"သမီးဟာ စိတ်ကောင်းရှိတဲ့ မိန်းကလေးတစ်ယောက်လို့ အန်တီယုံကြည်ပါတယ်ကွယ်. . ဒါ့ကြောင့်. ."

ပပ မာမီက စကား မဆက်ဘဲ ရပ်ထားသည်။

"ပြောပါ အန်တီ. . ကျွန်မကို အားမနာပါနဲ့. ."

"အေးကွယ်. . သမီးချင်း ကိုယ်ချင်းမစာလို့ ပြောတာ မဟုတ်ပါဘူး. .

"ဒါ့ကြောင့် ဖြစ်နိုင်ရင်. . သမီးလေးက နောက်ဆုတ်ပေးပါလို့ အန်တီ တောင်းပန်ချင်ပါတယ်. .





"အဲဒီအတွက်လဲ အန်တီ ကျေးဇူးမမေ့ပါဘူးကွယ်. ."

နောက်ဆုံးတော့ ဘာကိုဆိုလိုတယ်ဆိုတာ သူမ သဘောပေါက်လိုက်ပါ၏။ ကိုကို ကိုယ်တိုင်လည်း ခုချိန်မှာ ပပအနားမှာ မဟုတ်လား။ သူမသာ ကိုကို့အနားမှာမရှိလျှင် ကိစ္စအားလုံး အဆင်ပြေမည်ဖြစ်သည်။

ယခုတော့ ကိုကိုသည် သူမကတစ်ဖက် ပပက တစ်ဖက်နှင့် ဆုံးဖြတ်ရခက်နေပြီ။ ကိုကို့ကိုသနားသောကြောင့် သူမ အံကြိတ်ကာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

"ကျွန်မ နားလည်ပါပြီအန်တီ. . မပပကို စိတ်ချမ်းသာအောင်နေပါလို့ ပြောပေးပါရှင်"

"အို. . သမီးလေးရယ်၊ အန်တီ အန်တီ. . ဝမ်းသာလိုက်တာ၊ သမီးလေးဟာ တတိတ်စလုံးကို တန်ဖိုးထားမယ့်မိန်းကလေးဆိုတာ အန်တီ ယုံကြည်ပါတယ်ကွယ်. .

"ဒါက ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ အန်တီ သမီးကိုကျေးဇူးဆပ်တာပါ"

ပပ၏မိခင်က ချက်လက်မှတ်တစ်စောင်ထုတ်ပေးလာသည်။ သူမ ရင်ထဲ နာကျင်သွားရ၏။

"အို. . ဟင့်အင်း. . ကျွန်မ လက်မခံပါရစေနဲ့ အန်တီ. . ကျွန်မ ကိုကို့ကို စွန့်လွှတ်တာ ဘာမျှော်လင့်ချက်မှ မပါဘူး. .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကျွန်မကို သွားခွင့်ပြုပါရှင်"

ထို့နောက် သူမ နေရာမှ ထွက်ပြေးခဲ့၏။ ကြေလွင့်သွားသော မျက်ရည်စက်တို့က သူမကို လှောင်နေသယောင်။

ကိုကိုရယ် . .

အစကတည်းက ပြန်မတွေ့ကြရင် ကောင်းသားရှင် . .

ကိုကိုနဲ့ပတ်သက်ပြီး သူမ အိပ်ရေးပျက်ခဲ့တဲ့ညတွေ များပါပြီ။

နောက်နေ့အလုပ်ဝင်ချိန်မှာ သူမ ဟန်ဆောင်မျက်နှာဖြင့် ရောက်လာ၏။

ရုံးခန်းထဲရောက်တော့ အစ်ကိုရဲတိုက်စိုးက ခေတ်မီချောမောသော မိန်းကလေးတစ်ယောက်နှင့် ရယ်မောတာ စကားတွေ ပြောနေသည်။

သူမ ဝင်လာတာမြင်တော့ မျက်နှာတည်သွား၏။

"ဪ . . မင်းရောက်လာပြီကိုး . . အတော်ပဲ ဒီမှာ ညီသည်အတွက် ကော်ဖီဖျော်ပေးပါ"

"ရှင် . . ဟုတ် . . ဟုတ်ကဲ့"

သူမရင်ထဲကျင်ခနဲဖြစ်သွား၏။ သူဟာ သူမကို ဘယ်တုန်းကမှ ဤကဲ့သို့ မခိုင်းဖူးပါ။ သူ . . သူမအပေါ် နာကျင်နေတာ သိပါ၏။





သူမဖျော်သော ကော်ဖီကိုကြိုက်တယ်ဟု ဆိုကာ မကြာခဏ သူ့အတွက် ဖျော်ပေးရတာရှိသည်။

အို . . သူမဟာ သူ့ဝန်ထမ်းပဲ . . သူ ခိုင်းတာလုပ်ပေးရမှာပေါ့။

သူမ ကော်ဖီဖျော်ပြီး ယူလာလိုက်၏။

"ကော်ဖီ . . ရပါပြီ"

"ထားခဲ့"

"ဟုတ်ကဲ့"

သူမ ကော်ဖီလင်ပန်းချပြီး နေရာမှ လှည့်အထွက် . .

"အို"

"ဟင် . . ဖြူ"

ထိုအသံသာ နောက်ဆုံးကြားလိုက်ရ၏။ အိပ်ရေးပျက်ခဲ့သော ညတွေကြောင့် သူမ ခေါင်းမူးကာ သတိလစ်သွားရပြီ။

သတိလစ်သွားသော ကြာဖြူကို စိုးရိမ်သဖြင့် ရဲတိုက်ပြေးပွေ့လိုက်ရ၏။ တကယ်တမ်းမှာ သူမအပေါ် စိတ်နာချင်ပေမဲ့ မရပါ။

ဟန်ဆောင်၍ သူမကို ခပ်စိမ်းစိမ်းဆက်ဆံနေရပေမဲ့ သူကိုယ်တိုင် ရင်ထဲနာကျင်နေတာပါ။

မင်း ဘာ့ကြောင့်များ ကိုယ့်ကို မချစ်နိုင်တာလဲ မိန်းကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ . . ဖြူ"

"အင်း . . အင်း"

"ဟင် . . ဖြူ သတိရလာပြီ"

သူမ မျက်စိအားယူဖွင့်ကြည့်လိုက်တော့ ရုံးခန်းနားနေခန်းမှာ ရောက်နေတာ တွေ့ရသည်။

သူမကို ငုံ့စိုက်ကြည့်နေသော ရဲတိုက်စိုး၏ စိုးရိမ်သောမျက်လုံးများကို မြင်လိုက်ရတော့၏။

"ကျွန်မ . . ကျွန်မ ဘာဖြစ်သွားတာလဲဟင်"

"မင်း မူးလဲသွားလို့ . . ကိုယ် ခုပဲ မင်းအတွက် ဆရာဝန်ခေါ်မလို့ . . ဒါပေမဲ့ ကိုယ် စဉ်းစားနေတာက မင်းခိုင်တို့ လှမ်းခေါ်မလို့"

"ဟင့်အင်း . . ဟင့်အင်း . . သူ့ကို မခေါ်ပါနဲ့"

ခါးခါးသီးသီး သူမ အပြုအမူကြောင့် ရဲတိုက်မျက်ခုံးများတွန့်သွားသည်။

"ဘာဖြစ်လို့လဲ"

"အစ်ကိုရဲတိုက် မသိဘူးလားဟင် . . မမပပ ဆေးရုံရောက်နေတယ်"

"ဟင်"

သည်သတင်း သူ ဘာကြောင့် မကြားမိလိုက်တာပါလိမ့်။





"ဒါဆို . . စောမင်းခိုင်က"

"ကိုကို . . မမပပအနားမှာလေ"

"ကြော်"

ရဲတိုက်စိုးက တစ်စုံတစ်ရာကို သဘောပေါက်သွား၏။ သည်ကလေးမ သဘောထားကြီးလှပါလား။

"ဒါပေမဲ့ မင်း ဒီလိုဖြစ်တာ အကြောင်းကြားရမယ်မဟုတ်လား"

"နေပါစေ . . ကျွန်မကြောင့် ကိုကို စိတ်ဒုက္ခမရောက်စေချင်ဘူး"

"မင်း . . အတော်သဘောထားကြီးပါလား ဖြူ . . ဒါဆို . . ပပနဲ့ပတ်သက်ပြီး စောမင်းခိုင်ကို မင်း စွန့်လွှတ်ရမယ်ဆိုတာ သိရဲ့လား"

သူမ မျက်လုံးတွေ ရီဝေသွားကာ တိုးတိုးဖြေလိုက်၏။

"သိပါတယ်"

"ဟင် . . ဒါဆို"

"ဟုတ်တယ် . . ကျွန်မ ကိုကိုနဲ့ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဟာ"

သူ လုံးဝမျှော်လင့်မထားသော အခြေအနေကြောင့် ငိုင်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



စောမင်းခိုင်နှင့် မပတ်သက်လျှင် သူမ အချစ်ကို သူ မျှော်လင့်လို့ရတာပဲ။

ထို့ကြောင့် သူမ မျက်နှာကို ပြုံးစိုက်ကြည့်ရင်း . .

"ဖြူ . . ဘာမှအားမငယ်နဲ့နော် . . ကိုယ်တစ်ယောက်လုံး မင်း ဘေးနားမှာရှိတယ် သိလား . ."

"အို . . ကျွန်မ . ."

"ဘာမှ စဉ်းစားမနေပါနဲ့ ဖြူရယ် . . ခုချိန်မှာ ဖြူ ကောင်းကောင်း အနားယူဖို့လိုတယ် . . ကဲ အိပ်လိုက်နော်"

ရဲတိုက်စိုးက ကြင်နာစွာဖြင့် သူမ ကိုယ်ပေါ်သို့ စောင် လွှမ်းခြုံပေး၏။

အိပ်ရေးပျက်တာများပြီဖြစ်သော သူမမှာ နှစ်ခြိုက်စွာ ပြန်လည်အိပ်ပျော်သွားရတော့၏။

❋❋





ဒေါက်တာစောမင်းခိုင်အဖို့ ပပအနားက မခွာရဲအောင် ဖြစ်နေပါ၏။ ပပမှာ အိမ်ပြန်ရောက်ပြီဖြစ်ပေမဲ့ အနားယူနေရ သည်။ သူမလာလျှင် ဖုန်းဆက်ခေါ်တတ်၏။

သူ့မိဘတွေပါ ပြန်ရောက်နေတာကြောင့် လူကြီးတွေ မျက်နှာထောက်ကာ ပပအနားမှာနေနေရသည်။

ဒက်ဒီကတော့ . .

"သားဟာ . . ယောကျ်ားကောင်းတစ်ယောက်လို့ ဒက်ဒီ ယုံတယ်၊ ပပဟာ သားနဲ့လူသိရှင်ကြား စေ့စပ်ထားတဲ့ မိန်းကလေး ပဲ . . ဒီတော့ သားဟာ ကိုယ့်တာဝန်ကိုယ်ယူလိမ့်မယ်လို့ ဒက်ဒီ ယုံတယ်"

သူ ဘာပြောရမည်နည်း။ တစ်ဖက်က သိပ်ချစ်ရသော မိန်းကလေး၊ တစ်ဖက်က စေ့စပ်ထားမိသော မိန်းကလေး . .



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူ သက်ပြင်းကိုသာ အခါခါ ကျိတ်ချမိရသည်။

ကြာဖြူ. . ကြာဖြူကို သူ သိပ်တွေ့ချင်နေ၏။ ကြာဖြူ အလုပ်ရှိရာသို့လည်း မသွားချင်၊ ရဲတိုက်ဝိုးရှိနေသည်မဟုတ်လား။

"ကိုစောလာရင် ပပအတွက် မုန့်ဝင်ဝယ်ခဲ့ပါ" ဟု ဆိုတာကြောင့် ဒီနေ့ သူ မြို့ထဲရောက်ခဲ့သည်။

"ဟင်. . ကြာဖြူ"

ကြာဖြူက ရုတ်တရက် သူ့ကိုမမြင်၊ အမေစားချင်တယ်ဆို၍ ကြာဖြူ ပန်းသီးလာဝယ်တာပါ။

သူ. . ကြာဖြူနားရောက်သွား၏။

"ကြာဖြူ"

"ဟင်. . ကိုကို. . "

ကြာဖြူ ဝမ်းနည်းစွာ သူ့ကိုမော့ကြည့်၏၊ မတွေ့ရတဲ့ ရက်အတွင်းမှာ ကြာဖြူ မျက်နှာလေး အနည်းငယ် ချောင်သွားသလိုပါလား။

ကြာဖြူကို သူ ကော်ဖီဆိုင်ခေါ်ခဲ့၏၊ မျက်နှာချင်းဆိုင် ထိုင်မိရင်း နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသည်။

"ကိုကို ပိန်သွားတယ်"





"ကြာဖြူလဲ ပိန်သွားတယ်"

ထိုစကားကို နှစ်ယောက်သား ပြိုင်တူထွက်မိတာကြောင့် ပြုံးမိကြ၏။ နောက်တော့ သူ သက်ပြင်းကျိတ်ချကာ. .

"ကြာဖြူ. . နေကောင်းရဲ့လားကွယ်"

"ဟုတ်ကဲ့. . ကောင်းပါတယ် ကိုကို"

ထိုစကားပြောနေစဉ် ကြာဖြူက သူ့ကိုမကြည့်မိ၊

"ကိုကို. . ကြာဖြူကို တောင်းပန်ပါတယ်ကွယ်"

"ဘာကိုလဲဟင်"

မျက်လွှာလေးပင့်ကာ ကြာဖြူကြည့်၏၊ သူ ပင့်သက်ရှိုက်ကာ. .

"ဟိုတစ်နေ့က ကြာဖြူ. . ကိုကို့ကို စောင့်နေတယ်မဟုတ်လား"

"အို. . အဲ့ဒါ ကိုကို့ကိုပြောမလို့. . ကြာ. . ကြာဖြူ အဲ့ဒီနေ့က အမေနေမကောင်းလို့ မရောက်ခဲ့ပါဘူး ကိုကို"

သူ မယုံပေမဲ့ ဘာမှမပြောတော့ပါ။ ကိုယ်က အပြစ်ရှိထားသည်မဟုတ်လား။

"ကိုကို"

"ဟင်"

"မမပပ. . နေကောင်းလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ကြာဖြူသိတယ်"

သူမ မချိသလိုပြုံးကာ ခေါင်းညိတ်ကြ၏၊ သူ မျက်နှာ ပျက်သွားသည်။

"အဲဒီအတွက် ကြာဖြူ. . ကိုကို့ကို ခွင့်လွှတ်"

"ဟင့်အင်း. . မပြောပါနဲ့ ကိုကိုရယ်. . ကြာဖြူလေ ကိုတို့ကို အမြဲခွင့်လွှတ်ပြီးသားပါ"

"ဩော်. . ကလေးရယ်"

သည်လောက်စိတ်ထားပြည့်တဲ့ မိန်းကလေးမျိုးကို သူ ဘယ်လိုစွန့်ရက်နိုင်မှာလဲကွယ်။

"ကိုကို. . မမကို ဂရုစိုက်ပါနော်"

"ကြာဖြူ"

"အဟင်း. . ကိုကိုရယ်၊ တကယ်တော့ ကြာဖြူတို့က မဖြစ်နိုင်တာကို စိတ်ကူးယဉ်မိကြတာပါ. . "

"ကြာဖြူ. . မင်း. . "

"ဟုတ်တယ် ကိုကို၊ အစ်ကိုရဲတိုက်က ကြာဖြူကို လက်ထပ်ခွင့်တောင်းတာ လက်ခံလိုက်ပြီ. . အမေကလဲ သဘောတူတယ်လေ"

"ဟင်"

ရုတ်တရက် သူ့ရင်ထဲမှာ သူမကို နမြောသွားရ၏။





သေချာပြန်စဉ်းစားကြည့်တော့ ရဲတိုက်စိုးလို လူနှင့် လက်ထပ်မည်ဆိုလျှင် ကြာဖြူ့ဘဝလေး အေးချမ်းမှာပါ။

"ကျွန်မ. . အပြစ်မရှိပါဘူးနော် ကိုကို"

"မရှိပါဘူးကွယ်. . ကိုကိုသာ. . "

"ဟင့်အင်း. . ကိုကိုလဲ အပြစ်မရှိဘူး. . တကယ်တော့ အားလုံးဟာ တံစီမံရာအတိုင်းပဲ မဟုတ်လား"

ရင့်ကျက်တည်ငြိမ်စွာပြောလိုက်သော ကြာဖြူ့စကားကြောင့် သူ ခေါင်းငိုက်စိုက်ကျသွားရ၏။

✤✤



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကို ဘာကြောင့်လာရှာတာလဲ မင်းခိုင်. ."

ညနေဘက်မှာ သူ့တိုက်သို့ရောက်လာသော စောမင်းခိုင်ကို ရဲတိုက်စိုးမေးလိုက်၏။

စောမင်းခိုင်က တည်ကြည်သောမျက်နှာဖြင့် ရဲတိုက်စိုးကို ကြည့်သည်။

"ဆွေးနွေးစရာလေးရှိလို့ပါ"

"ကိစ္စက"

"မင်း. . ကြာဖြူနဲ့လက်ထပ်တော့မယ်ဆို ရဲတိုက်"

"ဟင်"

ရုတ်တရက် စောမင်းခိုင်အမေးကြောင့် သူ ဇာ့အားသင့်သွားရ၏။ ကြာဖြူကို လက်ထပ်ချင်တာကြာပါပြီ။ ဒါပေမဲ့ ကြာဖြူ ဘာမှအဖြေမပေးသေး။ သည်ကိစ္စ မင်းခိုင်သိသွားတာ ဘယ်သူ့ကြောင့်လဲ။





"မင်းတို့ ဘယ်သူပြောလဲ မင်းခိုင်"

"ကြာဖြူ"

"ဪ. . သူကိုယ်တိုင်တောင်ပြောမှတော့ ဒါဟာ ထပ်မေးစရာလိုသေးလား မင်းခိုင်"

ကြာဖြူက သူ့ကိုလက်ခံမယ့်အကြောင်း မပြန်သေးဘဲနှင့် မင်းခိုင်တ ဘာကိစ္စဖွင့်ပြောရတာလဲ။ သူ့ကို အသုံးချတယ်ဆိုရင် မင်းမှားမယ် ဖြူ။

"လိုတယ် ရဲတိုက်. . လိုတယ်၊ မင်း ကြာဖြူကို လက်ထပ်မယ်ဆိုတာ ကိုယ်နဲ့ချစ်ခဲ့ကြတာကို ခွင့်လွှတ်နိုင်လို့လား"

ရဲတိုက်စိုးမျက်နှာ ရုတ်တရက်နီသွားသည်၊ တကယ်ဆို သူ လက်ထပ်မယ့်ဖြူကို ရင်ဖိုတောင်မသန့်စေချင်ပါ။ ယခုတော့ ထိုမေးခွန်းဟာ သူ့အရှုံးကိုပြနေသလိုပါပဲလား။

"ဒါ. . မင်းကိစ္စမဟုတ်ပါဘူး မင်းခိုင်"

"ဘယ်လိုပြောလိုက်တာလဲ ရဲတိုက်. . မင်း ကြာဖြူကို တကယ်ခွင့်မလွှတ်နိုင်ဘဲနဲ့. ."

"တော်စမ်း မင်းခိုင်. . ဖြူဟာ အတိတ်မှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ငါ ဂရုမစိုက်ဘူး. . ငါ သိတာက ဖြူ့ကို ငါ သိပ်ချစ်တယ်. . ဒါကြောင့် ငါရအောင်ယူမယ်. . ဒါပဲ."

ထို့နောက် ရဲတိုက်ဒေါသတကြီး ကားမောင်းထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို လက်ထပ်မယ့်အကြောင်း ဖြူ သူ့ကိုအလျှင်အသိပေးသင့်တာပေါ့။

"ဖြူ"

"ဟင်. . အစ်ကို ရဲတိုက်"

သူမအိမ်မှာ အသင့်တွေ့ရတာကြောင့် ရဲတိုက် ပြုံးလိုက်မိ၏။

"ဘယ်သူမှ မရှိဘူးလား ဖြူ"

"ဟုတ်တယ်အစ်ကို. . အမေ ဟိုဘက်အိမ်က နေမကောင်းလို့ သွားမေးတယ်"

"အဟင်း. . ဒါဆို ဖြူတစ်ယောက်တည်းပေါ့"

"အို. . ဘာ. . ဘာလုပ်တာလဲအစ်ကို"

ရဲတိုက်စိုးက သူမ လက်လေးကို ဆုပ်ကိုင်လိုက်တာကြောင့် မျက်နှာလေး ရဲခနဲဖြစ်သွားသည်။

"ဘာဖြစ်တာလဲ ဖြူ. . ကိုယ်ဟာ ဖြူ လက်ထပ်မယ့် ခင်ပွန်းလောင်းပဲ. . ဒီလောက်တော့ အခွင့်ရှိသင့်တယ်မဟုတ်လား"

"အို. . ကျွန်မ"

"ဒီမှာဖြူ. . မင်း ကိုယ့်ကို လက်ထပ်ပါ့မယ်လို့ ဘယ်သူ့ကို အသိပေးခဲ့လဲ. ."





"ရှင်"

"အဟွန်း. . ကိုယ်ဟာ မင်းထည့်တွက်စရာလူမဟုတ်ဘူး

လို့ ယူဆနေသလား ဖြူ. .

"မရဘူး. . ဖြူ. . မင်းကိုယ်တိုင်က ကိုယ့်ကို လက်ထပ်ပါ

မယ်လို့ သူများကိုတောင် ပြောခဲ့ပြီးမှတော့ ကိုယ် နောက်မဆုတ်

နိုင်တော့ဘူး. ."

"အို"

ရုတ်တရက် ရဲတိုက်က သူမကိုယ်လေးကို ဖက်တာ နမ်း

လိုက်၏။

"ဖြူ. . မင်းကို ကိုယ်သိပ်ချစ်တယ် သိရဲ့လား"

"လွှတ်ပါ အစ်ကို"

"ဘာ အစ်ကိုလဲ. . မင်း ခုချိန်ကစပြီး ကိုယ့်ကို မောင်လို့

ခေါ်ပါ. . အဲ့ဒီ အစ်ကိုဆိုတာကို အသံတောင်မကြားချင်ဘူး"

ရဲတိုက်စိုးက ဒေါသတကြီးနှင့်အော်လေ၏။ ကြာဖြူ

ရှိုက်ငိုလိုက်သည်။ ကြာဖြူငိုတာမြင်တော့ သူ ဒေါသတွေပြေသွား

၏။

"တိတ်. . မငိုနဲ့ကွာ. . မင်း. . မင်းမျက်ရည်တွေကို ကြည့်

မခံနိုင်ဘူးကွ"

မျက်ရည်များကြားမှ ကြာဖြူ မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ခွင့်လွှတ်ပါ. . ကျွန်မ. . ရှင် စိတ်ဆိုးအောင် ပြောခဲ့မိ. ."

"ဘာ. . ကိုယ်က အဲ့ဒီစကားကို စိတ်ဆိုးတာမဟုတ်ဘူး ဖြူ. . တကယ်ဆို အဲ့ဒီအကြောင်း ကိုယ့်ကို အရင်အသိပေးသင့်တယ်မဟုတ်လား"

"ကျွန်မ. . ကျွန်မ"

ထိုစဉ် ဦးဝင်းအောင် ရောက်လာသည်။

"ဪ. . သူဌေးလေးရောက်နေတာကိုး. . အဟဲ. . သူဌေးလေး ကြာဖြူကို လက်ထပ်မှာဖြင့် အမြန်စီစဉ်ဗျ. .

"ဟိုလူကြီးက ကြာဖြူလက်ထပ်မယ်ဆိုတာ မယုံဘဲဖြစ်နေတယ်. . တကယ်လို့ ကြာဖြူ. . သူဌေးလေးနဲ့ လက်မထပ်ဖြစ်ရင် သူ ရအောင်ယူဖို့ ကြံစည်နေတယ်. ."

"အို"

ရဲတိုက်စိုးမှာ ထိုစကားကြောင့် ဒေါသထွက်သွား၏။

"ဒီမှာ. . ကြာဖြူနဲ့ ကျုပ် အမြန်ဆုံး လက်ထပ်ဖို့ စီစဉ်နေတယ်. . ဖြူကို ဘယ်သူမှ လက်ဖျားနဲ့ထိဖို့ မစဉ်းစားနဲ့. . ထိရင် ကျုပ်နဲ့ အတွေ့ပဲ"

"ဟဲ ဟဲ. . စိတ်ချပါ သူဌေးလေးရယ်. . ကျွန်တော် ကြာဖြူကို အတတ်နိုင်ဆုံး ကာကွယ်ပေးမှာပါ"





"ဒီမှာ ရော့. . ခင်ဗျားသုံးဖို့ငွေ"

"အို. . ကိုရဲတိုက် မပေးနဲ့"

ရဲတိုက်ပေးသော ငွေများကို ဦးဝင်းအောင် အမြွတ်ခဲ့စွာ လှမ်းယူ၏။

"ကြာဖြူ. . နင်က ငါ့သမီးပါဟာ. . ဘာကြောင့် ဝင်ထားနေရတာလဲ. . ဟဲ ဟဲ. . သဘောကောင်းတဲ့ သူဌေးလေးနဲ့ရတာ နင် ကံကောင်းတယ်ဟ"

ထို့နောက် ဦးဝင်းအောင်ထွက်သွားလေ၏။

"ဘာဖြစ်လို့ သူ့ကို ငွေတွေပေးလိုက်ရတာလဲ"

"အဲ့ဒီငွေထက် ကြာဖြူက ပို အရေးကြီးတယ်. . ထဲ. . ကိုယ်ပြန်မယ်. . စီစဉ်စရာရှိတာ စီစဉ်မယ်. ."

သူပြန်သွားတော့ ကြာဖြူ ငိုကာ ကျန်ခဲ့၏။ စီစဉ်မယ်တဲ့၊ ဘာကိုပြောတာပါလိမ့်။ သူမ သက်ပြင်းတစ်ချက်သာ ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ အိမ်ပြောင်းရမယ် သမီး"

"ဟင်"

အထုပ်အပိုးများ ပြင်ဆင်ထားသော အမေ့ကိုကြည့်ကာ သူမ အံ့အားသင့်သွား၏။

"ဘယ်ကိုပြောင်းမှာလဲ အမေ"

"မောင်ရဲတိုက်ဝယ်ပေးတဲ့ တိုက်ခန်းကိုလေ"

"အို. . သူ ဘယ်တုန်းက ဝယ်ပေးလိုက်တာလဲ"

"ဩော်. . သူနဲ့သမီးလက်ထပ်ဖို့တောင် အမေနဲ့ တိုင်ပင်ပြီး အားလုံး စီစဉ်ပြီးပြီ. ."

"ရှင်"

"ဟုတ်တယ်. . အခုဝယ်ပေးတဲ့ တိုက်ခန်းကလဲ အမေနေဖို့တဲ့. . လက်ထပ်ပြီးရင် သမီးကို သူခေါ်သွားမှာပဲ"

"အို. . အမေ ဘာ. . ဘာတွေပြောနေတာလဲ. . သမီးနဲ့ သူ 'လက်ထပ်ဖို့ဆိုတာ. ."





"ဘာကြောင့်နဲ့မှ သမီး မငြင်းနဲ့တော့. . တကယ်လို့ သမီး မောင်ရဲတိုက်ကို လက်မထပ်ဘူးဆိုရင် ကိုဝင်းအောင်သဘော တဲ့ ဟိုလူကြီးနဲ့"

"အို. . မပြောပါနဲ့တော့ အမေ"

"အေး. . ဒါဆို မောင်ရဲတိုက်လို လူကောင်းလေးကို သမီး လက်ခံဖို့ အမေတိုက်တွန်းတယ်ကွယ်"

"အဟင့်. . ဟင့်. . အမေရယ်"

"ဩော်. . ဒေါက်တာစောမင်းခိုင်နဲ့ ပပတို့လဲ လက်ထ တော့မယ့်အကြောင်း အမေ့ကို ပပ မာမီလာပြောသွားတယ်"

"ဩော်"

သူမ နေရာမှာတင် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သွား၏ သူမ ရင်ထဲမှာ ခံစားချက်တို့ လွင့်ပြယ်တုန်သလိုပါပဲ။

ကံကြမ္မာ၏ လှည့်စားချက်က အံ့ဩစရာကောင်းလှ သည်။ ကိုကိုနှင့် ပပတို့၏ လက်ထပ်သောရက်နှင့် သူမနှင့် တို တိုက်၏ လက်ထပ်သောရက်မှာ တစ်ရက်တည်း။

"တိုယ်က ဖြူ စိတ်ချမ်းသာအောင်လို့သာ ရုံးမှာ လ မှတ်ထိုးပြီး အိမ်မှာ ဆွမ်းကျွေးတာကို သဘောတူရတယ်. ."

"တကယ်ဆို ကိုယ့်အနေနဲ့ မင်္ဂလာပွဲကို ဖြူ့အတွက် စ စည်ကားကားကျင်းပပေးချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် သတိုးသမီးဝတ်စုံလေးနှင့် နူညက်မှုန်နေအောင်လှသော သူမကို မြတ်နိုးစွာဖြင့် စိုက်ကြည့်ကာ ရဲတိုက်ပြော၏။

"ရပါတယ် မောင်. . ဒီလောက်ဆိုရင်ပဲ ဖြူ ကျေနပ်ပါပြီ"

ကြာဖြူ၏ 'မောင်' ဟုခေါ်သံက ရဲတိုက်ရင်ကို ကြည်နူးမှုဖြစ်စေ၏။

သူမလက်လေးကို တင်းတင်းဆုပ်ကိုင်ကာ. .

"ဖြူ့ကို မောင် သိပ်ချစ်တာပဲ. ." ဟု တိုးတိတ်စွာပြောမိ၏။

သည်အချိန်ဆို ကိုကိုနှင့် ပပတို့က မြရိပ်ညိုဟိုတယ်မှာ စည်ကားသိုက်မြိုက်စွာ မင်္ဂလာပွဲကျင်းပနေမှာပါ။

ဒေါက်တာစောမင်းခိုင်မှာ ဘေးမှာ အရုပ်လေးလို လှပစွာရှိနေသော ပပကို လက်တွဲလျက် ပရိသတ်တွေကို ဧည့်ခံနေပေမဲ့ စိတ်ထဲက မပါလှပေ။

ကြာဖြူ. .

မင်းလေးလည်း ဒီအချိန်. . ရဲတိုက်နဲ့ လက်ထပ်ပြီးလောက်ပြီ။

ကြာဖြူအကြောင်းတွေးတော့ သူ့ရင်မှာ တဆစ်ဆစ်နာကျင်ရ၏။





ကြာဖြူရယ်. . ကိုကိုတို့ ဘယ်ဘဝ ဝဋ်ကြွေးကြောင့် ဒီလိုခံစားရကြတာပါလိမ့်ကွယ်။

ကိုကိုနဲ့ ကြာဖြူ ဘယ်လောက်ဝေးနေပါစေ. . ကိုကို့ရင်ထဲမှာတော့ ကြာဖြူဟာ တစ်သက်လုံးရှိနေမှာပါ ကလေးရယ်။

❋❋



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်း၏ အရုဏ်ဦးအောက်မှာ ဒေါက်တာစောမင်းခိုင်တစ်ယောက် ခရေပင်ကြီးဆီသို့ တစ်ယောက်တည်း လျှောက်လာခဲ့သည်။

ထိုအခါ သူ့ရင်ထဲ လွှမ်းခဲ့သော အတိတ်များကို တစိမ့်စိမ့်ပြန်လည် အမှတ်ရမိ၏။

ခရေပင်ကြီးအောက်ရောက်ချိန်မှာတော့ သူ. . ကြာဖြူကို ပြင်းထန်စွာ သတိရမိသည်။

မြေမှာ တစ်ပွင့်စီ ပြန့်ကျဲနေသော ခရေပန်းလေးတွေကို သူ ဒူးထောက်ကာ လိုက်ကောက်မိသည်။

ထိုစဉ်. . သူ့ရှေ့သို့ ဖြူနုသော ခြေဖဝါးလေးတစ်စုံ ရပ်လာ၏။

သူ ဖြည်းညှင်းစွာ မော့ကြည့်လိုက်တော့. .

"ကြာ. . ဖြူ. . "





ဆံပင်ရှည်များ လွင့်ပြန့်လျက် အဖြူရောင် ယုန်မွေးဆွယ်တာလေးဖြင့် ကြာဖြူက သူ့ကို ရီဝေစွာကြည့်နေ၏။

"ကို. . ကို. . "

သူ. . ကြာဖြူနှင့် မျက်နှာချင်းဆိုင်ကာ ထရပ်လိုက်သည်။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အတန်ကြာစိုက်ကြည့်မိ၏။

နောက်မှ သူ့အသံထွက်ပေါ်လာသည်။

"ရဲတိုက်ကော. . ကြာဖြူ"

"သူ. . အိပ်နေတယ်"

"ဪ"

ပပလည်း အိပ်ပျော်ကျန်ခဲ့တာပဲ။ ယခုတော့ သူနဲ့ကြာဖြူဟာ တကယ့်ကို အဝေးဆုံးမှာ။

"အဟွန်း. . ကိုကိုလေ ဒီမနက်တော့ ဒီ ခရေပင်ကြီးအောက် လာချင်တာနဲ့ အစောကြီးထလာတာ"

ကြာဖြူ ခေါင်းငုံ့လိုက်သည်။

"ကြာဖြူလဲ ဒီလိုပါပဲ ကိုကိုရယ်"

စိတ်ချင်း တိုက်ဆိုင်လှပါလားတွယ်။

"ကြာဖြူ"

"ရှင်. . ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . ပျော်ရဲ့လား ကလေးရယ်"

"ကိုကိုကော"

ရုတ်တရက် သူတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်မှု လွှမ်းသွား၏။ ထိုစဉ် ရဲတိုက်စိုးကားနှင့် ရောက်လာသည်။

"ကြည့်စမ်း. . ထင်တဲ့အတိုင်းပဲ. . ဖြူက ဒီရောက်နေတာကိုး. ."

ကားပေါ်မှ ဆင်းလာရင်း ရဲတိုက်စိုးပြော၏။ ထို့နောက် စောမင်းခိုင်ကို ကြည့်ကာ. .

"မင်းလဲ ရောက်နေတာကိုး"

"ဟုတ်တယ်. . ကိုယ် လမ်းလျှောက်ရင်း ရောက်လာတာ"

"အင်း. . ဒီအချိန်ဆို ပပ ကတော့ မင်း ပျောက်လို့ လိုက်ရှာနေမှာပဲ. ."

"ဖြူက သိပ်ဆိုးတာပဲကွာ. . ဒီကိုသွားချင်တယ်ဆိုရင် မောင့်ကို စောစောက ပြောရောပေါ့. ."

သူမ ပခုံးလေးကို ပွေ့ဖက်ကာ ရဲတိုက်ပြော၏။ ကြာဖြူ မျက်လွှာ ချလိုက်ရင်း. .

"မောင် အိပ်ရေးပျက်မှာ စိုးလို့ပါ"

"အပွန်း. . အဲ့ဒါသာကြည့် မင်းခိုင်. . ဖြူက ကိုယ့် ယောကျ်ားကိုတောင် အားနာနေတာ. ."





"တဲ. . သွားစို့ ဖြူ. . လေယာဉ်အချိန်နီးပြီ. ."

"ဪ. . မင်းခိုင်၊ နှုတ်ဆက်ခဲ့ပါတယ်. . ဒီနေ့ပဲ ကိုယ်နဲ့ဖြူ. . နိုင်ငံခြားကို ဟန်းနီးမွန်းထွက်မယ်. ."

"မရောက်ဖူးတဲ့အရပ်ဆိုတော့ ဖြူ ပျော်အောင်လို့လေ. ."

"ဪ"

ကြာဖြူတာ ကိုကို့ကို နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် ရိုဝေစွာမော့ကြည့်၏။

"ကြာဖြူ. . သွားတော့မယ် ကိုကို"

သူ ဘာမှမပြောနိုင်ဘဲ ခေါင်းသာ ညိတ်ပြလိုက်၏။

သူ ကြည့်နေစဉ်မှာပင် ကြာဖြူတာ ရဲတိုက်စိုးဖွင့်ပေးသော တံခါးမှ ကားထဲဝင်သွားသည်။

ကြာဖြူတို့ကားလေးထွက်သွားချိန်မှာတော့ သူ့မျက်ဝန်းထဲမှာ အရည်ကြည်တို့ ရစ်ဝဲနေပြီ။

သူ. . အံကို တင်းတင်းကြိတ်ကာ ခရေပင်အောက်ကြည့်လိုက်တော့ ဆယ်နှစ်အရွယ်ကလေးမလေးတစ်ယောက် ခရေပန်းကောက်နေပုံကိုသာ မြင်ယောင်နေမိတော့၏။

နှလုံးစိတ်ပမ်းငြိမ်းချမ်းပါစေ

ဆုအဥ္မလိ



www.burmeseclassic.com